ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့ (16-11-2014) (၈၀၂၆)

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

# ဖွံ့ဖြိုးတိုးတက်ရေးကို ပို့ဆောင်နိုင်သော ပညာရေးစနစ်ဖြစ်ပေါ်ရေး တစ်မျိုးသားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

(၉၄)နှစ်မြောက်အမျိုးသားနေ့ဖြစ်သည့် ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက် (၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်) ယနေ့ အချိန်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမိဘပြည်သူတစ်ရပ်လုံး ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံ၍ မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ယနေ့သည် မြန်မာနိုင်ငံအမျိုးသားပညာရေးသမိုင်းတွင် အမျိုးသားရေးစိတ်ဓာတ်ကို ဖော်ကျူးပြသနိုင်ခဲ့သည့် အမျိုးသားနေ့၏(၉၄)နှစ်မြောက် အခါသမယ ဖြစ်ပါသည်။ ထို့အတူ မြန်မာ့ပညာရေးသမိုင်းတွင် မှတ်တမ်းတွင်ရစ်မည့် မြန်မာတစ်မျိုးသားလုံး၏ ပညာရေးအရည်အသွေးကို မြှင့်တင်နိုင်ရန် ပြည်သူ့ဆန္ဒအခြေပြု လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခွင့်ရှိသည့် ပထမဦးဆုံးသော အမျိုးသားပညာရေးဥပဒေကို အောင်မြင်စွာ ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်သော နှစ်ထူးနှစ်မြတ်အခါသမယလည်းဖြစ်ပါသည်။

**အမျိုးသားပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ဖြစ်ရာ ပညာရေးမြှင့်တင်ရေးသည် နိုင်ငံတော်အစိုးရ၏ ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးတွင် အထူးအလေးပေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်ပေသည်။**

ယနေ့နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လုပ်ငန်းနယ်ပယ်အလိုက် အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တတိယအဆင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သောအခါသမယလည်းဖြစ်ပါသည်။

နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးအပိုင်း(၁) ဆွေးနွေးပွဲသို့ တက်ရောက်

ဘရစ္စဘိန်း နိုဝင်ဘာ ၁၅

**ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ဘရစ္စဘိန်းကွန်ဗင်းရှင်းစင်တာ(BCEC)၌ ဂျီ- ၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံ/အစိုးရအဖွဲ့အကြီးအကဲများအား ကြိုဆိုခြင်းအခမ်းအနားကို ကျင်းပသည်။**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး အပိုင်း(၁) ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာတိုနီအဲ့ဘော့တ်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးအပိုင်း(၁)၊ "ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုအား မြှင့်တင်ပေးခြင်း" ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အာဆီယံ၏ စည်းလုံးညီညွတ်မှုသည် ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း သိသာစွာတိုးတက်လာခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် အာဆီယံ အလှည့်ကျဉက္ကဋ္ဌ ရာထူးတာဝန်ထမ်းဆောင်ချိန်တွင် ရှေ့သို့တူညီ တက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီဦးတည်ချက်ကို သတ်မှတ်ခဲ့ကြောင်း။

အာဆီယံဒေသ၏ တိုးတက်မှုနှုန်းသည် နှစ်စဉ်ပျမ်းမျှ ၅ ရာခိုင်နှုန်းထက် ကျော်လွန်ခဲ့ကြောင်း၊ လူဦးရေ

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**

HYUNDAI NEW THINKING. NEW POSSIBILITIES.
3 YEAR WARRANTY 100,000 KM
Hyundai Car Showroomကိုလာလည်ရင်း အမှတ်တရလက်ဆောင်ပစ္စည်းများကိုရယူနိုင်ပါပြီ...
EON EASY RIDING
• Epsilon 0.8 MPi engine (Gasoline)
• 5-speed (M/T)
137 Lakh
သက်သာသော ဆီစားနှုန်း - 20.8 km/L (Combined)


1.9 Lakh
Hire Purchase Program
36 Months / 50% Down Payment
Auto Lease Program
Down Payment ပေးရန်မလိုဘဲ EON Brand New ကားများကို တစ်လလျှင် (၄)သိန်း (၁)သောင်းကျပ်ဖြင့် နှစ်အလိုက်ငှားရမ်းနိုင်ပါသည်။
...Hot Line : 09 2500 100 10
Hyundai Motor Myanmar
Yangon : No. 2/6, 2 Quarter, Corner of Insein Road & Thamine Station Road, Mayangone Township, Yangon, Myanmar.
Mandalay : No.10, 40th Street, Between 78th & 79th Street, Maha Aung Myay Township, Mandalay, Myanmar.
Showroom : +95 (1) 653271~2/ 654881~4
Office : +95 (2) 36797

## ၂၀၁၄ ခုနှစ် (၉၄)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။

အတွေးအမြင်

**ကြေးမုံ စာတည်း ရှုထောင့်** **၁၆-၁၁-၂၀၁၄၊ တနင်္ဂနွေနေ့**

## ထာဝစဉ်အဓွန့်ရှည်မည့် အမျိုးသားရေးစိတ်ဓာတ်

ယနေ့သည် (၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၆ရက်)တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ဖြစ်သည်။ ထိုတန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သို့ရောက်လေတိုင်း မြန်မာနိုင်ငံအမျိုးသားပညာရေးသမိုင်းတွင် အမျိုးသားရေးစိတ်ဓာတ်ကို ဖော်ကျူးပြသနိုင်ခဲ့သည့် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို ကျင်းပကြပေရာ ယခုနှစ်ဆိုလျှင် (၉၄)နှစ်တိုင်ခဲ့ပြီဖြစ်သည်။

တစ်နည်းဆိုရလျှင် ကျွန်ပညာရေးစနစ်မှ အမျိုးသားပညာရေးစနစ်သို့ မြန်မာတစ်မျိုးသားလုံးက ဖော်ထုတ်နိုင်ခဲ့သဖြင့် ထိုနေ့ကို နှစ်စဉ်နှစ်တိုင်း နေ့ထူးနေ့မြတ်အဖြစ်သတ်မှတ်ကာ နှစ်စဉ်နှစ်တိုင်း အမျိုးသားအောင်ပွဲနေ့အဖြစ် ကျင်းပခဲ့ကြခြင်းဖြစ်ပေသည်။

တိုင်းရင်းသားလူငယ်များအား အသိအမြင်မပွင့်စေသည့် ကျွန်ပညာရေးစနစ်ကိုရိုက်ချိုးပြီး အမျိုးသားရေးစိတ်ဓာတ် နိုးကြားထက်သန်စေမည့် ပညာရေးစနစ်ပေါ်ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်ချက်သည် သူ့ကျွန်ဘဝမှ မြန်မာနိုင်ငံလွတ်မြောက်စေမည့် ရှေးဦးမျိုးစေ့ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကျူးကျော်သူနယ်ချဲ့တို့နှင့် စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ ကျွန်ဘဝသို့ရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝတွင် နယ်ချဲ့တို့က ကျွန်သက်ရှည်စေရန် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်များကို ချိုးနှိမ်ထားသည့်၊ ဖျောက်ဖျက်ထားသည့် ကျွန်ပညာရေးစနစ်ကိုသာ အသက်သွင်းခဲ့သည်။ ယင်းကို အမျိုးသားရေးစိတ်ဓာတ်ထက်သန်သော မြန်မာမျိုးချစ်များက လှုံ့ဆော်တိုက်ဖျက်ခဲ့ကြသည်။

မျိုးချစ်လူငယ်များက မြန်မာပြည်သည် တို့ပြည်၊ မြန်မာစကားသည် တို့စကား၊ မြန်မာစာသည် တို့စာ၊ မြန်မာစာကို မြတ်နိုးပါ၊ မြန်မာစကားကို တန်ဖိုးထားပါ၊ မြန်မာပြည်ကို ချစ်ပါ စသည်ဖြင့် မြန်မာတစ်မျိုးသားလုံး မျိုးချစ်စိတ်ဓာတ်ထက်သန်အောင် တပ်လှန့်နှိုးဆော်ခဲ့ကြသည်။

ထိုတပ်လှန့်နှိုးဆော်သံများမှ အစပြု၍ မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ်များ ထက်သန်လာခဲ့ကြသည်။ ထိုအမျိုးသားနေ့မှတစ်ဆင့် သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် မြန်မာမျိုးချစ်လူငယ်များ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် မြန်မာပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြရာ လုံးဝလွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ရသည်။

လွတ်လပ်ရေး ရရှိပြီးနောက်တွင်လည်း မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်များသည် ညှိုးမှိန်သွားခဲ့ခြင်းမရှိချေ။ ယနေ့ထက်တိုင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်နေကြဆဲဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဘာသာ၊ မိမိယဉ်ကျေးမှုတို့ကို ချစ်ခင်မြတ်နိုးကြသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတော်ဖြစ်သည်။ အေးအတူပူအမျှ အတူလက်တွဲနေထိုင်လာခဲ့ကြသည်မှာ သမိုင်းကြောင်း ရှည်လျားခဲ့ပြီဖြစ်သည်။ ဤမြေမှာနေ၊ ဤရေကိုသောက်၍ အမိနိုင်ငံတော်နှင့် လူမျိုးကို ချစ်ခင်မြတ်နိုးကြသူများဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်ထက်သန်ခဲ့သည့် သမိုင်းကြောင်းအစဉ်အလာကောင်းမွန်ခဲ့သော မြန်မာနိုင်ငံသားများသည် ရှေးမြန်မာမျိုးချစ်များ အမျိုးသားနေ့တွင် မျိုးစေ့ချခဲ့သော အမျိုးသားရေးစိတ်ဓာတ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းဆက်ခံကြရမည်။

မြန်မာနိုင်ငံသားတိုင်း မြန်မာနိုင်ငံကို ချစ်ကြရပါမည်။ မြန်မာတို့၏ ကောင်းမြတ်သော အစဉ်အလာ၊ ယဉ်ကျေးသော ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။ ကျွန်စိတ်ပျောက်၍ သခင်စိတ်ပေါက်သည့် စိတ်ဓာတ်များမွေးမြူကြရပါမည်။ ဤသည်ပင် မြန်မာတို့၏အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များပင် ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့ကျရောက်သည့် (၉၄)နှစ်မြောက် အမျိုးသားနေ့မှသည် နောင်နှစ်ပေါင်းထောင်ချီတိုင် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားသော၊ အမျိုးသားရေးစိတ်ဓာတ်ထက်သန်သော နိုင်ငံ့သားကောင်းများဖြစ်အောင် ဆက်လက်ကြိုးပမ်းအားထုတ်ကြရပါမည်။ ။

## တောင်ငူ-ပဲခူး ၅၀၀ ကေဗွီဓာတ်အားလိုင်းစီမံကိန်းဆောင်ရွက်ရန် အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးငွေသဘောတူစာချုပ်လက်မှတ်ရေးထိုး

**ရန်ကုန် နိုဝင်ဘာ ၁၅**

တောင်ငူ-ပဲခူး ကေဗွီဓာတ်အားလိုင်းစီမံကိန်း ဆောင်ရွက်ရန် EDCF ချေးငွေအမေရိကန်ဒေါ်လာသန်းတစ်ရာအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ EXAM BANK တို့ချေးငွေသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို နိုဝင်ဘာ ၇ ရက်က ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကိုရီးယားသမ္မတနိုင်ငံအစိုးရတို့အကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေ (EDCF)ချေးငွေပေးအပ်ရေးဆိုင်ရာ သဘောတူညီချက်ကို ၂၀၁၄ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ယင်းသဘောတူညီချက်အရ စီမံကိန်းတစ်ခုဖြစ်သော ၅၀၀ကေဗွီ တောင်ငူ-ပဲခူး ဓာတ်အားလိုင်းစီမံကိန်း ဆောင်ရွက်ရန် EDCF ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ အတွက် ချေးငွေသဘောတူစာချုပ်ကို နိုဝင်ဘာ ၇ ရက်က ချုပ်ဆိုခြင်းဖြစ်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ယခုကဲ့သို့ စီမံကိန်းများဆောင်ရွက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားပမာဏအမြောက်အမြား သယ်ဆောင်ပို့လွှတ်နိုင်ပြီး ဗို့အားကျဆင်းမှုနှင့်ဓာတ်အားမကြာခဏ ပြတ်တောက်မှုလျော့နည်းစေကြောင်း၊ နိုင်ငံတော်၏အချက်အချာကျသည့် ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား ပိုမိုပို့လွှတ်လာနိုင်သဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကောင်းစွာအထောက်အကူပြုနိုင်ပြီး အာဆီယံ-မဟာမဲခေါင်စသည့် ဒေသတွင်းနိုင်ငံများအချင်းချင်း ဆက်သွယ်ရန် သဘောတူဆောင်ရွက်လျက်ရှိသော ဓာတ်အားကွန်ရက်စနစ်၏အစိတ်အပိုင်းအဖြစ် တည်ဆောက်ထားနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ EXAM BANK ဥက္ကဋ္ဌက "ယခုဆောင်ရွက်မယ့် EDCF မဟာဓာတ်အားလိုင်းစီမံကိန်းကနေတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးရဲ့ ကာလကြာရှည်စွာ ဖြစ်ပေါ်နေတဲ့ လျှပ်စစ်ဓာတ်အားလိုအပ်မှုအခြေအနေကို ဖြေရှင်းပေးနိုင်မှာဖြစ်တဲ့အတွက် လုပ်ငန်းများရဲ့ ကုန်ထုတ်စွမ်းအားတိုးမြင့်လာကာ လူနေမှုဘဝမြင့်တင်ရေးကိုလည်း အထောက်အကူပြုစေမှာဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် လက်ရှိသွယ်တန်းထားသည့် ကေဗွီ ၂၃၀ ဓာတ်အားလိုင်းများအစား ၅၀၀ ကေဗွီ ဓာတ်အားလိုင်းသည် Single Circuit တွင် ၂၀၀၀ မဂ္ဂါဝပ်ပို့လွှတ်နိုင်ပြီး Double Circuit မှာ ၄၀၀၀ မဂ္ဂါဝပ်အထိ အမြောက်အမြားခရီးဝေးသယ်ပို့နိုင်သည့်အတွက် နိုင်ငံတကာတွင် အသုံးပြုနေသော ၅၀၀ ကေဗွီဓာတ်အားလိုင်းစနစ်အတိုင်း တည်ဆောက်ရခြင်းဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။


ကိုရီးယားသမ္မတနိုင်ငံ EXAM BANK အနေဖြင့် ၁၉၉၂ ခုနှစ်မှစတင်ပြီး ၂၀၁၄ ခုနှစ်အထိ မြန်မာနိုင်ငံ၏ လျှပ်စစ်၊ ဆက်သွယ်ရေး၊ မီးရထား၊ ဆိပ်ကမ်းကုန်လှောင်ရုံစသောအခြေခံအဆောက်အအုံများ တည်ဆောက်ရေးကဏ္ဍ ရှစ်ခုတွင် EDCF ချေးငွေဖြင့် အမေရိကန်ဒေါ်လာသန်း ၂၄၀ အားကူညီခဲ့ပြီး ကိုရီးယား-မြန်မာနှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်းသိရသည်။ **(သီသီမင်း)**

## မြန်မာနိုင်ငံလယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်း အစုရှယ်ယာပေါင်း၁၅သိန်းခန့် ရောင်းချနိုင်ခဲ့

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံလယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်းMAPCO (Myanmar Agribusiness Public Corporation) ၏အစုရှယ်ယာပေါင်း ၁၅ သိန်းခန့် ရောင်းချနိုင်ခဲ့ကြောင်း အဆိုပါ "MAPCO" မှသတင်းရရှိသည်။

မြန်မာနိုင်ငံလယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်းအနေဖြင့် ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အစုရှယ်ယာတစ်ခုလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့်ရောင်းချပေးခဲ့ရာ ရှယ်ယာဈေးနှုန်းမြင့်တက်ခြင်းရှိ၊မရှိတွက်ချက်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် အစုရှယ်ယာရောင်းချမှုကို ယာယီရပ်ဆိုင်းခဲ့ပြီး ပြည်ပကုမ္ပဏီတစ်ခုဖြစ်သည့် PWC (Price Water Cooper) ၏တွက်ချက်မှုဖြင့် အစုရှယ်ယာတစ်ခုလျှင် ရှစ်ရာခိုင်နှုန်းတန်ဖိုးမြင့်တက်လာခဲ့ကြောင်း သိရသည်။ယင်းကြောင့်၂၀၁၄ခုနှစ် နှစ်ဆန်းပိုင်းတွင် အစုရှယ်ယာများ ပြန်လည်ရောင်းချပေးခဲ့ရာတွင် လက်ရှိအချိန်အထိ အစုရှယ်ယာပေါင်း ၆၀၀၀၀ခန့်ရောင်းချပြီးဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံလယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်းအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်းကာဆန်စပါးစက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ပြည်ပနိုင်ငံများသို့နှစ်စဉ်ဆန်တင်ပို့မှုများ ပြုလုပ်ခြင်း၊လယ်ယာသုံးစက်ကိရိယာများအပြင် ခေတ်မီဆန်စက်ပစ္စည်းများ၊ ပေါင်းဆန်စက်များကို လယ်သမားများနှင့်ဆန်ကုန်သည်လုပ်ငန်းရှင်များထံသို့ အရစ်ကျစနစ်ဖြင့်ရောင်းချပေးခြင်းများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(၀၀၁)**






## ပြည်တွင်းရေးရာ

**○ ရှေ့ဖုံးမှ**

သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး ဘက်စုံအတွေးအခေါ် မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေးနှင့် ခေတ်စနစ်၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို လမ်းညွှန်ပို့ဆောင်နိုင်သော ပညာရေးစနစ်ဖြစ်ပေါ်ရေးသည် တစ်မျိုးသားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပေသည်။

အမျိုးသားပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ဖြစ်ရာ ပညာရေးမြှင့်တင်ရေးသည် နိုင်ငံတော်အစိုးရ၏ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးတွင် အထူးအလေးပေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်ပေသည်။ နိုင်ငံတော်၏ နိုင်ငံရေးတည်ငြိမ်မှု၊ အေးချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများစားဝတ်နေရေးဖူလုံမှု၊ ယဉ်ကျေးမှု အမွေအနှစ်နှင့် အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်မှုတို့သည် ပညာရေးမှ လေ့ကျင့်သင်ကြားပေးလိုက်သည့် မျိုးချစ်စိတ်ဓာတ်ကို အခြေခံသော အသိပညာ၊ အတတ်ပညာများမှ ရရှိနိုင်မည်ဖြစ်သည်။

ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ လူ့အခွင့်အရေးကို တန်ဖိုးထားလိုက်နာတတ်သည့် လူငယ်လူရွယ်များကို မွေးထုတ်ပေးနိုင်ရန် ဦးတည်လျက် ပညာရေးအရည်အသွေးနှင့် အဆင့်အတန်း ပိုမိုမြင့်မားလာစေရေးအတွက် အခြေခံပညာနှင့် အဆင့်မြင့်ပညာတို့တွင် သင်ကြားရေး၊ သင်ယူရေးတို့ကို မြန်မာ့အစဉ်အလာနှင့် ကိုက်ညီသည့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများရေးဆွဲကာ သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပေသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိစေရန် အခမဲ့မသင်မနေရ ပညာရေးစနစ်ကိုလည်း အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ရှေးဦးအရွယ် ကလေးသူငယ်ပညာရေးမှစ၍ နည်းပညာနှင့် သက်မွေးပညာရေးအပါအဝင် အဆင့်မြင့်ပညာရေးအဆင့်အထိ ပညာအရည်အသွေးမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ပါးရေးလုပ်ငန်းများကို စီမံကိန်းချ၍ ဦးစားပေးဆောင်ရွက်လျက်ရှိပေသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အထူးပညာရေးအစီအစဉ်နှင့် လူတိုင်းအကျုံးဝင် ပညာရေးအစီအစဉ်များ ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံသားတစ်ဦးတစ်ယောက်မျှမကျန် ပညာသင်ယူခွင့် ရရှိရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပေသည်။

တက္ကသိုလ်များတွင် လွတ်လပ်၍ တက်ကြွသောပညာရပ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းရေးကို အထူးအလေးပေးဆောင်ရွက်ခြင်း၊ ဘွဲ့တစ်ခုရရုံဖြင့်မပြီးစေဘဲ စည်းကမ်းရှိ၍ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသော၊ အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် စွမ်းရည်ပြည့်ဝသောလူငယ်များအဖြစ် ပေါ်ထွန်းလာစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဒေသတစ်ခုချင်းစီ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပဓာနကျသည်ဖြစ်ရာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဒေသတွင်းအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ဒေသခံပြည်သူများ၏ အင်အားနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးသည် လွန်စွာ အရေးကြီးပေသည်။ ဒေသအလိုက် ထွက်ရှိနေသော၊ ဒေသအလိုက် တည်ရှိနေသော သဘာဝသယံဇာတနှင့် အရင်းအမြစ်များကို ရှာဖွေစူးစမ်းသုတေသနပြုခြင်း၊ အနာဂတ်တွင် ထုတ်ယူအသုံးပြုနိုင်အောင် ကြိုတင်စီစဉ်ခြင်း၊ ဒေသတွင်းရှိ တက္ကသိုလ်များ၏ ပညာအရင်းအမြစ်များကို ထိထိရောက်ရောက် ဆက်စပ်အသုံးပြုနိုင်အောင် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပေသည်။

ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် လွတ်လပ်ရေးရပြီးကတည်းက မကြုံဖူးသေးသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မျက်ဝါးထင်ထင်တွေ့မြင်ခံစားနေကြရပြီဖြစ်သည်။ အလားတူ အခက်အခဲ၊ အတားအဆီးများ၊ စိန်ခေါ်မှုများကိုလည်း တွေ့ကြုံရင်ဆိုင်ခဲ့ရပြီး ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် အောင်မြင်စွာဖြေရှင်းကျော်လွှားနိုင်ခဲ့သည်ကိုလည်း တွေ့မြင်ကြရပြီးဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် အာဆီယံထိပ်သီးအစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် အဆင့်မီကျင်းပနိုင်ခြင်း၊ အာဆီယံဥက္ကဋ္ဌအဖြစ် ဒေသတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို ဦးဆောင်နိုင်ခြင်းများသည် နိုင်ငံတကာစင်မြင့်တွင် အောင်မြင်မှုများရရှိနေသည့် ထင်ရှားသောဂုဏ်ယူဖွယ်သာဓကတစ်ခုပင် ဖြစ်ပေသည်။

အောင်မြင်မှုရလဒ်များကို အမိအရဆုပ်ကိုင်ပြီး ရှေ့ဆက်ရမည့် ဒီမိုကရေစီခရီးတွင် ကြုံတွေ့ရမည့်အခက်အခဲများ၊ စိန်ခေါ်မှုများကို တိုင်းရင်းသားပြည်သူ ညီရင်းအစ်ကို မောင်ရင်းနှမတစ်ရပ်လုံး၏ စည်းလုံးညီညွတ်သောအင်အားဖြင့် အောင်မြင်စွာရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ယနေ့ကျရောက်သည့် (၉၄)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များဖြစ်ကြသည့်

(၁) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
(၂) အမျိုးသားပညာရည်မြင့်မားရေး၊
(၃) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
(၄) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး ဦးတည်ချက်တို့ကို တစ်မျိုးသားလုံးက ခိုင်မာသောသန္နိဋ္ဌာန်၊ တက်ကြွသောအားမာန်၊ စည်းလုံးညီညွတ်သောအင်အားဖြင့် ဒီမိုကရေစီပန်းတိုင်သို့ အရောက်လှမ်းကြပါရန် ဤနေ့ထူး၊ နေ့မြတ်အခါသမယတွင် အလေးအနက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျီ -၂၀ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့သို့ ရောက်ရှိ

**ဘရစ္စဘိန်း နိုဝင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နိုဝင်ဘာ ၁၄ ရက် ဒေသစံတော်ချိန် ည ၈ နာရီတွင် ရောက်ရှိကြသည်။

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတအား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူးကြီး ဗိုလ်မှူးချုပ်ကိုကိုနိုင်နှင့် မြန်မာသံရုံးမှတာဝန်ရှိသူများ၊ စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

### ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုဝင်ဘာ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ဘရစ္စဘိန်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်၏ကိုယ်စား အဘောရီဂျင်နှင့် တိုရေးကျွန်းလူမျိုးရေးရာဝန်ကြီးဌာနနှင့် ဝန်ကြီးချုပ်လက်ထောက် The Hon. Greg Elmes MP၊ အားကစားနှင့် ကျန်းမာရေးရာဝန်ကြီး The Hon. PETER DUTTON နှင့် တာဝန်ရှိသူများ၊ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိန်းနှင့် သံရုံးမှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် NOVOTEL HOTEL သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

**(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။** (သတင်းစဉ်)



# ဂမ်ဘာအိုဆာကာအသင်း၏ ဘောလုံးသင်တန်းစတင်

အာရှဘောလုံးအင်အားကြီး ဂျပန်နိုင်ငံမှ J-League ကလပ် ဂမ်ဘာအိုဆာကာအသင်းမှ နည်းပြအဖွဲ့ဝင်များ သင်ကြားပို့ချမည့် ဘောလုံးသင်တန်းကို ယနေ့မှစ၍ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေးနှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကာ Panasonic က အဆိုပါ သင်တန်းဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီခြင်းဖြစ်သည်။ ဂမ်ဘာအိုဆာကာအသင်းမှ နည်းပြအဖွဲ့ဝင် သုံးဦးသည် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းမှစ၍ ဘောလုံးအခြေခံနည်းစနစ်များ သင်ကြားပေးလျက်ရှိပြီး ယင်းသင်တန်းသည် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် သင်တန်းလည်းဖြစ်သည်။ ယခုသင်တန်းကို လူငယ်ဘောလုံးသမား ၁၀၀ နှင့် နည်းပြဆရာ ၅၀ တို့ တက်ရောက်လျက်ရှိသည်။

ဂမ်ဘာအိုဆာကာအသင်းသည် ဂျေလိဂ်၏ ထိပ်သီးအသင်းတစ်သင်းဖြစ်ပြီး နာမည်ကျော် ဘောလုံးသမားများ လာရောက်ကစားဖူးသည့် အသင်းတစ်သင်းဖြစ်သည်။ ဂမ်ဘာအိုဆာကာအသင်းမှ နည်းပြအဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် သင်ကြားပေးသွားမည်ဖြစ်သည်။

**(သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်)**

**အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး**


## ပြည်တွင်းရေးရာ




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် မစ္စတာ တိုနီအဲဘော့တ်က ခင်မင်ရင်းနှီးစွာကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် ခေါင်းဆောင်များ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ရန် ရောက်ရှိလာစဉ်။ (သတင်းစဉ်)

### ‘မေခရိုစီးပွားရေးဖွံ့ဖြိုးမှုကိုကြိုးပမ်းရာမှာ အာဆီယံ နှင့် ဂျီ-၂၀ တို့ တူညီသည့် ရည်မှန်းချက်ကို ရှေးရှုသွားနေ’

**❖ နိုင်ငံတော်သမ္မတမှ**

၆၀၉ သန်းရှိသည့် ဈေးကွက်ကြီးဖြစ်နေပြီး စုစုပေါင်း ထုတ်ကုန်တန်ဖိုး ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိကြောင်း၊ လာမည့်နှစ်များတွင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်ခြင်းဖြင့် ဒေသတွင်းကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ငွေကြေးများ လွတ်လပ်စွာစီးဆင်းစေနိုင်မည်ဖြစ်ပြီး ကျွမ်းကျင်လုပ်သားများလည်း လွတ်လပ်စွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားချိန်ကာလတွင် အာဆီယံစီးပွားရေးမဏ္ဍိုင်အနေဖြင့် ဦးစားပေး ကဏ္ဍ သုံးရပ်ဆောင်ရွက်ရာတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ ပါဝင်ကြောင်း၊ မေခရိုစီးပွားရေးဖွံ့ဖြိုးမှုကိုကြိုးပမ်းရာမှာ အာဆီယံနှင့် ဂျီ-၂၀ တို့ တူညီသည့် ရည်မှန်းချက်ကို ရှေးရှုသွားနေကြောင်း။

ထို့ကြောင့် အာဆီယံအနေဖြင့် ဘရစ္စဘိန်း စီမံချက် လုပ်ငန်းစဉ်ကို ကြိုဆိုကြောင်း၊ ယခု နှစ် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ပုဒ်ဖြစ်သည့် Strong, Sustainable and Balanced Growth သည် နိုင်ငံများအကြား ဆင်းရဲချမ်းသာကွာဟမှုနှင့် မညီမျှမှုတို့ကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အာဆီယံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံများ အတွင်း ဖွံ့ဖြိုးမှု၏အသီးအပွင့်ကို မျှတစွာခံစားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည့်အတွက် အာဆီယံဒေသတွင်း လူငယ်စွန့်ဦးတီထွင်သူများ ပေါ်ပေါက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂျီ-၂၀ ထိပ်သီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဘရစ္စဘိန်း ကွန်ဗင်းရှင်းစင်တာ(BCEC) မှ Gallery of Modern Art သို့ ရောက်ရှိပြီး ဂျီ-၂၀ ထိပ်သီးအစည်းအဝေး ညှိနှိုင်းခံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ဂျီ-၂၀ ထိပ်သီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခေါင်းဆောင်များ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး ယဉ်ကျေးမှုဖျော်ဖြေပွဲသို့ ဆက်လက်တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**



ဂျီ-၂၀ ထိပ်သီးအစည်းအဝေး အပိုင်း(၁) ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုအား မြှင့်တင်ပေးခြင်း ဆွေးနွေးပွဲ ကျင်းပစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

## ချမ်းအေးသာစံမြို့နယ် အနောက်ထီးလင်းတိုက် ရတနာပုံ သုံးထပ်ကျောင်းဆောင်ဆောက်လုပ်ရန် ပန္နက်တင်

**နေပြည်တော် နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အနောက်ထီးလင်းတိုက် ရတနာပုံကျောင်းဝင်းအတွင်း တည်ဆောက်မည့် သုံးထပ်ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က သတ်မှတ်နေရာတွင် ပန္နက်တင်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့်ဇနီးတို့က သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ နှင့် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

## ပူတာအိုရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားများ စီမံချက်ဖြင့် နေ့ချင်းပြီး ပြုလုပ်ပေး

**ပူတာအို နိုဝင်ဘာ ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မိုးပွင့်အဆင့်(၇)စီမံချက်အရ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား အသက်(၁၀) နှစ်ပြည့်နှင့် အသက်(၁၈)နှစ်ပြည့်မီသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်က ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းနှင့် ဒသမတန်းကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၈ ဦးအား ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအယ်လ်ယော်ထုန်နှင့် လက်ထောက်လဝကမှူးများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးနေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့၊ ခရိုင်လဝက လက်ထောက်ညွှန်ကြားရေးမှူး၊ အထက-ပူတာအို ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဆင့်နှင့် မြို့နယ်လဝကဦးစီးမှူးတို့က ဝိုင်းဝန်းကြီးကြပ်၍ နေ့ချင်းပြီး ဆောင်ရွက်ပေးကာ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ဦးချင်းစီ ပေးအပ်ခဲ့သည်။

အလားတူ မိုးပွင့်အဆင့်(၇)စီမံချက်အရ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အနေဖြင့် ပူတာအိုမြို့နယ်အတွင်း ကျန်ရှိသည့် အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ မြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအုပ်စု ၁၄ အုပ်စုသို့ စီမံချက်ကာလအတွင်း ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လဝကဦးစီးမှူးထံမှ သိရသည်။

**ဖုန်ကန်(Iprd)**

✿ **အကယ်ဒမီမှ**

လုပ်ကာ တာဝန်ယူပေမယ့် ရွှေစင်ရုပ်တုတွေကိုတော့ နိုင်ငံတော်ကပဲ ပံ့ပိုးပေးတာပါ။ အရင်နှစ်တွေက Sponsor တွေနဲ့ပဲလုပ်တော့ ငွေကြေးအခက်အခဲတော့မရှိဘူး။ ဒါပေမယ့် မနှစ်က လုပ်သွားတုန်းကဆိုရင် Sponsor နဲ့ပဲလုပ်တော့ နောက် Sponsor သာရသွားတယ်။ တို့ရုပ်ရှင်အစည်းအရုံးက ထင်သလောက်မရလိုက်ဘူးပေါ့။ တွက်ချက်ကြည့်တဲ့အခါ ကိုယ့်ဘာသာကိုယ်လုပ်တာပိုကောင်းမယ်ပေါ့။ ကိုယ့်စိတ်ကြိုက်လည်းလုပ်လို့ရမယ်ဆိုပြီး ဒီနှစ်မှာတော့လုပ်ဖြစ်သွားတာ။ ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေလည်းမထိခိုက်အောင်လုပ်ထုံးလုပ်နည်းအတိုင်းပဲ ဆက်လုပ်သွားမှာပါ။”

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းက “မနှစ်ကအထိတော့ နိုင်ငံတော်အစိုးရတစ်ဝက်၊ အစ်ကိုတို့က တစ်ဝက်ပါ။ ဒီနှစ်တော့ အစ်ကိုတို့ရုပ်ရှင်အစည်းအရုံးကနေပြီး ကိုယ်တိုင်ပွဲပြုလုပ်ချင်တယ်လို့ တင်ပြခဲ့တယ်။ နိုင်ငံတော်က ခွင့်ပြုပေးခဲ့တယ်။ နိုင်ငံတော်သမ္မတကြီးထိကို ဖိတ်ထားပါတယ်။ ပွဲကို Myanmar Event Park မှာ ကျင်းပဖို့သေချာပါတယ်။ Event Park ဆိုတဲ့အတိုင်း ကိုယ်လုပ်ချင်တဲ့ Event ကို ကိုယ့်စိတ်ကြိုက် ဖန်တီးတင်ဆက်ခွင့်ရှိတဲ့ နေရာလို့ ယုံကြည်တယ်။ အဓိကကတော့ နှစ်စဉ်နှစ်တိုင်းမှာ အစ်ကိုတို့ လောကသားတွေကို နေရာအခက်အခဲကြောင့် ဖိတ်သင့်ဖိတ်ထိုက်တဲ့ အရေအတွက် တစ်နှစ်မှမဖိတ်ခဲ့ရဘူး။ တချို့နာမည်ကြီးတွေကြတော့လည်း လင်စုံမယားဖက်ရှိနေပါလျက်နဲ့ ဖိတ်စာတစ်စောင်ပဲရတယ်။ နှစ်ယောက်စလုံးကို မဖိတ်နိုင်ဘူး။ ဒါကြောင့် ဒီနှစ်မှာတော့ အားလုံးလည်း တက်ရောက်နိုင်အောင် စိတ်တိုင်းလည်းကျမယ့် ကျယ်ဝန်းတဲ့ နေရာကို ရွေးလိုက်တာပါ။ ကားလမ်းကြောပိတ်တဲ့နေရာဖြစ်တော့ အကောင်းဆုံးဖြစ် အောင် လုပ်ဆောင်သွားမှာပါ။ ခုံနဲ့ နေရာအခက်အခဲကြောင့်ပရိသတ်ကို လက်မှတ်မရောင်းချနိုင် ပေမယ့် LED များနဲ့ နေရာအနှံ့ပြသနိုင်အောင် စီစဉ်ထားပါတယ်။ ကိုယ်တိုင်လာကြည့်ချင်တဲ့ပရိသတ်တွေကို အစ်ကိုအနေနဲ့ တောင်းပန်ပါတယ်လို့ ပြောပါရစေ။”



**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးနှင်းမိုး**



**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်း**



**ရွေးချယ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဦးရန်အောင်**

တစ်ခေတ်ဆန်းလာသည့် အကယ်ဒမီကို အမြင်ဆန်းစေမည့် ရွှေကြိုများကို အမျိုးသမီးသာမက အမျိုးသားကိုပါ ခေါ်ယူထားခြင်းနှင့် ပတ်သက်၍ ရွေးချယ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဦးရန်အောင်က “နှစ်စဉ် ကျင်းပတဲ့ အကယ်ဒမီပေးပွဲတွေမှာ



ဇန်းကိုင်တွေက မိန်းကလေးတွေသာ ဖြစ်တယ်။ ဒီနှစ်ကျတော့ ဇန်းကိုင်ဆိုတဲ့ အသုံးအနှုန်းမထည့်ချင်တော့လို့ ရွှေကြိုလို့သုံးနှုန်းလိုက်တာပါ။ ဇန်းကြီးကိုင်ပြီး ကတ်ကြေးနဲ့ဖိတ်စာမဟုတ်တော့ဘဲနဲ့ အကယ်ဒမီရွှေစင်ရုပ်တုကို ကြိုဆိုမယ့်သဘောပေါ့။ ရွှေကြိုတွေအဖြစ် မိန်းကလေးက ရွှေစင်ရုပ်တုကိုကိုင်မယ်။ ယောကျ်ားလေးက ချိတ်ပိတ်ထားတဲ့ဖိတ်စာကို ခွာပြီး ပေးရင် ကောင်းမယ်လို့ဆိုတော့ စာနယ်ဇင်းက လူကြီးတွေကလည်း သဘောတူတယ်။ ရွေးချယ်ခံရတဲ့မိန်းကလေးတွေက နောက်ပိုင်း အနုပညာပေါ်မှာ စလျှောက်တဲ့ခြေလှမ်းအတွက် တက်လမ်းလေးတစ်ခု ရသွားတယ်။ ဒီတော့ ယောကျ်ားလေးတွေလည်း မိန်းကလေးနည်းတူ အနုပညာလျှောက်လှမ်းပေါ် ရောက်ဖို့ အခွင့်အရေးရသွားမယ်။ နိုဝင်ဘာ ၂၉ ရက်မှာ ပဏာမရွေးချယ်ပြီး ဒီဇင်ဘာ ၆၊ ၇ ရက်မှာ အပြီးသတ်ရွေးမယ်။ စင်ပေါ်မှာတော့ မျက်နှာသစ် မိန်းကလေးငါးယောက်၊ ယောကျ်ားလေးငါးယောက်၊ စင်အောက်မှာတော့ လက်ရှိအနုပညာလုပ်နေတဲ့ တက်သစ်စမင်းသားငါးယောက်၊ မင်းသမီးငါးယောက်ပေါ့၊ အစမ်းလေ့ကျင့်မှုကို ဒီဇင်ဘာ ၁၈ ရက်ကနေ ၂၄ ရက်ထိပြုလုပ်မယ်။ ဒါတွေ အားလုံးကို အစ်ကိုတို့ ဘုတ်အဖွဲ့ဝင် ၁၁ ယောက်လုံး ဆုံးဖြတ်သဘောတူပြီးဆိုမှ လုပ်ခဲ့ကြတာပါ”ဟု ပြောပြသည်။

မြန်မာ့ရုပ်ရှင်ကို ကွယ်လွန်သွားပြီဖြစ်သည့် ဆရာကြီးဦးအုန်းမောင်က ၁၉၂၀ ခုနှစ် ဩဂုတ်လထဲမှာ မြန်မာကိုယ်စားလှယ်တော်ကြီး ဦးထွန်းရှိန်နဲ့ ဈာပနသတင်းကားတိုလေးကို အင်္ဂလိပ်ကောင်းဘွိုင်ကားနဲ့တွဲပြီး ယခု ဗိုလ်ချုပ်အောင်ဆန်းဈေးကြီး မဆောက်ခင်က ရှိခဲ့သည့် ပဲရစ်ရုပ်ရှင်ရုံမှာစပြခဲ့ပြီး မြန်မာ့ရုပ်ရှင်လောက စခဲ့ပါသည်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ၁၉၅၂ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ထိ နှစ်ပေါင်း ၆၁ နှစ်အတွင်း (၅၇) ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။

ယခုနှစ်အတွက် အကယ်ဒမီတန်းဝင် ဆန်ခါတင်ခြောက်ကားမှာ ကြယ်စင်မော်ကွန်း၊ စေတန်ရဲ့ကချေသည်၊ နင်စေရင်၊ အဖြူရောင်ရဲတိုက်၊ ကိုယ့်အထာနှင့်ကိုယ်၊ စုန်းပြူးဇာတ်ကား တို့ဖြစ်သည်။

**(ခင်ဇာလီ)**

# အမျိုးသားပညာရေးနှင့် အမျိုးသားနေ့

**ယုဝတီခင်ဦး**

## ၂၀၁၄ ခုနှစ် (၉၄)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- အမျိုးသားပညာရည်မြင့်မားရေး၊
- နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

တူမလေးနွယ်နီက အမျိုးသားနေ့ရောက်ပြီဖြစ်၍ အမျိုးသားပညာရေးနှင့် အမျိုးသားနေ့မည်သို့ဖြစ်ပေါ်လာပုံကို လာရောက်မေးမြန်းပါသည်။

ကျွန်မက "မြန်မာနိုင်ငံကို နယ်ချဲ့တို့က သုံးကြိမ်သုံးခါစစ်ခင်းခဲ့ကြတယ်။ ပထမအကြိမ် (၁၈၂၄-၂၆) ခုနှစ်မှာ မြန်မာတို့က တနင်္သာရီနဲ့ရခိုင်ကို ဆုံးရှုံးခဲ့ရတယ်။ ဒုတိယအကြိမ်(၁၈၅၂-၅၃)ခုနှစ်မှာ အောက်မြန်မာပြည်ကို ပေးခဲ့ရတယ်။ (၁၈၈၅)ခုနှစ် တတိယအကြိမ်မှာတော့ ကျန်ရှိနေတဲ့ အထက်မြန်မာနိုင်ငံအပါအဝင် တစ်နိုင်ငံလုံးက ဗြိတိသျှလက်အောက်ကို ကျခဲ့ရတယ်။ နယ်ချဲ့စနစ်အောက်မှာ မြန်မာတိုင်းရင်းသား အားလုံးနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး အားလုံးကို ဖိနှိပ်ချုပ်ချယ်မှု အမျိုးမျိုးခံခဲ့ကြရတယ်လေ. . . . နွယ်နီ။

အဲဒီအာဏာပိုင်တွေက မြန်မာ့ပညာရေးကို ဆယ်နှစ်ကျော်ထိ ဘာမှမလုပ်ပေးကြဘူး။ ၁၈၆၇ ခုနှစ်ရောက်မှ ပညာရေးဌာနကို ဖွင့်လှစ်ပေးခဲ့တယ်။ ဒါပေမယ့် ကံကောင်းထောက်မလို့ ရှေးကတည်းက ဘုန်းတော်ကြီးကျောင်းတွေရဲ့ အခြေခံပညာရေး ရရှိထားလို့သာ မြန်မာ့မြေပေါ်မှာ ပညာရေး လုံးဝကွယ်ပျောက်မသွားတာပေါ့ နွယ်နီရဲ့. . . . . ."

"သူတို့က ကျောင်းတွေဖွင့်မပေးတော့ဘူးလား ကြီးကြီးမေ. . ." "ဖွင့်ပေးပါတယ်။ ဝတ်ကျေတမ်းကျေပေါ့။ အလယ်တန်း၊ အထက်တန်းရောက်တဲ့အခါ ဗုဒ္ဓဘာသာ သင်ခန်းစာတွေကို မသင်ကြရတော့ဘူး။ ဒါကြောင့် မြန်မာကျောင်းသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုကို အထောက်အကူပြုတဲ့ မင်္ဂလသုတ်၊ လောကနီတိစတဲ့ စာကောင်းပေကောင်းတွေနဲ့ ကင်းကွာခဲ့ရတယ်။

နယ်ချဲ့တို့က အထက်မြန်မာနိုင်ငံကိုသိမ်းပိုက်လိုက်တော့ မြန်မာ့စက်မှုလက်မှုပညာတွေ တိမ်ကောပပျောက်ခဲ့ရတယ်။ မင်းတုန်းမင်းလက်ထက်ကတည်းက မြန်မာ့ကြေးနန်းရိုက် နည်းပညာရပ်တွေလည်း လုံးဝပျောက်ကွယ်ခဲ့ရတယ်။ ရှိပြီးသား မဲနယ်စက်၊ ဝါဂွမ်းစက်၊ သံရည်ကျိုစက်၊ ဖန်ချက်စက်၊ လက်နက်လုပ်စက်ဆိုတာတွေလည်း လုံးဝပျောက်ကွယ်သွားခဲ့ရတယ်။ သူတို့က ရန်ကုန်ကောလိပ်ကို တည်ထောင်ပေးပေမယ့် နှစ်အတော်ကြာတာတောင် အသက်မွေးဝမ်းကျောင်းသင်တန်းနဲ့ သိပ္ပံသင်တန်းတွေဖွင့်မပေးခဲ့ဘူး၊ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တား တက္ကသိုလ်ကပြုသမျှနုရတဲ့ ရန်ကုန်ကောလိပ်က တက္ကသိုလ်အဆင့်ကို မရောက်ဘဲ ကောလိပ်ဘဝနဲ့နှစ်ပေါင်း အကြာကြီးနေခဲ့ရတယ်။"

တူမလေးနွယ်နီက ခေါင်းတငြိမ့်ငြိမ့်ဖြင့် "ဒါဖြင့် ကြီးကြီးမေ. . . ဒီကိုလိုနီပညာရေးစနစ်ကြောင့် မြန်မာတွေ အဘက်ဘက်က နစ်နာဆုံးရှုံးမှုတွေဖြစ်ခဲ့ရတာပေါ့နော်" "ဟုတ်တယ်နွယ်နီရေ အဲဒါကြောင့် မျိုးချစ်မြန်မာ့တိုင်းရင်းသားအချို့ဟာ ၁၉ ရာစုကုန်ခါနီးမှာ ပေါ်ထွက်လာကြတယ်။ ၂၀ ရာစုအဝင်မှာ မြန်မာ့တိုင်းရင်းသား လူငယ်များ ပေါ်ထွက်လာပြီးတော့ မြန်မာ့ပြည်သူလူထုရဲ့ မျက်စိကိုဖွင့်ပေးခဲ့ကြတယ်လေ။"

"ဒါကြောင့် ကြီးကြီးမေရေ မြန်မာတိုင်းရင်းသားတို့ရဲ့ မီးခဲပြာဖုံးဇာတိမာန်တွေနဲ့ ရှေ့သို့ချီတက်ပြီး အားသစ်လောင်းခဲ့တာပေါ့နော် ကြီးကြီးမေ" တစ်ဖန် တူမလေးက "ကြီးကြီးမေလည်း အာခြောက်လာပြီ။ ရော့ရေနွေးကြမ်းလေး သောက်လိုက်ပါဦးနော်"ဟု ရေနွေးကြမ်းခွက်ကလေး ရှေ့တိုးပေးပါသည်။ "မြန်မာနိုင်ငံကတော့ ကောလိပ်ကနေ တက္ကသိုလ်ထိ ရှိစေချင်တာပေါ့၊ ဒါပေမယ့် ဗြိတိသျှတို့က တည်ထောင်ပေးမယ့် တက္ကသိုလ်မျိုးကိုမလိုလားကြဘူး၊ ဒါကြောင့် ကန့်ကွက်ခဲ့ကြတယ်။ ကျောင်းသားတွေရဲ့ လိုလားချက်တွေကို ပြတ်ပြတ်သားသား ပြင်းပြင်းထန်ထန် တောင်းဆိုခဲ့ကြတယ်။ ဒါပေမယ့် သူတို့ကမလိုက်လျောခဲ့ကြဘူး။"

"သြော်. . ဒါကြောင့် ကြီးကြီးမေရေ. . . ရန်ကုန်ကောလိပ်ကျောင်းသားကြီးတွေက မြန်မာအမျိုးသားတို့ အစီအစဉ်နဲ့ အမျိုးသားကျောင်းတွေဖွင့်ဖို့ အမျိုးသားတက္ကသိုလ်တည်ထောင်ဖို့ စိတ်အားထက်သန်ခဲ့ကြတာပေါ့နော်။"

"ဟုတ်တယ်. . . သမီးနွယ်နီ၊ ရန်ကုန်ကောလိပ်ကျောင်းသားကြီး ၁၁ ဦးတို့ကခေါင်းဆောင်ပြီး ရွှေတိဂုံကုန်းတော်၊ စနေထောင့်မှာ တက္ကသိုလ်ကျောင်းကို ကန့်ကွက်ဖို့ စည်းဝေးတိုင်ပင်ကြတယ်။ အဲဒီနောက်ပိုင်းမှာ တိုက်ပွဲဆင်နွှဲကြတဲ့အခါ မြို့အသီးသီးတို့က မြို့သူမြို့သားများ၊ ပြည်သူပြည်သားမိဘများအနေနဲ့ ကျောင်းသားကျောင်းသူများရဲ့အကြောင်းပြချက်ကတော့ ယူနီဗာစတီဥပဒေများက အမျိုးသားအပေါင်းတို့ကို သခင်ဖြစ်ဖို့ပညာမျိုးမဟုတ်ဘဲ ကျွန်ဖြစ်ဖို့ပညာတွေပေးတာလို့ ယုံကြည်တယ်။ အမျိုးသားကျောင်းများဖွင့်လှစ်ဖို့လည်း အားကြိုးမာန်တက်ဆောင်ရွက်ကြပါမယ်လို့ မိဘများကို ပန်ကြားပါတယ်။ အဲဒါကြောင့် အရေးတော်ပုံကနေ တစ်မျိုးသားလုံးအရေး ဖြစ်ပွားတာပေါ့။ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို ဗြိတိသျှကိုလိုနီပညာရေးစနစ်ကို ကန့်ကွက်ခဲ့တဲ့ အထိမ်းအမှတ်အနေနဲ့ နှစ်စဉ်နှစ်တိုင်း အမျိုးသားနေ့ကို မြို့တိုင်းရွာတိုင်း လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တစ်ခဲနက်တက်ကြွစွာ ဆင်ယင်ကျင်းပခဲ့ကြလို့ အခုလို အမျိုးသားနေ့ဆိုပြီး ဖြစ်ပေါ်လာတာပဲ သမီးရေ. . ."

နွယ်နီသည် စားပွဲခုံပေါ်မေးကလေးထောက်၍ စိတ်ပါဝင်စားစွာနားထောင်ရာက လက်သီးကလေးဆုပ်ကာ မြှောက်ပြီး "အမျိုးသားနေ့. . တို့နေ့. . . အမျိုးသားနေ့. . . တို့နေ့"ဟု အားမာန်အပြည့်ဖြင့် တက်ကြွစွာရွတ်ဆိုကာ ဂုဏ်ပြုနေပါသည်။ ကြီးကြီးမေကလည်း ဝမ်းသာစွာအားရပါးရ လက်ခုပ်တီးပြီး မြန်မာအမျိုးသမီး တစ်ဦးအနေဖြင့် ဂုဏ်ယူ၍ "အမျိုးသားနေ့"ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

> **အလယ်တန်း၊ အထက်တန်းရောက်တဲ့အခါ ဗုဒ္ဓဘာသာသင်ခန်းစာတွေကို မသင်ကြရတော့ဘူး။ ဒါကြောင့် မြန်မာကျောင်းသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုကို အထောက်အကူပြုတဲ့ မင်္ဂလသုတ်၊ လောကနီတိစတဲ့ စာကောင်းပေကောင်းတွေနဲ့ ကင်းကွာ ခဲ့ရတယ်။**

## ✻ ချယ်ရီမှ

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ဂျပန်သံအမတ်ကြီးအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ခြင်းနှင့် JICA မှ တာဝန်ရှိသူထံသို့ အမှတ်တရလက်ဆောင်ပေးအပ်သည်။ JICA မှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးထံ ကူးတို့ရေယာဉ်သုံးစင်းနှင့် ဒလဘက်ခြမ်းရှိ ခရီးသည်နားနေဆောင်ဆိုင်ရာ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးထံနှစ်လမ်းသွားဆိပ်ခံတံတားနှစ်စင်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

နန်းသီတာဆိပ်ခံတံတားပေါ်တွင် ချယ်ရီကူးတို့ရေယာဉ်သစ်သုံးစင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဂျပန်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာပက်ဖျန်းကြသည်။

ဒလဘက်ခြမ်းသို့ ချယ်ရီ(၁) ရေယာဉ်သစ်ကြီးဖြင့်ကူးကာ JICA Myanmar Officer က အမှာစကားပြောကြားပြီး ခရီးသည်နားနေဆောင်နှင့် ဆိပ်ခံတံတားနှစ်စင်းတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ခရီးသည်နားနေဆောင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ချယ်ရီရေယာဉ်သစ်ကြီးဖြင့် ရန်ကုန်ဘက်ကမ်းသို့ ပြန်လည်ထွက်ခွာခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက သန့်ရှင်းသပ်ရပ်လှပသည့် ကူးတို့ရေယာဉ်ကြီးပေါ်တွင် ဈေးသည်များ တစ်ဦးမှ ရောင်းချခွင့်ပြုမည်မဟုတ်ကြောင်း၊ ဈေးသည်ကြောင့် အမှိုက်များဖြင့်ညစ်ပတ်သည့်အတွက် ယခုကဲ့သို့ရောင်းချခွင့်ကို လက်မှတ်ဝယ်ကတည်းက ခွင့်ပြုမည်မဟုတ်ကြောင်း၊ သင်္ဘောအပေါ်ထပ်တွင် လူစီးအခမဲ့ထိုင်ခုံများထားရှိမှာဖြစ်ကြောင်း၊ အကယ်၍လိုအပ်ပါက ပလတ်စတစ်ထိုင်ခုံငယ်များကို အခမဲ့ထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၆၊ ၁၇၊ ၁၈ ရက်များတွင်လည်း သင်္ဘောသစ်ကြီးများရောက်ရှိသည့် အထိမ်းအမှတ်အဖြစ် အခမဲ့စီးနင်းခွင့်ပြုမည်ဖြစ်ကြောင်း၊ ဒလဘက်ကမ်းတွင် ဆိပ်ခံဖောတံတား နှစ်စင်းရှိသော်လည်း ရန်ကုန်ဘက်ကမ်းကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ယူ၍ မကြာမီတည်ဆောက်တော့မည်ဖြစ်ကြောင်း၊ ယာဉ်စီးခနှုန်းထားမှာ လူတစ်ဦးလျှင် တစ်ခေါက်ကို မူလနှုန်းထားအတိုင်းသာ ကျပ်တစ်ရာ ကောက်ခံမည်ဖြစ်ကြောင်း၊ မူလရှိခဲ့သည့် တပင်ရွှေထီး၊ အနော်ရထာ၊ ကျန်စစ်သား၊ ထီးလှိုင်ရှင် ကူးတို့နှစ်ထပ်ရေယာဉ်များလည်း ဒလ-ရန်ကုန်အတွက်သာဖြစ်၍ ဒလဘက်ကမ်းတွင် ဖယ်ရီလိုင်းများ တိုးချဲ့ပြေးဆွဲမည်ဖြစ်သော်လည်း ချက်ချင်းဆောင်ရွက်ရန်မဖြစ်နိုင်သေးကြောင်း၊ ရေယာဉ်အိုကြီးများနှင့် ချယ်ရီရေယာဉ်သစ်တွင်လည်း ရေယာဉ်သစ်များက ဆီစားပိုကြောင်း၊ မြန်နှုန်းမြင့်ရေယာဉ် ၃၇ စင်းကိုလည်း လိုအပ်ချက်ရှိသော ရေယာဉ်လိုင်းများတွင် အစားထိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်- ဒလကူးတို့ရေယာဉ်လိုင်းများတွင်လည်း သောက်သုံးရေအခက်အခဲမရှိစေရန် ဆောင်ရွက်ပေးထားပါကြောင်းကိုလည်း ပြောပြသည်။

ဆက်လက်၍ ကူးတို့ရေယာဉ်လိုင်းတွင် ခရီးသည်များ၏ တောင်းဆိုချက်အရ စားသောက်ဆိုင်များ ထည့်သွင်းရန်လိုအပ်ပါက တင်ဒါစနစ်ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း ယခင်က အဆိုပါ ရေယာဉ်များတွင် တာဝန် ထမ်းဆောင်နေသော ရေယာဉ်ဝန်ထမ်းများက ဈေးဆိုင်များရောင်းချနေသည်ကို မြင်ခဲ့ရ၍ ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးနိုင်ပါမလားဟုမေးရာ တင်ဒါစနစ်အတိုင်းသာ ဆောင်ရွက်သွားမည်ဟု ပြောပြသည်။

အဆိုပါ ယာဉ်လိုင်းသည် တစ်နေ့လျှင် ၄၆ ခေါက်ပြေးဆွဲပြီး ခရီးသည်သုံးသောင်းကျော်ဝန်းကျင်ခန့် စီးနင်းလျက်ရှိသည်။

သင်၏ရှုံးပိုင်းဆိုင်ရာလုပ်ငန်းများကို ထိရောက်လွယ်ကူစွာ စီမံခန့်ခွဲလိုပါသလား?
Microsoft Excel Specialist 2013 Training
Version 2 (2014 Edition)
Excel Specialist 2013 V2 ၏ ထူးခြားချက်များ -
Database တစ်ခုကို လွယ်ကူလျင်မြန်စွာတည်ဆောက်နိုင်ရုံမက ထိရောက်မှုရှိစေရန် ၂၀၁၁ မှစ၍ လေ့လာခဲ့သည့်အတွေ့အကြုံများဖြင့်ပေါင်းစပ်ကာ Powerful Technique များကို ဖြည့်စွက်ထားပါသည်။
မည်သည့်လုပ်ငန်းတွင်မဆို ထိရောက်စွာ အသုံးပြုနိုင်ရန်နှင့် အလုပ်ရှုပ်ခြင်း ၊ အချိန်ကုန်ခြင်း၊ လူပင်ပန်းခြင်းမှ သက်သာကင်းဝေးနိုင်စေရန် အတွက် ရည်ရွယ်၍ထုတ်လုပ်ထားပါသည်။
Opening Date : 6th December, 2014
လူဦးရေကန့်သတ်ထားပါ၍ မိမိတို့၏နေရာများ သေချာမှုစေရန် အမြန်ဆုံးဆက်သွယ်ပါ။
Global Link computer training school
09 430 68415, 09 430 64760
No. 46, Ground flr, Myaynigone Zay Street, SCG.

တစ်နှစ်ထက်တစ်နှစ် အကောင်းဆုံးဖြစ်အောင် ဝန်ဆောင်မှုပေးနေသည်မှာ 7Stars ရဲ့အစဉ်အလာ
7stars( ရာထူးဝင်သင်တန်းကြီး )
ပို့ဆောင်ရေး ၊ အလုပ်သမား ၊ ဗဟိုဘဏ်
စာရင်းစစ်ချုပ်ရုံး ၊ (၂၀၁၅ ဇွန်လတွင် ခေါ်ဆိုမည့်ရာထူးများ)
ထွေ/အုပ် ၊ အမျိုးသားစီမံကိန်း ( ဒု-ဦးစီးမှူး )
အပြည့်စုံဆုံးမှတ်စုများအား ရောင်းချပေးနေပါပြီ။
တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်းကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.421052736, 09.49282366, 09.49653992

JUNE INDUSTRY LTD.

June Industry Ltd.မှဖြန့်ချိသော စိမ်းပြာရေညှိ ထုတ်ကုန်များအား သတ်မှတ်ထားသော အရေအတွက်နှင့်အညီ ဝယ်ယူ၍ ၂၀၁၅ ခုနှစ် လုပ်ငန်းသုံးပြက္ခဒိန်တစ်စုံအား (၁-၁၁-၂၀၁၄)မှစ၍ အရောင်းကိုယ်စားလှယ်ဆိုင်များတွင်ထုတ်ယူနိုင်မည်ဖြစ်ပါကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်၊
ရွှေသြဇာ


(ပြက္ခဒိန်လက်ကျန်ရှိသည်အထိသာ ဖြစ်ပါသည်၊)
Ygn: + 95 9 730 12000, 730 13000, 730 14000 Mdy: + 95 2 24490, 39985, 39725, 36122

ပြည်တွင်းရေးရာ

## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၇ ရက်က ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု ရင်းမှီး(တောင်)ကျေးရွာ နတ်စင်ညောင်ပင်အနီးတွင် စိုးဝင်း မောင်းနှင်ပြီး လှဘော်နှင့် ခွန်တင်လှိုင်တို့ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ခွန်တင်လှိုင်၏ ထီးမိုးကာစွပ်အိတ်အတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၇ ပြား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ နိုဝင်ဘာ ၈ ရက်တွင် ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ရင်းမှီးရပ်ကွက် (အလယ်ရွာ)နေ မူးယစ်ဆေးဝါးများရောင်းချပေးသူ သန်းဦး (ခ) မော့စ်၏ နေအိမ်ကို ရှာဖွေရာ နေအိမ်အနောက်ဘက် ဂေါ်ရခါးစင်အောက် မြေကြီးအတွင်း ကျင်းတူး၍ ဝှက်ထားသည့် Ovaltine စာတန်းပါ သံဘူးထဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ သိမ်းဆည်းရမိသဖြင့် ခွန်တင်လှိုင် (၂၅ နှစ်)၊ စိုးဝင်း (၃၇ နှစ်)၊ လှဘော် (၂၉ နှစ်) နှင့် သန်းဦး (ခ) မော့စ် (၂၉ နှစ်) တို့ လေးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၉ ရက်က မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်မှ တပ်ဖွဲ့ဝင်များသည် ဗန်းမော်မြို့နယ် မံရွတ်ကျေးရွာနေ အုန်းမြ (ခ) ဖိုးသေး၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ နေအိမ်အပေါ်ထပ် အိပ်ခန်းမျက်နှာကြက်နှင့် အမိုးကြားရှိ ပလတ်စတစ်ပုံးအတွင်း ဘိန်းဖြူဆပ်ပြာခွက် ရှစ်ခွက်၊ ဘိန်းဖြူ အလေးချိန် ၈၈ ဂရမ် နှင့် နေအိမ်အောက်ထပ်အိပ်ခန်းရှိ သမံတလင်းပေါ်တွင် ကြွေပြားအုပ်ထားသည့် အံဝှက်အတွင်းမှ ပုံးသီး နှစ်လုံး၊ မိုင်းခွဲရာတွင် အသုံးပြုသည့် ဖျူးစ် ရှစ်ခု၊ အရှည်နှစ်လက်မခန့်ရှိ မီးကြိုးတစ်ချောင်း၊ M 22 ကျည် ၂၅ တောင့်၊ M 22 ကျည်အိမ် တစ်ခု၊ စကားပြောစက်အဟောင်း တစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် အုန်းမြ (ခ) ဖိုးသေး (၄၃ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## ဖုန်းခေါ်ဆိုမှုဖြင့် တက္ကစီဝန်ဆောင်မှု ထူထောင်ဆောင်ရွက်ခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းပေးမည့်အစီအစဉ် အကောင်အထည်ပေါ်နိုင်ရေး သက်ဆိုင်ရာမှ ပံ့ပိုးကူညီရန် တင်ပြ

**ရန်ကုန် နိုဝင်ဘာ ၁၅**

ဖုန်းခေါ်ဆိုမှုဖြင့် တက္ကစီဝန်ဆောင်မှု Taxi Call Center Service ထူထောင်ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့တွင် ဖြစ်ပေါ်နေသော ယာဉ်ကြောပိတ်ဆို့မှုကိုကူညီဖြေရှင်းပေးနိုင်မည့်အစီအစဉ်အကောင်အထည်ပေါ်နိုင်ရေးအတွက် သက်ဆိုင်ရာမှ ပံ့ပိုးကူညီပေးရန် နိုင်ငံတော်သမ္မတကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ တင်ပြအကူအညီတောင်းခံသွားမည်ဟု အဆိုပါနည်းလမ်းကို ဖော်ထုတ်တင်ပြခဲ့သည့် ဘွဲ့ရစွန့်ဦးသူများအဖွဲ့မှ သိရသည်။

ဘွဲ့ရစွန့်ဦးသူများအဖွဲ့က အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ သတင်းမီဒီယာများနှင့်တွေ့ဆုံရှင်းလင်းခြင်းကို နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်မြို့ (၃၆)လမ်းရှိ မြန်မာဂျာနယ်လစ်ကွန်ရက်ရုံးခန်း၌ ကျင်းပခဲ့ပြီး Taxi Call Center Service ထူထောင်နိုင်ရေး၊ တစ်ဖက်တစ်လမ်းမှ ရန်ကုန်မြို့တော် ယာဉ်ကြောကျပ်တည်းမှုပြဿနာကို ဖြေရှင်းဆောင်ရွက်သွားရေးတို့အတွက် နည်းလမ်းများရေးဆွဲထားမှုနှင့် သက်ဆိုင်ရာသို့ တင်ပြထားမှုများ၊ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှု ဗဟိုကော်မတီနှင့် ဆွေးနွေးဆောင်ရွက်ခဲ့မှုများကို အများပြည်သူနှင့် နိုင်ငံတော်မှ သိရှိစေရေးအတွက် သတင်းမီဒီယာများသို့ ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်ဟု အဆိုပါအဖွဲ့မှ သိရသည်။

“တက္ကစီကို အိမ်တိုင်ရာရောက် ဖုန်းဝန်ဆောင်မှုစနစ်နဲ့ဆောင်ရွက်ပေးမှာပါ။ တက္ကစီယာဉ်မောင်းရယ်၊ စီးနင်းမယ့်ခရီးသည်တွေကိုပါ စီမံခန့်ခွဲမှုဆောင်ရွက်ပေးမယ့်စနစ်ပါ။ တက္ကစီတွေအနေနဲ့ ခရီးသည်မရရင် လမ်းပေါ်မှာ ပတ်မောင်းနေစရာမလိုဘဲ ခရီးသည်ရှိရာကို သွားရောက်မယ့်စနစ်ပါ။ ယာဉ်ကြောပိတ်ဆို့မှု၊ ကျပ်တည်းမှုတွေမရှိအောင်လမ်းပေါ်မှာ လျှောက်မောင်းနေစရာမလိုဘဲ စီစဉ်ဆောင်ရွက်ပေးမှာပါ။ တက္ကစီပေါ်မှာ ခရီးသည်မပါရင် လိုင်းကားမောင်းတဲ့ လမ်းမကြီးတွေပေါ်မှာ အသုံးပြုမောင်းနှင်စရာမလိုဘဲ အတွင်းလမ်းတွေမှာ ရှိစေခြင်းနဲ့ လမ်းပေါ်မှာ ကားမကျပ်အောင်ဆောင်ရွက်စေမှာပါ။ ဥပမာ တက္ကစီအစီး ၅၀၀၀၀ မှာ ၃၀၀၀၀ က ခရီးသည်ပါပြီး ပြေးဆွဲနေတယ်ဆိုရင် ခရီးသည်မပါတဲ့ အစီး ၂၀၀၀၀ အနေနဲ့ သင့်တော်တဲ့ အတွင်းလမ်းတွေ ရှိစေဖို့ စီမံဆောင်ရွက်ပေးမယ့် အစီအစဉ်ဖြစ်ပါတယ်။ ယာဉ်ပိုင်ရှင်တွေ၊ ခရီးသည်တွေ၊ စုပေါင်းတက္ကစီအသုံးပြုတတ်တဲ့ ခရီးသည်တွေ ပါဝင်လာအောင် ဆောင်ရွက်ရမှာပါ”ဟု ဘွဲ့ရစွန့်ဦးသူများအဖွဲ့မှ ဦးဝင်းဆွေဦးက ပြောသည်။

အဆိုပါစနစ်ကို အကောင်အထည်ဖော်ရန်အတွက် မြေနေရာနှင့် သက်ဆိုင်ရာအစိုးရ၏ ပံ့ပိုးကူညီမှုများ လိုအပ်မည်ဖြစ်ပြီး တက္ကစီများနှင့် ခရီးသည်များ၏ အသင်းဝင်မှုလည်း လိုအပ်မည်ဟု သိရသည်။ ယင်းသို့ ဆောင်ရွက်နိုင်ပါက ဖုန်းဆက်ခြင်းဖြင့် အိမ်တိုင်ရာရောက်ကြိုပို့စနစ်၊ ဈေးနှုန်းတူညီမှုစနစ်၊ မလိုလားအပ်သော အန္တရာယ်များ မကြုံတွေ့စေရေးနှင့် မေ့ကျန်ပစ္စည်းများအတွက် ဖြေရှင်းပေးနိုင်ရေး စသည့် အချက်များကို ဆောင်ရွက်ပေးနိုင်မည်ဟု သိရသည်။

ယင်းသို့ စီးတီးတက္ကစီများကို စုဖွဲ့၍ ခရီးသည်များကို ဝန်ဆောင်မှုပေးရန် နည်းလမ်းကို ရေးဆွဲတင်ပြထားခြင်းသာဖြစ်ပြီး သက်ဆိုင်ရာ၏ ခွင့်ပြုချက်ရရှိပါက သုံးလအတွင်း အကောင်အထည်ဖော်နိုင်သည်ဟု အဆိုပါအဖွဲ့က သတင်းထုတ်ပြန်သည်။ လက်ရှိတွင် စီးတီးတက္ကစီများ စီမံကြီးကြပ်မှုကို မြို့တော်စည်ပင်မှ မထသ(ဗဟို) သို့ လွှဲပြောင်းလိုက်ပြီဖြစ်ပြီး စီးတီးတက္ကစီမှတ်ပုံတင်ခြင်းသာမက စီးတီးတက္ကစီများကို စနစ်တကျ စီမံခန့်ခွဲရန်၊ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် စနစ်များကဲ့သို့ ဆောင်ရွက်နိုင်ရန်ကိုလည်း ဆောင်ရွက်သင့်သည်ဟု ရန်ကုန်မြို့ခံများက ဆိုသည်။

**(၀၀၁)**

## ရသေ့တောင် ဘင်္ဂါလီဒုက္ခသည်စခန်းများ၌ နေထိုင်ကြသူများ ဘဝအခြေအနေမပျက် နေထိုင်လျက်ရှိ

**ရသေ့တောင် နိုဝင်ဘာ ၁၅**

ဒေသခံရခိုင်တိုင်းရင်းသား တစ်သိန်းကျော်နှင့် ဘင်္ဂါလီသုံးသောင်းကျော် နေထိုင်လျက်ရှိသည့် ရသေ့တောင်မြို့နယ်သည် ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်းတည်ရှိပြီး ဒေသအတွင်း မှီတင်းနေထိုင်ကြသူအများစုသည် စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်လျက်ရှိသည်။

စေတီပြင်ကျေးရွာအုပ်စု စေတီပြင်ကျေးရွာတွင် ဒေသခံရခိုင်တိုင်းရင်းသားများနှင့် ဘင်္ဂါလီများ ရောနှောနေထိုင်လျက်ရှိပြီး ၂၀၁၂ ခုနှစ် ပဋိပက္ခဖြစ်စဉ်ကြောင့် ရသေ့တောင်ရှိ အနောက်ပြင်၊ ပန်းကိုင်း၊ကုန်တန်း၊ ကြက်ရိုးကုန်တန်း၊ ပြင်ချောင်း၊ ညောင်ပင်ကြီး စသည့်ကျေးရွာများ၌ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါအကြမ်းဖက်မှုများကြောင့် အနောက်ပြင်၊ ညောင်ပင်ကြီး၊ ကိုးတန်ကောက်၊ ချိန်ခါလီဒုက္ခသည်စခန်းများကို ဖွင့်လှစ်ကာ ဘင်္ဂါလီဒုက္ခသည်များအား ပြန်လည်နေရာချထားပေးပြီး တဲတန်းလျားများ ဆောက်လုပ်ပေးခြင်း၊ ကျန်းမာရေး၊ ပညာရေးအပြင် ယခင်ပိုင်ဆိုင်ခဲ့သည့် လယ်ယာမြေများအား ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် ထွန်စက်များ၊ လက်တွန်းထွန်စက်များ၊ စက်သုံးဆီများ၊ မျိုးစပါးများ၊ ငါးလုပ်ငန်းများအတွက် ပိုက်ကွန်များစသည်ဖြင့် ထောက်ပံ့ဖြည့်ဆည်းပေးခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အနောက်ပြင်၊ ညောင်ပင်ကြီး၊ ကိုးတန်ကောက်၊ ချိန်ခါလီကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအား မြို့နယ်ကျန်းမာရေးဌာနနှင့် နယ်စည်းမခြားဆရာဝန်များအဖွဲ့တို့မှ တစ်ပတ်တစ်ကြိမ် ဆေးဝါးကုသပေးလျက်ရှိသည်။ ပညာရေးအဖြစ် အနောက်ပြင်ကယ်ဆယ်ရေးစခန်းတွင် မူလတန်းလွန်ကျောင်းတစ်ကျောင်းနှင့် ညောင်ပင်ကြီးကယ်ဆယ်ရေးစခန်းတွင် ယူနီဆက်မှ ဆောက်လုပ်ပေးသည့် ကျောင်းတစ်ကျောင်းတို့၌ ဘင်္ဂါလီဒုက္ခသည် ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးလျက်ရှိသည်။ ဒုက္ခသည်များအနေဖြင့် သက်ဆိုင်ရာမှ လစဉ်ပုံမှန်ရရှိသည့် ထောက်ပံ့ပစ္စည်းများစားသုံးကာ စိုက်ပျိုးထွန်ယက်ခြင်းမှ ထွက်ရှိသည့် သီးနှံရောင်းရငွေများ စုဆောင်းပြီး အခြားလိုအပ်သည့် အိမ်သုံးပစ္စည်းများ ဝယ်ယူအသုံးပြုလျက်ရှိနေသည့်အတွက် ယခင်ရရှိခဲ့ပြီးဖြစ်သည့် နေထိုင်မှုအခြေအနေထက် မလျော့ကျဘဲ အဆင်ပြေလျက်ရှိသည်။ **ဇေယျာ(မိုင်ရာ)**



**ကယ်ဆယ်ရေးစခန်း၌ သောက်သုံးလျက်ရှိသည့် သောက်ရေသန့်။**



ရသေ့တောင်ရှိ ဘင်္ဂါလီကယ်ဆယ်ရေးစခန်း၌ နေထိုင်သူများကို တွေ့ရစဉ်။



အနောက်ပြင် ကယ်ဆယ်ရေးစခန်းကို တွေ့ရစဉ်။

# ဓာတ်အားလိုအပ်ချက် ထပ်မံဖြန့်ဖြူးပေးနိုင်တော့မည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း

ယခုအချိန်အခါသည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသော ကာလဖြစ်သည်နှင့်အညီ နိုင်ငံတော်ဓာတ်အားလိုအပ်မှုသည် တိုးတက်မြင့်မားလျက်ရှိပေသည်။

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှုမှာ ပြည်သူတစ်ရပ်လုံး၏ ၃၃ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်သည့် အခွင့်အရေးများ ရရှိနိုင်ပြီး ကျန် ၆၇ ရာခိုင်နှုန်းမှာ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်ခြင်း မရှိသေးပါ။

လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်သူ ၃၃ ရာခိုင်နှုန်းခန့်မှာ မြို့ကြီးများနှင့် အလှမ်းမကွာသောဒေသမှ ပြည်သူများဖြစ်ပြီး ကျန် ၆၇ ရာခိုင်နှုန်းသော ပြည်သူများမှာ မြို့ကြီးများနှင့် အလှမ်းကွာဝေးလှသော ကျေးလက်နေပြည်သူများ ဖြစ်ပါသည်။

နိုင်ငံတော်သည် ပြည်သူတစ်ရပ်လုံး လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိစေနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကို အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်အကောင်အထည်ဖော်လျက် ရှိပါသည်။

(၁) ရေအားမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း

(၂) အပူစွမ်းအင်မှ ဓာတ်အား ထုတ်လုပ်ခြင်း

(၃) နေရောင်ခြည်၊ လေအားစသည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များမှ ထုတ်လုပ်ခြင်း စသည့် နည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးလျက်ရှိပါသည်။

ထိုသို့ ထုတ်လုပ်ခြင်းများအနက်မှ ရေအားမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ကုန်ကျစရိတ်များပြားခြင်း၊ တည်ဆောက်ချိန် အချိန်ကြာမြင့်သော်လည်း တည်ဆောက်ပြီးစီးပါက ကြာရှည်ခံခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် လွန်စွာသက်သာ၍ ဓာတ်အားခ သက်သာခြင်းများကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းများကို မြန်မာနိုင်ငံတွင်သာမက ရေအားအရင်းအမြစ်ရှိသည့် နိုင်ငံများတွင် ဆောင်ရွက်လျက်ရှိကြပါသည်။

မြန်မာနိုင်ငံသည် ရေသယံဇာတ ပေါကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ရေမှလျှပ်စစ်စွမ်းအင်များ ထုတ်ယူရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စစ်တောင်းမြစ်၏ လက်တက်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအား တင်ပြလိုပါသည်။

စစ်တောင်းမြစ်၏ မြစ်ဖျား (သို့မဟုတ်) ပေါင်းလောင်းမြစ်သည် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်အတွင်းတွင် စတင်မြစ်ဖျားခံခဲ့ပြီး ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်များသို့ ဖြတ်သန်းစီးဆင်းခဲ့ရာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ဆုံရာ အချက်အချာကျသည့် မြစ်တစ်စင်းလည်းဖြစ်ပါသည်။ ပျဉ်းမနားမြို့နယ် အေလာမြို့အနီးတွင် မြစ်ငယ်၊ ချောင်းငယ်များ ပေါင်းဆုံစီးဝင်ပြီးနောက် စစ်တောင်းမြစ်အဖြစ် တောင်ဘက်သို့ ဆက်လက်စီးဆင်းခဲ့ပြီး မုတ္တမပင်လယ်ကွေ့အတွင်းသို့ စီးဝင်ပါသည်။

စစ်တောင်းမြစ်အတွင်းသို့ ပဲခူးရိုးမနှင့် ရှမ်းရိုးမတို့မှ မြစ်ငယ်၊ ချောင်းငယ်အများအပြား စီးဆင်းခဲ့ကြပါသည်။ အရှေ့ဘက်တွင် ရှမ်းရိုးမမှ စီးဝင်သော ချောင်းများမှာ သောက်ရေခပ်ချောင်း၊ ဘောဂထချောင်း၊ ရွှေကျင်ချောင်း၊ ကျောက်ကြီးချောင်း စသည့် ချောင်းများဖြစ်ပြီး အနောက်ဘက်တွင် ပဲခူးရိုးမမှ စီးဝင်သော ချောင်းများဖြစ်သည့် ဆွာချောင်း၊ ခပေါင်းချောင်း၊ ဖြူးချောင်း၊ ကွန်းချောင်း၊ ရဲနွယ်ချောင်းစသည့် အဓိကစီးဝင်သည့် ချောင်းများ တည်ရှိကြပါသည်။

စစ်တောင်းမြစ်သည် မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီး လေးစင်းတွင် အတိုဆုံးမြစ်တစ်ခုဖြစ်သော်လည်း စစ်တောင်းမြစ်၏ မြစ်ဖျားပိုင်းနှင့် လက်တက်ချောင်းငယ်များပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ရန် ပင်မစီမံချက် Master Plan ကို ကုလသမဂ္ဂ ပညာရှင်များအဖွဲ့မှ ၁၉၆၄ ခုနှစ် ကတည်းကပင် ရေးဆွဲခဲ့ပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးရေးအတွက် ဦးစားပေးဆောင်ရွက်သင့်သည့် စီမံကိန်းများဖြစ်ကြောင်း အကြံပြုခဲ့ပါသည်။

စစ်တောင်းမြစ်ဝှမ်းဒေသတွင် ကုလသမဂ္ဂမှ ပညာရှင်များ၏ ရေးဆွဲခဲ့သော Master Plan (1964) ပါ စီမံကိန်းများကို နိုင်ငံတော်မှ ခေတ်အဆက်ဆက် ရေအားလျှပ်စစ်ပညာရှင်များမှ အဓိကအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းအများအပြားပင် ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ကျန်စီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းများ၏ အခြေအနေကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံ။

| စဉ် | စီမံကိန်းအမည် | ထုတ်လုပ် လျှပ်စစ်စွမ်းအား | ဆောင်ရွက်ပြီးစီးမှု အခြေအနေ |
| --- | --- | --- | --- |
| ၁။ | ဇောင်းတူရေအားလျှပ်စစ်စီမံကိန်း | ၂၀ မဂ္ဂါဝပ် | ၂၀၀၀ ခုနှစ် (ပြီးစီး) |
| ၂။ | ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း | ၂၈၀ မဂ္ဂါဝပ် | ၂၀၀၅ ခုနှစ် (ပြီးစီး) |
| ၃။ | ရဲနွယ် ရေအားလျှပ်စစ်စီမံကိန်း | ၂၅ မဂ္ဂါဝပ် | ၂၀၀၇ ခုနှစ် (ပြီးစီး) |
| ၄။ | ခပေါင်း ရေအားလျှပ်စစ်စီမံကိန်း | ၃၀ မဂ္ဂါဝပ် | ၂၀၀၈ ခုနှစ် (ပြီးစီး) |
| ၅။ | ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း | ၇၅ မဂ္ဂါဝပ် | ၂၀၁၁ ခုနှစ် (ပြီးစီး) |
| ၆။ | ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း | ၆၀ မဂ္ဂါဝပ် | ၂၀၁၂ ခုနှစ် (ပြီးစီး) |
| ၇။ | သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း | ၁၂၀ မဂ္ဂါဝပ် | ၂၀၁၃ ခုနှစ် (ပြီးစီး) |
| ၈။ | နန်ချို ရေအားလျှပ်စစ်စီမံကိန်း | ၄၀ မဂ္ဂါဝပ် | ၂၀၁၄ ခုနှစ် (ပြီးစီး) |
| ၉။ | ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်း | ၄၀ မဂ္ဂါဝပ် | ၂၀၁၄ ခုနှစ် (ပြီးစီး) |
| ၁၀။ | အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း | ၁၄၀ မဂ္ဂါဝပ် | ၂၀၁၄ ခုနှစ် (ပြီးစီး) |
| ၁၁။ | အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း | ၁၀၀ မဂ္ဂါဝပ် | အကြိုစူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ဖြစ်ပါသည်။ စီမံကိန်းကို စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ |
| ၁၂။ | ဘောဂထ ရေအားလျှပ်စစ်စီမံကိန်း | ၁၆၀ မဂ္ဂါဝပ် | နိုင်ငံတော်နှင့် ဒေသခံအဖွဲ့အစည်းများ၏ ပါဝင် ဆောင်ရွက်မှု၊ နော်ဝေ နိုင်ငံ၏ အကူအညီတို့ဖြင့် မကြာမီ စူးစမ်းလေ့လာမှု စတင်ဆောင်ရွက်ရန် ဖြစ်ပါသည်။ |
| ၁၃။ | သောက်ရေခပ်(၁) ရေအားလျှပ်စစ်စီမံကိန်း | ၁၅၀ မဂ္ဂါဝပ် | |
| | **စုစုပေါင်း** | **၁၂၄၀ မဂ္ဂါဝပ်** | |

စစ်တောင်းမြစ်ဝှမ်း ဒေသတစ်လျှောက်မှ Master Plan ပါ စီမံကိန်း ၁၃ ခုအနက်မှ ၁၀ ခု စုစုပေါင်း ၈၃၀ မဂ္ဂါဝပ်မှာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ကျန်စီမံကိန်း သုံးခု စုစုပေါင်း ၄၁၀ မဂ္ဂါဝပ်မှာလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ မကြာမီကာလတွင် စစ်တောင်းမြစ်ဝှမ်းတစ်ခုလုံးမှ စီမံကိန်းအားလုံး ပြီးစီးတော့မည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ခဲ့သော စစ်တောင်းမြစ်ဝှမ်းဒေသတစ်လျှောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် မကြာမီကာလက နောက်ဆုံးစက်စမ်းသပ်လည်ပတ်ပြီးစီးခဲ့သော အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ သိကောင်းစရာများအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။ **(ကျန်စီမံကိန်းများနှင့် ပတ်သက်၍လည်း အလျဉ်းသင့်သလို ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။)**

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသည် နေပြည်တော် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ဆုံရာအနီး ပေါင်းလောင်းမြစ်ပေါ်တွင် တည်ရှိပါသည်။ အထက်ပေါင်းလောင်းစက်ရုံ၏ တပ်ဆင်စက်အင်အား ၁၄၀ မဂ္ဂါဝပ်မှ လျှပ်စစ်စွမ်းအင် ကီလိုဝပ်နာရီ ၄၅၄ သန်း ရရှိနိုင်မည်ဖြစ်သလို အောက်ဘက်တွင်ရှိသော တည်ဆောက်ပြီး ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ တစ်နှစ်ထုတ်လုပ်နိုင်မှုကိုလည်း ကီလိုဝပ်နာရီ ၉၁၁ သန်းမှ ၉၄၃ သန်းသို့ တိုး၍ ထုတ်လုပ်နိုင်စေမည်ဖြစ်ပါသည်။ အထက်ပေါင်းလောင်း တမံ၏ ရေသိုလှောင်နိုင်မှုကြောင့် အောက်ပေါင်းလောင်း ဓာတ်အားပေးစက်ရုံသည်လည်း နှစ်စဉ်ဓာတ်အား ထုတ်လုပ်မှု ပိုမိုလာခြင်းဖြစ်ပါသည်။

အထက်ပေါင်းလောင်းစီမံကိန်းကို စူးစမ်းလေ့လာမှု၊ ဒီဇိုင်းပုံထုတ်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများအပါအဝင် ဆောင်ရွက်သော လုပ်ငန်းအရပ်ရပ်ကို ၂၀၀၄-၂၀၀၅ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းတွင် ပထမဓာတ်အားပေးစက် (စက်အမှတ်-၂)ကို ၃-၁၀-၂၀၁၄ ရက်တွင်လည်းကောင်း၊ ဒုတိယဓာတ်အားပေးစက် (စက်အမှတ်-၁)ကို ၈-၁၀-၂၀၁၄ ရက်တွင်လည်းကောင်း စက်စမ်းသပ်ဓာတ်အားထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

အဓိကတည်ဆောက်ရမည့် ပင်မတမံနှင့် ရေအားအဆောက်အအုံများ၊ ဓာတ်အားပေးစက်ရုံများတည်ဆောက်ရန်အတွက် ပေါင်းလောင်းမြစ်ရေ လွှဲခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ရပါသည်။

မြစ်ရေလွှဲနိုင်ရန် ရေလွှဲဥမင်လိုဏ်တစ်ခုကို ဦးစွာဖောက်လုပ်တည်ဆောက်ရပါသည်။ ရေလွှဲဥမင်လိုဏ်သည် အလျား ၉၆၈ ပေရှိပြီး အချင်း ၃၃ ပေရှိပါသည်။ မြစ်ရေလွှဲခြင်းကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပေါင်းလောင်းမြစ်ရေအား ဥမင်လိုဏ်ဖြင့် လွှဲထုတ်ပြီးနောက်တွင် မူလမြစ်ကြောင်းပေါ်တွင် ပင်မတမံ တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ပင်မတမံသည် RCC(Roller Compacted Concrete) အမျိုးအစားဖြစ်ပြီး အလျားပေ ၁၆၉၀၊ အမြင့် ၃၂၂ ပေရှိပါသည်။ RCC ကွန်ကရစ်ကျင်းပေါင်း ၃၃၅၇၀၀ ကျင်းခန့် ဆောင်ရွက်ခဲ့ရပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ပင်မတမံ RCC လုပ်ငန်းများ ပြီးစီးခဲ့ပါသည်။

ဓာတ်အားပေးစက်ရုံကို ပင်မတမံ၏ အောက်ခြေတွင် တည်ဆောက်ထားပြီး ဓာတ်အားပေးစက်ရုံတွင် ဖရန်စစ်တာဘိုင် (Francis Turbine) အမျိုးအစား ၇၀ မဂ္ဂါဝပ်ရှိသော ဓာတ်အားပေးစက် (Generator) နှစ်လုံး တပ်ဆင်ထားပါသည်။ ထွက်ရှိလာသော ဓာတ်အားစုစုပေါင်း ၁၄၀ မဂ္ဂါဝပ်ကို နိုင်ငံတော် ဓာတ်အားစနစ် (National Grid) သို့ ၂၃၀ KV ဓာတ်အားလိုင်းဖြင့် ပို့လွှတ်ပါသည်။

အထက်ပေါင်းလောင်း ရေလှောင်တမံသည် ပင်လယ်ရေမျက်နှာပြင် နိမ့်မြင့်အမှတ် ၃၇၀ မီတာသည် ကန်ရေပြင်အမှတ်ဖြစ်သော်လည်း ယခုအခါ ကန်ရေပြင်နိမ့်မြင့် အမှတ် ၃၆၆ မီတာခန့်ထိ သိုလှောင်ထားရှိပြီးဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းများ အများစုပြီးစီးနေပြီး ပွင့်လင်းရာသီ ဓာတ်အားပိုမိုလိုအပ်ချိန်တွင် ဓာတ်အားထုတ်လုပ်ရန် အဆင်သင့်အနေအထားရောက်ရှိနေပြီဖြစ်ပါသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ချိန်တွင် ဒေသခံပြည်သူများ၊ ရေဝပ်ဧရိယာအတွင်း ကျရောက်သော ရွာသူရွာသားများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရဟန်းသံဃာတော်များ၏ အစစအရာရာ ပူးပေါင်းပါဝင် ကူညီပံ့ပိုးပေးခဲ့ကြသည့်အတွက် အောင်မြင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကျေးဇူးတင်ပါကြောင်း၊ မှတ်တမ်းတင်ပါကြောင်း အလေးအနက်ဖော်ပြအပ်ပါသည်။

ရေဝပ်ဧရိယာအတွင်းတွင် ပင်လောင်းမြို့နယ်၏ သပြေကုန်းကျေးရွာအုပ်စုနှင့် ထိန်ပင်ကျေးရွာအုပ်စုနှစ်စုမှ ကျေးရွာပေါင်း ၂၃ ရွာ ကျရောက်ရာ ဆည်အတွင်း ရေသိုလှောင်ခြင်းမပြုမီ အဆိုပါကျေးရွာ ၂၃ ရွာ၏ ပြန်လည်နေရာချထားမှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူ ၁၀၀၀၀ ခန့်ရှိရာ ပူးပေါင်းကူညီ ဆောင်ရွက်ပေးမှုကြောင့်သာ ဤအထက်ပေါင်းလောင်းစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

**စာမျက်နှာ ၉ သို့ ***

# ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုပြဿနာ ဘယ်လိုဖြေရှင်းမှာလဲ ...

အိရှော့စင်ဝင်း

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ ယာဉ်အစီးရေနှင့် လူဦးရေထူထပ်များပြားလှသည်။ မြန်မာတစ်နိုင်ငံလုံးတွင် တရားဝင်မှတ်ပုံတင်ထားသော ယာဉ်အစီးရေ ခြောက်သိန်းဝန်းကျင်အနက် ထက်ဝက်ကျော်ဖြစ်သော ၆၀ ရာခိုင်နှုန်းကျော်မှာ ရန်ကုန်မြို့တွင် မှတ်ပုံတင်ထားသည်။ ယင်းအပြင် နယ်ကျော်ယာဉ်များ၊ နယ်မှ လာရောက်ပြေးဆွဲနေသောယာဉ်များဖြင့် တစ်နိုင်ငံလုံးယာဉ်အစီးရေ၏ ၈၀ ရာခိုင်နှုန်းကျော် ရန်ကုန်မြို့တွင် တည်ရှိနေသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာများ ဆိုးရွားစွာကြုံတွေ့နေရခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသွားသည်။ အဆိုပါ ယာဉ်ကြောပိတ်ဆို့မှုပြဿနာ များကိုဖြေရှင်းရန် ရေတိုစီမံကိန်းများဖြင့် အချိန်သုံးလမှ ခြောက်လအတွင်း ဆောင်ရွက်သွားမည်ဟုလည်း ဆိုသည်။

လက်ရှိတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် လမ်းသားများခွဲ၍ကာ ကွန်ကရစ်လမ်းများကို ခင်းကျင်းလျက်ရှိသည်။ လမ်းမကြီးများဘေးတွင် ယာဉ်ရပ်နားဧရိယာများကို ဖော်ဆောင်ပေးလျက်ရှိသည်။ မြို့တွင်း ခြောက်မြို့နယ်အတွင်းနှင့် ဘတ်စ်ကားသွားရာ လမ်းမကြီးများတွင် မျဉ်းဝါများရေးဆွဲကာ ဘတ်စ်ကားသီးသန့်လမ်းကြောင်းများကို ဖော်ဆောင်ပေးထားသည်။ အလားတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ဆောင်ရွက်မှုဖြင့် ခုံးကျော်တံတားများ တည်ဆောက်ခဲ့သည်။ သို့ရာတွင် ယာဉ်ကြောပိတ်ဆို့မှုပြဿနာများ ပြေလည်မှုမရရှိသေးပေ။ ယာဉ်ကြောပိတ်ဆို့မှုကို အဓိကဖြစ်ပေါ်စေသော ပြဿနာမှာ ရန်ကုန်မြို့တွင် ယာဉ်ရပ်နားရန် ဧရိယာနည်းပါးလွန်းသော အချက်ကပါဝင်နေသည်။ ရန်ကုန်မြို့ရှိ အဆောက်အအုံတိုင်းလိုလိုတွင် ယာဉ်ရပ်နားဧရိယာ ပြည့်ပြည့်ဝဝဖော်ဆောင်ပေးထားနိုင်မှုအားနည်းလျက်ရှိသည်။ နှစ်ပေါင်း ၂၀ ကျော်အတွင်း ဆောက်လုပ်ခဲ့သမျှ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကျဉ်းအနေအထားအလိုက် အဆောက်အအုံတိုင်းလိုလိုတွင် ယာဉ်ရပ်နားမှုဧရိယာမပါဝင်သည်က များသည်။ ရန်ကုန်မြို့တွင်းလမ်းမကြီးများတစ်လျှောက် အထပ်မြင့်အဆောက်အအုံများအားလုံး မော်တော်ယာဉ်များကို လမ်းမများပေါ်တွင်သာ ရပ်တန့်ထားကြသည်။ ယခင်က ဆောက်ချင်တိုင်းဆောက်ခဲ့သော အဆောက်အအုံတို့ကြောင့် လက်ရှိကာလတွင် အဆိုပါ အခန်းများတွင် နေထိုင်ကြသူများ မော်တော်ယာဉ်ရပ်တန့်ရန်နေရာမရှိကြပေ။ အလားတူ ယခုနောက်ပိုင်းဆောက်လုပ်သော အဆောက်အအုံများတွင်လည်း ယာဉ်ရပ်နားမှုကို ထည့်သွင်းတွက်ချက်မှု အားနည်းခြင်းများကြောင့်လည်း ယာဉ်သွားလာရာလမ်းမကြီးများတွင် ယာဉ်ရပ်တန့်မှုများပြုလုပ်ရသောကြောင့် လမ်းသားအပြည့်အဝယာဉ်သွားလာမှုမရရှိဘဲ ဘတ်စ်ကားများ၊ စီးတီးတက္ကစီများ၏ ရပ်တန့်မှုများကြောင့်လည်း မလိုလားအပ်ဘဲ ယာဉ်ကြောပိတ်ဆို့မှုများက ဖြစ်ပေါ်နေရပြန်သည်။

"ရန်ကုန်မြို့မှာ ကားရပ်စရာနေရာမရှိတာက ပြဿနာတစ်ခုဖြစ်ပြီး ဆောက်လုပ်ဖို့လည်းမြေနေရာတွေက သိပ်မကျန်တော့ပါဘူး။ အိမ်ရာစီမံကိန်းတွေ၊ ကုမ္ပဏီကြီးတွေရဲ့ စီမံကိန်းတွေနဲ့ မြေနေရာကမရှိသလောက်ကိုဖြစ်သွားပါပြီ။ အခု တောင်ဥက္ကလာက ကစားကွင်းနေရာမှာ အထပ်မြင့်ကားပါကင်ဆောက်မယ်လို့သိရတယ်။ အထူးသဖြင့်တော့ မြို့တွင်းဧရိယာကိုဝင်ရောက်မယ့်နေရာတွေမှာ ဆောက်ဖို့လိုတယ်။ လမ်းမကြီးတွေပေါ်မှာ ကားရပ်ဖို့လုံးဝခွင့်မပြုဘဲ ကားပါကင်မှာပဲသွားရပ်တာတွေလုပ်ရမှာပါ။ ညာဘက်အစွန်လမ်းကြောင်းကို ဘတ်စ်ကားသီးသန့်ဆိုရင်လည်း သေသေချာချာကြပ်မတ်ဖို့လိုတယ်။ မီးပွိုင့်အချက်ပြစနစ်ကို လိုက်နာဖို့ဆောင်ရွက်သင့်တယ်။ ယာဉ်ထိန်းက ထိန်းချုပ်နေတာထက် မီးပွိုင့်တစ်ခုနဲ့တစ်ခု ချိန်ညှိပြီးယာဉ်သွားလာမှုကို ခပ်သွက်သွက်လေးဖြစ်အောင်လုပ်သင့်တယ်။ စက္ကန့် ၃၀ လား၊ ၄၅ စက္ကန့်လားပေါ့။ ယာဉ်သွားလာမှု အချက်အလက်ကောက်ပြီးလုပ်ရမှာ။ လမ်းကြောတစ်ကြောကို အကြာကြီး မီးစိမ်းပေးပြီးလွှတ်တာတွေအဆင်မပြေဘူး။ တစ်နေရာရှင်းပေမယ့် နောက်တစ်နေရာမှာ သွားပြန်ပိတ်တယ်။ ဒါကြောင့် အားလုံးကိုလွှမ်းခြုံတဲ့ စီမံခန့်ခွဲတဲ့စနစ်ကိုအသုံးပြုမှ ဒီပြဿနာတွေလျော့နိုင်မယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ အငြိမ်းစားအရာရှိတစ်ဦးက သုံးသပ်သည်။

ယာဉ်ကြောပိတ်ဆို့မှု ပြဿနာရပ်များသည် ၂၀၁၀ ပြည့်နှစ်မတိုင်မီကပင် တဖြည်းဖြည်းကြုံတွေ့လာခဲ့ရပြီး မြို့ပြရေးရာကျွမ်းကျင်ပညာရှင်များကလည်း စာတမ်းပြုစုတင်ပြမှုများ၊ ဝေဖန်ထောက်ပြမှုများ၊ အကြံပေးတင်ပြမှုများ ပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် ရေရှည်စီမံကိန်းဖြင့် အနာဂတ်ဖြစ်ပေါ်လာမည့် ယာဉ်သွားလာမှုပုံစံ၊ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်၊ တိုးပွားလာမည့် လူဦးရေ၊ ယင်းနှင့်လျော်ညီမည့် ယာဉ်အစီးရေတို့ကို ကြိုတင်တွက်ချက်ဆောင်ရွက်မှု အားနည်းခဲ့ပြီး ယာဉ်အစီးရေတိုးပွားလာမည့်အပေါ်တွင် စီမံခန့်ခွဲမည့် Traffic Demand Management စနစ်ကို မဆောင်ရွက်နိုင်ခြင်းနှင့် ယာဉ်ထိန်းအင်ဂျင်နီယာလုပ်ငန်းများတွင် ပါဝင်သည့်လုပ်ငန်းများကို ဘဏ္ဍာငွေအကုန်အကျခံကာ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် လက်ရှိကာလတွင် ယာဉ်ကြောပိတ်ဆို့မှုပြဿနာရပ်များကို မြို့တော်နေရာအနှံ့ဆိုးရွားစွာကြုံတွေ့ရသည်ဟု မြို့ပြရေးရာကျွမ်းကျင်သူများက သုံးသပ်သည်။ ယာဉ်ကြောပိတ်ဆို့မှု ဆိုးရွားလာခြင်းသည် ယာဉ်အစီးရေများပြားလာခြင်းကြောင့်ဟု အကြောင်းပြလေ့ရှိသော်လည်း ရန်ကုန်မြို့ရှိ ယာဉ်အစီးရေသည် အိမ်နီးချင်းနိုင်ငံများရှိ မြို့တော်များ၏ ယာဉ်အစီးရေနှင့် နှိုင်းယှဉ်ပါက နည်းပါးလွန်းနေသည်။ မြို့တော်၏ အကျယ်အဝန်းနှင့် ယာဉ်အစီးရေမှာ ကွာဟနေသေးပြီး ယာဉ်အစီးရေအနည်းငယ်နှင့် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာဖြစ်ပွားနေခြင်းကြောင့် ယာဉ်ထိန်းအင်ဂျင်နီယာလုပ်ငန်းကို ထိရောက်စွာ လုပ်ဆောင်ခြင်း၊ အများပြည်သူအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာ ထိရောက်စွာ ဖြန့်ဝေခြင်းနှင့် စည်းကမ်းမဲ့မှုများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပါက ယင်းပြဿနာများ ပြေလျော့သွားမည်ဟု ပညာရှင်များက ထောက်ပြကြခြင်းဖြစ်သည်။ ယင်းအပြင် ခုံးကျော်တံတားများ တည်ဆောက်ခြင်းသည် ရေတိုအနေအထားဖြင့်သာ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်ပြီး ခုံးကျော်တံတား ထိုးထားသောနေရာတွင်သာ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသွားပြီး တံတားအဆင်းနှင့် အခြားသော ဆက်စပ်လမ်းဆုံများအားလုံးတွင် ယခင်ကထက်ဆိုးရွားစွာ ယာဉ်ကြောပိတ်ဆို့မှုကို ကြုံတွေ့လာရသည်။ တံတားများတည်ဆောက် မည့်ကုန်ကျငွေကို မီးပွိုင့်အချက်ပြစနစ် ထိန်းချုပ်ဆောင်ရွက်မှုတွင် ဆောင်ရွက်ပါက ပိုမိုထိရောက်မှုရှိမည်ဟု အကြံပြုကြသည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာမှ လက်ရှိအချိန်ထိ ရန်ကုန်မြို့၏ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်တွင် မော်တော်ယာဉ်အခြေပြုသယ်ယူပို့ဆောင်ရေးကိုသာ အားကိုးနေရပြီး ယင်းစနစ်တွင်လည်း ခေတ်အဆက်ဆက် ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးဆီသို့ ကူးပြောင်းခြင်း၊ အဆင့်မြင့်ဘတ်စ်ကားသီးသန့်လိုင်းများ၊ သယ်ယူပို့ဆောင်ရေးစနစ်များကို ရေရှည်စီမံကိန်းဖြင့် ပြောင်းလဲခဲ့ခြင်းမရှိဘဲ ချဲ့ထွင်လာသော မြို့ပြဧရိယာ၊ တိုးပွားလာသော မြို့ပြလူဦးရေအပေါ်တွင်သာ အဆင်ပြေသလို ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲခဲ့ကြသည်။ ရန်ကုန်မြို့တွင် ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ရှိသော်လည်း ဘတ်စ်ကားအစီးရေမှာ ၆၀၀၀ ကျော်သာရှိသည်။ လူဦးရေနှင့် ယာဉ်အစီးရေ မမျှသော်လည်း ယာဉ်ကြောပိတ်ဆို့မှုများက ဆိုးရွားလာသည်။ အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် ယာဉ်အစီးရေကတော့ လိုအပ်ချက်ရှိနေဆဲပင်ဖြစ်သည်။ ထို့ကြောင့် ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်ပေါ်လာပါက ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းသွားမည်ဖြစ်သလို ယာဉ်အန္တရာယ်လည်း လျော့ပါးသွားမည်ဖြစ်သည်။ အလားတူ အခြားသောသယ်ယူပို့ဆောင်ရေးစနစ်များဖြစ်သည့် ရထား၊ ရေကြောင်းတို့ကိုလည်း မော်တော်ယာဉ်ပို့ဆောင်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါက အဆင်ပြေနိုင်မည်ဖြစ်သည်။ ထိုသို့သော ကောင်းမွန်သည့် သယ်ယူပို့ဆောင်ရေးစနစ်ကို ရန်ကုန်မြို့တော်တွင် မဖြစ်မနေ ဆောင်ရွက်သင့်ပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ နိုင်ငံတကာဝင်ပေါက်ထွက်ပေါက်ဖြစ်ခြင်း၊ အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့် မကြာမီ လူဦးရေ ၁၀ သန်းရောက်ရှိလာမည့် မြို့တော်ကြီးတစ်ခုဖြစ်လာမည်ဖြစ်ခြင်း၊ တစ်ချိန်က သမိုင်းကြောင်းကောင်း၊ အခြေခံအဆောက်အအုံကောင်းများရှိခဲ့သော အရှေ့တောင်အာရှ၏ အလှဆုံးမြို့ဟူသော ဂုဏ်ပုဒ်ကို ထိန်းသိမ်းရန်လိုအပ်ခြင်း၊ မြန်မာနိုင်ငံ၏ အဓိက တိုင်းပြည်ထုတ်ကုန်အများဆုံးဖြစ်သော မြို့ဖြစ်ခြင်းတို့ကြောင့်ပင်ဖြစ်သည်။ ထိုသို့မဟုတ်ပါက နေ့စဉ်သွားလာရေးအတွက် အသွားတစ်နာရီကျော်၊ အပြန်တစ်နာရီအချိန်ယူသွားလာနေရသောကြောင့် တစ်ဦးတစ်ယောက်ချင်းမှသည် အလုပ်လုပ်နိုင်စွမ်းအား၊ ကုန်ထုတ်စွမ်းအားများကျဆင်းခြင်းကို ရင်ဆိုင်ရမည်ဖြစ်ပြီး ရှုပ်ထွေးသောသွားလာမှုပုံစံများနှင့် စနစ်မကျသော ယာဉ်ပြေးဆွဲမှုများ၊ စည်းကမ်းမဲ့သော အခြေအနေများက နိုင်ငံတကာဧည့်သည်များအမြင်တွင် အရှေ့တောင်အာရှအလှဆုံးမြို့မှသည် အရှေ့တောင်အာရှတွင် အရုပ်ဆိုးသောမြို့၊ စည်းကမ်းမရှိသောမြို့၊ ကွမ်းတံတွေးရာများနှင့်မြို့၊ အမှိုက်များနှင့်မြို့ စသည်စသည်ဖြင့် ဂုဏ်သိက္ခာ ထိခိုက်လာနိုင်ပါသည်။ မြန်မာနိုင်ငံ၏ အရေးပါသော စီးပွားရေးမြို့တော်၏ အရေးကိစ္စသည် နိုင်ငံ့အရေးကိစ္စကဲ့သို့ အရေးပါပြီး နိုင်ငံတိုးတက်မှု၏ ပြယုဂ်လည်းဖြစ်သောကြောင့်ပင်တည်း။ ။

✱ စာမျက်နှာ ၈ မှ

အထက်ပေါင်းလောင်း ရေလှောင်တမံအတွင်းတွင် ကျေးရွာ ၂၃ ရွာ၊ အိမ်ခြေ ၁,၆၇၁ အိမ်၊ အိမ်ထောင်စုပေါင်း ၂,၅၂၄ စု၊ လူဦးရေ ၁၀,၀၀၀ ခန့်ရှိရာ ၎င်းဒေသခံပြည်သူများအတွက် ကျေးရွာသစ်မြေနေရာများပေါ်တွင် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ရွာအလိုက် ရွာသူ၊ ရွာသားများ၏ စိတ်ကြိုက်နေရာရွေးချယ်စေ၍ ရွာသစ်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပါသည်။ ကျေးရွာနေပြည်သူများ၏ မိရိုးဖလာနေထိုင်လုပ်ကိုင်မှု အဆင်ပြေစေရန် အိမ်ထောင်စု တစ်စုအတွက် အိမ်ရာအကွက်အကျယ်အဝန်းကို ပေ ၈၀ × ပေ ၈၀ မှ ပေ ၁၀၀ × ပေ ၁၀၀ အကျယ်ရှိ မြေကွက်များ ဖော်ထုတ်ပေးခြင်း၊ ၂၅ ပေအကျယ် ကျေးရွာတွင်းလမ်းများ၊ ပေ ၃၀ အကျယ် ကျေးရွာချင်းဆက်လမ်းများကို ကျေးရွာစုစုပေါင်း ၂၃ ရွာလုံးအတွက် ဖော်ထုတ်ဆောင်ရွက်ပေးခဲ့ပါသည်။

ဒေသခံပြည်သူများအား ပြည်သူများ၏ သဘောဆန္ဒများနှင့်အညီ အောက်ဖော်ပြပါ အစီအစဉ်များကို နိုင်ငံတော်မှ ဆောင်ရွက်ပေးခဲ့ပါသည်-

(က) ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အုပ်ချုပ်ရေးစသည်များနှင့် သက်ဆိုင်သော အဆောက်အအုံများအား ကျေးရွာသစ်နေရာများတွင် မူလရှိရင်းထက် သာလွန်ကောင်းမွန်သော ပုံစံဖြင့် ပြန်လည်အစားထိုး ဆောက်လုပ်ပေးခြင်း။

(ခ) လူနေအိမ်များအား ကျေးရွာသူရွာသားများ စိတ်ကြိုက် ပြန်လည်ဆောက်လုပ်နိုင်ရေး လိုအပ်သော ကူညီပံ့ပိုးမှုနှင့် ငွေကြေးပံ့ပိုးပေးခြင်း။

(ဂ) ကျေးရွာချင်းဆက် လမ်းများ၊ ကျေးရွာတွင်းလမ်းများ စနစ်တကျ ဖောက်လုပ်ပေးခြင်း။


(ဃ) ကျေးရွာသစ်များအတွက် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးခြင်း။

(င) ကျေးရွာသစ်များ လျှပ်စစ်မီးရရှိရေးအတွက် အထက်ပေါင်းလောင်း ဓာတ်အားပေးစက်ရုံမှ ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် နေအိမ်များအရောက် မီတာတပ်ဆင်ခြင်းများ ဆောင်ရွက်ပေးခြင်းများ ဖြစ်ပါသည်။

ယခုအခါတွင် အထက်တွင်ဖော်ပြခဲ့သော ဆောင်ရွက်ပေးရန်လုပ်ငန်းများကို အဆင့်လိုက်ဆောင်ရွက်ခဲ့ရာ အားလုံးနီးပါး ဆောင်ရွက်ပြီးခဲ့ပြီး ကျေးရွာသစ်နေရာများတွင် အားလုံးရွှေ့ပြောင်းနေထိုင်လျက်ရှိကြပြီဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားရရှိ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ဓာတ်အားလိုင်းလုပ်ငန်းများ အများစုပြီးစီးနေပြီဖြစ်၍ မကြာမီ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှလည်း ရေဝပ်ရွှေ့ပြောင်းကျေးရွာများနေ ပြည်သူများအတွက် စိုက်ပျိုးအသက်မွေးမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ကျေးရွာ ၂၃ ရွာမှ တင်ပြတောင်းခံထားသော ကျေးရွာဧရိယာ ၁၄၁၁ ဧကနှင့် စိုက်ပျိုးမြေဧရိယာ ၈၂၉၇ ဧက စုစုပေါင်း ၉၇၀၈ ဧကအား သစ်တောမြေအဖြစ်မှ ပလပ်ဆောင်ရွက်ပေးမှုဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်း ကျေးရွာနေပြည်သူများမှ ဆောင်ရွက်လိုသော မွေးမြူရေးလုပ်ငန်းများအတွက် ကွင်းဆင်းလေ့လာပြီး မွေးမြူရေးရန်ပုံငွေများ ထုတ်ချေးရေးလုပ်ငန်းများလည်း ကူညီဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။



စစ်တောင်းမြစ်ဝှမ်းရေအားအရင်းအမြစ်များ

ယခင်က နေပြည်တော်၊ တပ်ကုန်းမြို့နှင့် ပင်လောင်းမြို့အကြား ဤနေရာဒေသကို ရောက်လျှင် ရွာငယ်များ မလှမ်းမကမ်းတွင် မြင်တွေ့နေရရာမှ ယခုအခါတွင် အသွင်ပြောင်းပြီး မြို့ငယ်လေးတစ်ခုအဖြစ် မြင်တွေ့နေရပြီး မကြာမီကာလတွင် မြို့တစ်မြို့အဖြစ် မြင်တွေ့ရတော့မည် ဖြစ်ပါသည်။

ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသကဲ့သို့ နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကိုလည်း ထပ်မံဖြည့်ဆည်းပေးမည့် ၁၄၀ မဂ္ဂါဝပ်တပ်ဆင်ထားသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ မကြာမီဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ပါသည်။ ဤသို့အောင်မြင်အောင် ဆောင်ရွက်နိုင်မှု၏ အခြေခံအချက်များမှာ တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခဲ့မှုကြောင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အားပေးထောက်ကူမှုကြောင့်လည်းကောင်း၊ ဒေသခံအဖွဲ့အစည်းများနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အနီးကပ်ကူညီမှုများကြောင့် လည်းကောင်း၊ ဒေသခံပြည်သူ တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးရေးကိစ္စများအပေါ် စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ အားသွန်ခွန်စိုက် ကြိုးပမ်းမှုများကြောင့်လည်းကောင်း အောင်မြင်ခြင်းကြောင့် လေးစားစွာ ဂုဏ်ပြုမှတ်တမ်းတင် တင်ပြအပ်ပါသည်။ ။

## ပြည်တွင်းရေးရာ




မိတ္ထီလာမြို့နယ် သီးကုန်းယာဉ်ရပ်နားစခန်းတွင် စည်းကမ်းမဲ့ရောင်းချနေသော ဈေးဆိုင်များကို တွေ့ရစဉ်။

❒ **သီးကုန်းမှ**

အမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ ရပ်၊ ကျေးဈေးများကို တည်ဆောက်ဖွင့်လှစ်ပေးနေမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့ပါသည်-

**ဦးကျော်လင်း**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

သီးကုန်းယာဉ်ရပ်နားစခန်းမှာ ပျံကျဈေးသည်တွေအတွက် အခွန်အခပေးစရာလုံးဝမလိုတဲ့ ရပ်၊ ကျေးဈေးကို တည်ဆောက်ပေးထားပါတယ်။ ဘာကြောင့်တည်ဆောက်ပေးရသလဲဆိုရင် ဈေးသည်တွေ ယာဉ်ရပ်နားကွင်းအတွင်းမှာ ဝင်ရောက်ရောင်းချတဲ့အတွက် ရောင်းသူရော၊ ယာဉ်ရပ်နားသူပါ အဆင်မပြေလို့ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့ဌာနက အောက်ခံသမံတလင်း၊ ရေမီးနဲ့ အမိုးအကာပါတဲ့ ရပ်၊ ကျေးဈေးကို တည်ဆောက်ပြီး နေရာချထားခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုနေရာချထားပေးရာမှာ ပျံကျဈေးသည်တွေအနေနဲ့ စိတ်ပါဝင်စားမှုရှိပေမယ့် နေရာသစ်မှာ ရောင်းချရင် အရောင်းအဝယ်ပါးသွားမလားဆိုပြီး စိုးရိမ်စိတ်ကြောင့် မပြောင်းရွှေ့သေးဘဲ ရှိနေကြပါတယ်။ ဒါပေမယ့် မကြာခင်မှာ အားလုံးအဆင်ပြေသွားမယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။

**ဦးပြည့်ဖြိုးဆယ်**
**အင်ဂျင်နီယာမှူး(မြို့ပြ)**
**ရန်ကုန်-မန္တလေး**
**အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့**

သီးကုန်းယာဉ်ရပ်နားစခန်းကို စတင်ဖွင့်လှစ်ချိန်ကနေ ၂၀၁၃ နှစ်ကုန်ပိုင်းအထိ မော်တော်ယာဉ်ဝင်ရောက်မှုနည်းပါးသလို ပျံကျဈေးရောင်းတာလည်း တစ်ဦး၊ နှစ်ဦးပဲရှိပါတယ်။ ၂၀၁၄ ခုနှစ် နှစ်ဆန်းကစပြီး လမ်းအသုံးပြုသူတွေ များလာသလို ယာဉ်ရပ်နားစခန်းမှာ လာရောက်ရောင်းချတဲ့ပျံကျဈေးသည် အရေအတွက်ကလည်း တဖြည်းဖြည်းများပြားလာပါတယ်။ သီးကုန်းယာဉ်ရပ်နားစခန်းက အသွား၊ အပြန်နှစ်ဖက်စလုံးမှာရှိတဲ့အတွက် နေ့စဉ်ပျံကျဈေးသည် ၈၀ က ဒေသထွက်ကုန်တွေနဲ့ မုန့်ပဲသရေစာတွေကို ရောင်းချနေပါတယ်။

အခုနောက်ပိုင်းမှာ ပျံကျဈေးသည်တွေ ပိုများလာသလို ခရီးသွားတွေရဲ့ လုံခြုံရေးနဲ့ ယာဉ်ရပ်နားစခန်းရဲ့ သန့်ရှင်းမှုကို အများကြီးထိခိုက်လာပါတယ်။ ဒါ့အပြင် ယာဉ်ရပ်နားကွင်းအတွင်းမှာ တဲထိုးနေထိုင်ပြီး ဈေးရောင်းချတဲ့အတွက် မော်တော်ယာဉ်တွေရဲ့ လုံခြုံစိတ်ချစွာရပ်နားနိုင်မှုနဲ့ မီးဘေးအန္တရာယ်တွေပါ စိုးရိမ်လာခဲ့ပါတယ်။

ဒီလိုအခြေအနေတွေကို ကျွန်တော်တို့ အမြန်လမ်းအဖွဲ့အနေနဲ့ လေ့လာတွေ့ရှိသလိုလမ်းအသုံးပြုသူ ခရီးသွားပြည်သူတွေရဲ့ အမြန်လမ်းအသုံးပြုမှုအပေါ် အကြံပြုချက်တွေမှာလည်း တွေ့ရပါတယ်။ ဒါကြောင့် ခရီးသွားပြည်သူတွေလည်း စိတ်အေးချမ်းလုံခြုံစွာနဲ့ ယာဉ်ရပ်နားစခန်းကိုအသုံးပြုနိုင်သလို စခန်းပတ်ဝန်းကျင်ကျေးရွာတွေက ဒေသခံပြည်သူတွေအနေနဲ့ ဒေသထွက်ကုန်တွေနဲ့ မုန့်ပဲသရေစာတွေကို စနစ်တကျရောင်းချနိုင်ဖို့အတွက် ၂၀၁၄ ခုနှစ် ဧပြီလကစပြီး ရပ်၊ ကျေးဈေးကိုတည်ဆောက်ခဲ့ပါတယ်။

ရပ်၊ ကျေး ဈေးတည်ဆောက်တဲ့နေရာမှာလည်း လက်ရှိပျံကျဈေးသည်တွေရဲ့ ဈေးရောင်းချမှုကိုထိခိုက်မှုမရှိအောင်၊ ယာဉ်ရပ်နားစခန်းကို အသုံးပြုတဲ့ပြည်သူတွေအနေနဲ့လည်း အဆင်ပြေအောင် ယာဉ်ရပ်နားကွင်းအတွင်းမှာ မူလဈေးဆိုင်ကြီးတွေရဲ့ ဘေးမှာ အကျယ်ပေ (၁၀၀×၂၀၀) ရှိတဲ့မြေကွက်မှာ ခန်းဖွင့်အကျယ်ရှစ်ပေပတ်လည်ရှိတဲ့ ဆိုင်ခန်းပေါင်း ၆၄ ခုပါဝင်တဲ့ ရပ်၊ ကျေးဈေးနှစ်ခုကို တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်တဲ့နေရာမှာလည်း မိုးလုံလေလုံအောင် ဆောင်ရွက်ပေးထားပြီး ကြမ်းခင်းကိုကွန်ကရစ်ခင်းပေးထားပါတယ်။ ဒါ့အပြင် ဈေးဆိုင်တွေအတွက် မီးသွယ်တန်းပေးထားတဲ့အပြင် ရေရရှိအောင်လည်း စီစဉ်ပေးထားပါတယ်။ အခုလိုတည်ဆောက်ပေးတဲ့အတွက် နိုင်ငံတော်က ငွေကျပ်သန်း ၇၀ ကျော်ကို အသုံးပြုထားပါတယ်။

ရပ်၊ ကျေးဈေးက ဈေးဆိုင်ခန်းတွေကို မည်သူမဆိုလာရောက်ရောင်းချနိုင်ပါတယ်။ ရောင်းချတဲ့အတွက် အခန်းငှားရမ်းခ ပေးစရာလုံးဝမလိုပါဘူး။ အသုံးပြုတဲ့ လျှပ်စစ်မီတာခကို စုပေါင်းပေးဆောင်ရမှာဖြစ်ပါတယ်။ ဆိုင်ခန်းတွေကို နေရာချထားပေးဖို့အတွက် အခုလက်ရှိ ယာဉ်ရပ်နားစခန်းအတွင်းမှာ ရောင်းချနေတဲ့ ပျံကျဈေးသည်တွေက ကော်မတီတစ်ရပ်ဖွဲ့ပြီး သူကိုယ်ကိုယ်တိုင် စီမံနိုင်ခွင့်ပေးထားပါတယ်။ ကျွန်တော်တို့ကတော့ လိုအပ်တာတွေကို ကူညီပေးဖို့နဲ့ ဥပဒေစည်းမျဉ်းစည်းကမ်းတွေအရ ကူညီပေးဖို့ပဲရှိပါတယ်။

အခုလက်ရှိမှာတော့ ရပ်၊ ကျေးဈေးကို ပြောင်းရွှေ့ရောင်းချဖို့အတွက် ဈေးသည်တွေအနေနဲ့ စိုးရိမ်မှုရှိတာကိုလည်း သိရပါတယ်။ ဘာကြောင့်လဲဆိုတော့ မူလက ကားကွင်းနဲ့ ဈေးဆိုင်ကြီးတွေအကြား လမ်းကြားမှာ ရောင်းချရတဲ့ အနေအထားနဲ့ နေရာပြောင်းရွှေ့သွားလို့ ခရီးသည်တွေရဲ့ ဝယ်ယူအားပေးမှု လျော့ကျသွားမလားဆိုပြီး စိုးရိမ်နေတာဖြစ်ပါတယ်။ တကယ်တော့ ခရီးသည်တွေအနေနဲ့ ဈေးဆိုင်တန်းတွေကို သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း စနစ်တကျ ဝယ်ယူနိုင်တာကို ပိုလိုလားကြတယ်လို့ သိရပါတယ်။

ရပ်၊ ကျေးဈေးတန်းတွေ ဖြစ်ပေါ်လာအောင်လည်း သူတို့ကိုယ်တိုင်အကြံပြုထားတာပါ။ ကျွန်တော်တို့က ခရီးသွားပြည်သူတွေရဲ့ လိုအပ်ချက်နဲ့ အမြန်လမ်းဘေးဝဲယာမှာရှိတဲ့ ကျေးရွာတွေက ပြည်သူတွေ အလုပ်အကိုင်ရရှိစေဖို့အတွက် အခုလိုနိုင်ငံတော်ပိုင်းက အကုန်အကျခံတည်ဆောက်ပေးတာဖြစ်ပါတယ်။ ဒီလိုတည်ဆောက်ပေးလို့လည်း အကျိုးအမြတ် တစ်စုံတစ်ရာရရှိဖို့ မမျှော်မှန်းပါဘူး။ ပြည်သူတွေ အဆင်ပြေဖို့ကိုရည်ရွယ်ပြီး ဆောင်ရွက်ပေးတာဖြစ်ပါတယ်။

အခုလို ဆောင်ရွက်ရာမှာလည်း ကျွန်တော်တို့ ဌာနတစ်ခုတည်း ဆောင်ရွက်လို့မရနိုင်ပါဘူး။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့တွေနဲ့ ဒေသခံပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုက အများကြီးအရေးကြီးပါတယ်။ နိုင်ငံတကာမှာလည်း အမြန်လမ်းမကြီးတွေပေါ်မှာ ယာဉ်ရပ်နားစခန်းတွေရှိပါတယ်။ အဲဒီစခန်းတွေမှာလည်း အခုလိုပဲ ဈေးဆိုင်ကြီးငယ်မျိုးစုံရှိပါတယ်။ သူတို့နိုင်ငံတွေမှာတော့ အခွန်အခပေးဆောင်ပြီးတော့ ရောင်းချရတာဖြစ်ပါတယ်။ ကျွန်တော်တို့ အခုတည်ဆောက်ပေးတဲ့ ရပ်၊ ကျေးဈေးက အခွန်အခပေးစရာလုံးဝမလိုတဲ့အပြင် မည်သူမဆိုလာရောက်ရောင်းချနိုင်ပါတယ်။ ။

■




မိတ္ထီလာမြို့နယ် သီးကုန်းယာဉ်ရပ်နားစခန်းတွင် ပျံကျဈေးသည်များ စနစ်တကျရောင်းချနိုင်ရန် တည်ဆောက်ပေးထားသော ရပ်၊ ကျေးဈေးကို တွေ့ရစဉ်။

မိတ္ထီလာမြို့နယ် သီးကုန်းယာဉ်ရပ်နားစခန်းတွင် ပျံကျဈေးသည်များ စနစ်တကျရောင်းချနိုင်ရန် တည်ဆောက်ပေးထားသော ရပ်၊ ကျေးဈေးကို တွေ့ရစဉ်။



# မကွေးမြို့နယ် ကန်ပြားကျေးရွာ အောင်ရတနာဓာတ်ဆီဆိုင် မီးလောင်မှုဖြစ်ပွား



**မကွေး နိုဝင်ဘာ ၁၅**

မကွေးမြို့နယ် ကန်ပြားကျေးရွာ အုပ်စု ကန်ပြားကျေးရွာရှိ အောင်ရတနာဓာတ်ဆီဆိုင်တွင် ယမန်နေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ က ပီပါများအတွင်းသို့ ဆီလှယ်ထည့်စဉ် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဂါလန် ၂၈၀၀ ဆံ့ ဆီဘောက်ဆာအတွင်းမှ ပီပါများအတွင်းသို့ ဆီလှယ်ထည့်စဉ် တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်ကာ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားရာ နေရာသို့ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးစီးသည့် တပ်ဖွဲ့ဝင် ၄၁ ဦးနှင့် မီးသတ်ယာဉ် ရှစ်စီး၊ မင်းဘူးမြို့နယ်မှ မီးသတ်ယာဉ် နှစ်စီး၊ ရေနံချောင်း၊ နတ်မောက်မြို့သစ်၊ တောင်တွင်းကြီးမြို့နယ်များမှ မီးသတ်ယာဉ် ခုနစ်စီး၊ တပ်မတော်(လေ)မှ ရေသယ်ယာဉ်တစ်စီး၊ ဆည်မြောင်းဦးစီးဌာနမှတစ်စီး၊ စည်ပင်သာယာရေးအဖွဲ့မှ တစ်စီး စုစုပေါင်း ၂၃ စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။ မီးလောင်မှုဖြစ်စဉ်တွင် အောင်ရတနာ ဓာတ်ဆီဆိုင်၏ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းဆိုင်ခန်း လေးခန်း၊ စက်သုံးဆီပီပါ အလုံး ၁၃၀ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# တရားမဝင်သစ်များ သိမ်းဆည်းရမိ

**ပဲခူး နိုဝင်ဘာ ၁၅**

ပဲခူးခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းဝင်းဦးဆောင်သော သစ်တောဝန်ထမ်းများသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်း သယ်ဆောင်မှုများအား ရှောင်တခင် စစ်ဆေးရာ နိုဝင်ဘာ ၁၁ ရက် ညက ရန်ကုန်-အမြန်လမ်းမိုင်တိုင် (၄၉/၁) တွင် မောင်းနှင်လာသော ယာဉ်အမှတ် 6H/ . . . . အီဆူဇူး ခြောက်ဘီးယာဉ်အား မသင်္ကာသဖြင့် ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် တောင်သရက်ခွဲသား ၇၄ ချောင်း (၄ ဒသမ ၂၆၈၂ တန်)နှင့် မိုင်တိုင်အမှတ် (၅၁/၀)အနီး၌ ယာဉ်အမှတ် ၆က/. . . ဒိုင်နာ(၆) ဘီးယာဉ်အား ဆက်လက်စစ်ဆေးရာ သင်္ဂဒူးခွဲသား ၄၉ ချောင်း (၃ ဒသမ ၀၈၀၀ တန်) တို့အား သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် အမြန်လမ်းတစ်လျှောက် ဆက်လက်စစ်ဆေးရာ ဒိုက်ဦးမြို့နယ် ပေါက်တပင်တံတားပေါ်တွင် ယာဉ်မောင်း ဦးသက်လွင် မောင်းနှင်လာသော ယာဉ်အမှတ် ၇ခ/. . . နစ်ဆန်းယာဉ်အား စစ်ဆေးရာ ပျဉ်းကတိုးခွဲသား ၂၀၄ ချောင်း (၆ ဒသမ ၀၄၇၂ တန်)အား သိမ်းဆည်းရမိသဖြင့် သစ်တောဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**(၀၇၅)**

# ကုန်ရထားလမ်းချော်

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာလာသော ရန်ကုန်-သာစည်အမှတ်(၉၉၃)အဆန်ကုန်ရထားသည် နိုဝင်ဘာ ၁၃ ရက် နံနက် ၆ နာရီ ၁၂ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ငှက်သိုက်ဘူတာမှ ထွက်ခွာလာစဉ် လမ်းချော်ကျမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်တွင် စက်ခေါင်းအမှတ် DF-2016 သည် အဆန်လမ်း၏အနောက်ဘက်သို့ လဲသွားခဲ့ပြီး တွဲဆိုင်းပါကုန်တွဲများအနက်မှ ကုန်တွဲငါးတွဲလမ်းချော်မှုဖြစ်ပွားခဲ့သဖြင့် အစုန်လမ်း၊ အဆန်လမ်းကို ခေတ္တပိတ်ထားခဲ့သည်။

ဖြစ်ပွားရာသို့ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းအမှတ်(၅)မှ တိုင်းအရာရှိများ ရောက်ရှိလာကြပြီး သာစည်ကရိန်း၊ ပျဉ်းမနားကရိန်းနှစ်စီးနှင့် လမ်းပိုင်းအမြန်ဖွင့်လှစ်နိုင်ရေး ကြိုးကြပ်ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအစုန်လမ်းအား ညနေ ၅ နာရီ ၁၁ မိနစ်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး အဆန်လမ်းပိုင်းအား အမြန်ပြီးစီးနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်ဖြစ်ပွားရခြင်းမှာ ရာသီဥတုအပူရှိန်ပြောင်းလဲမှုကြောင့် သံလမ်းတွန့်ခြင်းနှင့် သံလမ်းကူးနေရာ အားနည်းမှုရှိနိုင်ခြင်းတို့ကြောင့် ဖြစ်ပွားရကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ထိခိုက်မှုမရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**(ကြေးမုံ)**

# လှိုင်သာယာ၌ အထည်ချုပ်စက်ရုံမီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁၅**

လှိုင်သာယာမြို့နယ် စက်မှုဇုန် (၂) ဦးမြဲလမ်းရှိ OPAL(1)အထည်ချုပ်စက်ရုံ၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၃ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က အဆိုပါစက်ရုံ၏ ပိတ်ဖြတ်ဌာန (cutting) တွင် အသုံးပြုသော အပူပေးကော်ကပ်စက်၏ အပူရှိန်ကြောင့် အနီးရှိပစ္စည်းများကို မီးလောင်ကျွမ်းရာမှ စတင်၍ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ရဲမှတ်တမ်းအရ သိရသည်။

မီးလောင်ရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ၄၄ စီး၊ ရေသယ်ယာဉ် ခုနစ်စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၇ နာရီ ၁၀ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ၈ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် မီးငြိမ်းသတ်နေသည့် အရန်မီးသတ်တပ်သားရန်အောင်ကို(၂၃)နှစ် (၆) ရပ်ကွက် လှိုင်သာယာမြို့နေသူမှာ ပြတင်းပေါက်မှ မှန်ကွဲစပြုတ်ကျသဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လှိုင်သာယာဆေးရုံသို့ တင်ပို့ခဲ့သည်။

မီးလောင်မှုကြောင့် ပိတ်ဖြတ်ဌာန သွပ်မိုးအဆောက်အအုံ တစ်လုံး၊ အပ်ချုပ်စက်အလုံး ၁၀၀ ခန့်နှင့် အထည်အလိပ်များ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

**(၀၃၇)**

# ချောင်းသာကမ်းခြေတွင် ရေနစ်သေဆုံး

**ပုသိမ် နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာကမ်းခြေ အမှတ်(၁) ရပ်ကွက် အုန်းတောအတွင်းရှိ တည်းခိုခန်းတွင် ရောက်ရှိတည်းခိုလျက်ရှိသော မောင်---(၂၀)နှစ် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်နေသူသည် နိုဝင်ဘာ ၁၂ ရက်က အစ်ကို၊ အစ်မဖြစ်သူတို့နှင့်အတူ အုန်းတောကမ်းခြေတွင် ရေဆင်းကူးရာမှ ပင်လယ်ရေဆွဲအားကြောင့် ရေနက်ပိုင်းသို့ ရောက်ရှိပြီး နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

ရေနစ်သူ ပြန်လည်တွေ့ရှိနိုင်ရေးအတွက် ချောင်းသာနယ်မြေရဲစခန်းမှ ရေပြင်အသက်ကယ်အဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကမ်းခြေတစ်လျှောက် လိုက်လံရှာဖွေလျက်ရှိရာ နိုဝင်ဘာ ၁၃ ရက် နံနက်တွင် အလောင်းအား ကမ်းခြေသောင်ပြင်၌ ပြန်လည်တွေ့ရှိသဖြင့် ချောင်းသာနယ်မြေရဲစခန်းက သေမှုသေခင်းဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မောင်မောင်မြင့်(IPRD)**


| သမ္မတ၊ သွင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(၁) Top Royal မန္တလေး-ဝင်းလိုက်၊ မြို့မ | နေပြည်တော်(၂)၊ မင်္ဂလာစံပြ၊ မင်္ဂလာ(၂) မန္တလေး မင်္ဂလာဒိုင်းမွန်း၊ အောင်သီရိ(လားရှိုး) | ရွှေဆောင်(၁) ၊ မင်္ဂလာစံပြ မင်္ဂလာဒိုင်းမွန်း (မန္တလေး) | နေပြည်တော်(၁)၊ မဟာမြိုင်(အင်းစိန်) မင်္ဂလာဒိုင်းမွန်း (မန္တလေး) | ရွှေဆောင်(၂) မြို့မ (နံနက် ၁၀း၀၀ နာရီ) / နေပြည်တော်(၃) |
| --- | --- | --- | --- | --- |




| သမ္မတ | သွင် | မင်္ဂလာ(၁) သိမ်ကြီးဈေး | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) | မင်္ဂလာစံပြ | ရွှေဆောင်(၁) | ရွှေဆောင်(၂) | နေပြည်တော် | Top Royal(မိုးကောင်း-ပါရမီ) | ဝင်းလိုက်(မန္တလေး) | မြို့မ(မန္တလေး) | မင်္ဂလာဒိုင်းမွန်း(မန္တလေး) |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| ၀၁-၂၄၆၉၆၂ | ၀၁-၃၇၂၅၉၄ | ၀၁-၂၄၃၁၅၇ | ၀၉၇၃၂၅၄၀၉၁ | ၀၉၇၃၀၃၇၆၀၀၀ | ၀၁-၂၅၂၁၁၃ | ၀၁-၃၇၀၇၈၇ | ၀၁-၂၅၁၂၇၇ | ၀၉၄၂၀၁၀၆၂၉၁ | ၀၂-၃၉၁၂၂၈ | ၀၂-၃၉၁၁၄၆ | ၀၉၄၀၂၇၆၅၆၄၁ |
| ၀၁-၂၄၆၉၆၃ | ၀၉၇၃၂၃၅၅၆၀ | ၀၁-၂၄၃၁၅၈ | ၀၉၇၃၂၅၄၀၉၂ | ၀၉၇၃၀၃၇၆၁၁၁ | ၀၁-၃၈၈၀၃၄ | ၀၉၇၃၀၀၁၇၀၄ | ၀၁-၂၅၁၂၈၈ | ၀၉၄၂၀၁၀၆၂၉၂ | ၀၂-၆၀၂၉၁ | ၀၂-၃၉၁၃၇ | ၀၉၄၀၂၇၆၅၆၄၂ |

Mingalar Cinemas facebook





# စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းဆင်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

လူသားအရင်းအမြစ်စွမ်းဆောင်နိုင်အားကို အပြည့်အဝအသုံးကျအောင် စီမံဆောင်ရွက်နိုင်မှသာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မှာဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူ၊ မကွေး၊ မြင်းခြံမြို့များတွင် စက်မှုသင်တန်းကျောင်းခြောက်ကျောင်း ဖွင့်လှစ်၍ တစ်နှစ်သင်တန်းများဖြင့် အရည်အချင်းပြည့်ဝသည့် စက်မှုကျွမ်းကျင်လုပ်သား ၁၀၀၀ ကျော်ကို နှစ်စဉ် လေ့ကျင့်မွေးထုတ်ပေးနေပြီး သင်တန်းဆင်းများအလုပ်အကိုင်ရရှိရေးအတွက်လည်း ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနေကြောင်း ဒုတိယဝန်ကြီး ဦးမျိုးအောင်က နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့အေးသာယာ စက်မှုဇုန်ခန်းမ၌ ကျင်းပသော စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းအခမ်းအနား၌ ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ ကျေးလက်လူမှုစီးပွားဘဝ၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်(၈)ရပ်အကောင်အထည်ဖော်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးနှင့်အတူ ထူးချွန်သင်တန်းသားများအား ဆုများချီးမြှင့်ပေးအပ်ကြသည်။

စက်မှုဝန်ကြီးဌာနသည်ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် အဆိုပါသင်တန်းကိုတောင်ကြီးမြို့ အေးသာယာစက်မှုဇုန်၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်း၌ သံဂဟေဆက်ပညာရပ်၊ စိုက်ပျိုးရေးလုပ်ငန်းသုံး အင်ဂျင်နှင့်မော်တော်ဆိုင်ကယ် အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်းပညာရပ်တို့ကို သင်ကြားပေးခဲ့ပြီး ရွေ့လျားသင်တန်းအမှတ်စဉ်(၁)မှ (၅)အထိ သင်တန်းသားစုစုပေါင်း ၂၇၆ ဦးအား သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# စာတည်းမှူးထံ ပေးစာများ

## စပါးရိတ်သိမ်းချိန် အင်းတမံများတုတ်ပေးစေချင်

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် သောကြာကျေးရွာအုပ်စုနှင့် ကံဆိပ်ကျေးရွာအုပ်စုတို့မှ လယ်သမားများ စပါးရိတ်သိမ်းချိန်အမီ နှစ်စဉ်နှစ်တိုင်း အင်းသားကြီးများ အဆက်ဆက် အင်းတမံများတုတ်ပေးခဲ့ကြသော်လည်း ယခုနှစ် အင်းတမံများတုတ်ပေးချိန်တွင် အင်းသားကြီးများက တမံများမတုတ်ပေးနိုင်ကြောင်း ငြင်းဆိုခဲ့သည်။

အင်းတမံများမတုတ်ပေးပါက စိုက်ပျိုးထားသော လယ်မြေဧက ၄၀၀၀ ကျော်အတွင်းရှိ ရင့်မှည့်ပြီး စပါးများရေမြုပ်ပြီး စပါးတင်းရေ သုံးသိန်းခန့်ပျက်စီးဆုံးရှုံးရဖွယ်ရှိပါသောကြောင့် အင်းတမံများအချိန်မီတုတ်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြအပ်ပါသည်။ **(တောင်သူများ)**

## (၃၉)လမ်း(အလယ်)က အန္တရာယ်ရှိအဆောက်အအုံ

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၃၉)လမ်း(အလယ်)(၈)ရပ်ကွက်ရှိ အိမ်အမှတ် (၁၈၆) တိုက်ဝရန်တာအုတ်အင်္ဂတေပြိုကျမှု အောက်တိုဘာ ၁၉ရက် ညပိုင်းကဖြစ်ပွားခဲ့ရာ လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိသော်လည်း လမ်းမပေါ်တွင် ရပ်ထားသောကားတစ်စီးမှာ ဆိုးဆိုးရွားရွားပျက်စီးဆုံးရှုံးသွားခဲ့သည်။ ထိုကဲ့သို့ အန္တရာယ်ရှိသော အဆောက်အအုံကြောင့် အနီးအနားတွင် နေထိုင်နေသူများ၊ လမ်းသွားလမ်းလာများ၏ အသက်အန္တရာယ်ကို စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှလိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **(လမ်းသာယာရေးအဖွဲ့)**

## အမှုန်အမွှား၊ အနံ့အသက်ဆိုးများ ရှူရှိုက်နေရ

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိလမ်းမကြီး [အောင်သိဒ္ဓိ(၃)လမ်းထိပ် မျက်နှာချင်းဆိုင်] ခြံအမှတ်(၈၁)ရှိ ဂျုံစက်ရုံမှ နေ့၊ ညလည်ပတ်၍ ဂျုံမှုန့်၊ ဖုန်မှုန့်၊ အမှုန်အမွှား၊ အနံ့အသက်ဆိုးများကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်ခြင်း၊ ညအိပ်မရခြင်း၊ နေ့စဉ်ရက်ဆက် စိတ်အနှောင့်အယှက် ဖြစ်နေရသဖြင့် သက်ဆိုင်ရာမှလိုအပ်သလိုအရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(ရပ်ကွက်နေပြည်သူများ)**

## ညအချိန်မြေသယ်ယာဉ်များ၏ ဆူညံသံ တားဆီးပေးစေလို

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ထန်းပင်ကုန်းကျေးရွာ၏ ရွာလယ်လမ်းမဖြစ်သော သဇင်လမ်းမကြီးအား အသုံးချ၍ မြေသယ်ယာဉ်များဖြင့် ည ၁၁ နာရီနောက်ပိုင်းမှ စတင်ကာ တစ်ညလုံးနီးပါး မောင်းနှင်လျက် ကိုယ်ပိုင်မြေကွက်တစ်ခုသို့ မြေများဖို့လျက်ရှိသဖြင့် အဆိုပါမြေသယ်ယာဉ်များ၏ အင်ဂျင်စက်သံများ၊ အလေးချိန်ကြောင့်တုန်ခါမှုများမှာ တစ်ညလုံးနီးပါးဖြစ်နေသဖြင့် လမ်းသူ၊ လမ်းသားများနှင့် သက်ကြီးရွယ်အိုများ အိပ်ရေးပျက်ကာ ကျန်းမာရေးထိခိုက်လျက်ရှိသဖြင့် သက်ဆိုင်ရာမှ အချိန်မီတားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။

**(လမ်းသူ၊ လမ်းသားများ)**

**တွေ့ရှိပါကကျေးဇူးဆပ်ပါမည်**

ကျွန်တော်များ Smart Logistics Myanmar Co.,Ltd. ၏ အရေးကြီးသည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ Form 1 (Form of Permit)၊ ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းဖြင့်ကုန်စည်ပို့ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများကြီးကြပ်ရေးကော်မတီမှထုတ်ပေးသော ဝန်ဆောင်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်၊ အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော Master Airway Bill နှင့် House Airway Bill သုံးစွဲခွင့်လိုင်စင်၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှထုတ်ပေးသော အသင်းဝင်လက်မှတ်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**PH:09-5407404, 09-250854100**

မူးယစ် ဆန့်ကျင် အောင်ပွဲဆင်




**ရန်ကုန်စက်မှုဇုန်မှ အသိပေးနှိုးဆော်ခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိစက်မှုဇုန် (၂၉)ဇုန် အတွင်း လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော ဂိုဒေါင်နှင့် စက်မှုလက်မှုမြေကွက်လွတ်များကို ပိုင် ဆိုင်သူများအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရန်အတွက် Detail Business Planကို(၁.၁၂.၂၀၁၄) ရက်နေ့နောက်ဆုံးထား၍ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များစီမံခန့်ခွဲရေး ကော်မတီ (ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး)သို့တင်ပြရန် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပြီး ဖြစ်ပါ သည်။

၂။ သို့ဖြစ်၍ ရန်ကုန်စက်မှုဇုန်တွင် လုပ်ငန်းလုပ်ကိုင်ခြင်း မရှိသော ဂိုဒေါင်နှင့် စက်မှုလက်မှုမြေကွက်လွတ်များ ကို ပိုင်ဆိုင်သူများအနေဖြင့် Detail Business Plan နမူနာပုံစံ နှင့် Detail Business Plan အနှစ်ချုပ်ဇယားပုံစံအား ရန်ကုန်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးတွင် လာရောက်ထုတ်ယူရန်နှင့် အဆိုပါ နမူနာပုံစံများအား ပြည့်စုံစွာဖြည့်စွက်၍(၂၄.၁၀.၂၀၁၄)ရက်နေ့အရောက်မြို့နယ်အ ထွေထွေအုပ်ချုပ်ရေးမှူးရုံး (မင်္ဂလာဒုံမြို့နယ်) သို့နမူနာ ပုံစံ (၄)စုံ၊အနှစ်ချုပ် တင်ပြ ချက်ဇယား(၄)စုံအား မပျက်မကွက်ပေးပို့သွားရမည်ဖြစ်ပြီး ရန်ကုန်စက်မှုဇုန်စီမံခန့်ခွဲ ရေးကော်မတီရုံးသို့ ရုံးလက်ခံ(၁)စုံပေးပို့သွားရမည်ဖြစ်ကြောင်းအသိပေးအကြောင်း ကြား အပ်ပါသည်။

ရန်ကုန်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ

ဆက်သွယ်ရန် ဖုန်း - ၆၃၉၃၀၃၊ ၆၃၉၃၀၄၊ ၆၃၉၃၀၅

သည်းထိတ်ရင်ဖို ဝိညာဉ်ဇာတ်ကားကြီး

Junction Cineplex တွင် 14.11.2014 မှ စတင်ပြသမည့် ဇာတ်ကားများ




| | | |
|---|---|---|
| Junction Square ( Ph - 01 527055, 09 2544 24544) | | |
| Mister Babadook | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Left Behind (Dell Digital Cinema) | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| အောင်မြင်ကျော်ကြား စူးရှထက်မြက် | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| Junction Maw Tin ( Ph - 01 225 244 ) | | |
| Mister Babadook | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| အောင်မြင်ကျော်ကြား စူးရှထက်မြက် | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| Junction Nay Pyi Taw ( Ph - 067 421 615) | | |
| သက်တံသစ် | Mon to Thu | 11 AM , 2 PM , 6 . 30 PM |
| | Fri to Sun | 10 . 30 AM , 1 . 30 PM , 4 . 30 PM , 7 . 30 PM |







စီးပွားရေးနှင့်အိမ်ခြံမြေအချက်အလက် အများဆုံးပါဝင်သောဂျာနယ်

ကြော်ငြာများထည့်သွင်းလိုပါက ဂျာနယ် ၀၉-၃၁၀၀၈၄၆၈၊ ၀၉-၄၃၁၈၅၀၄၇

**အိမ်ခြံမြေရောင်း / ဝယ် / ငှားအချက်အလက် +30,000**

- အဆင့်မြင့်လူနေတိုက်ခန်း ၄ဆတိုးလာဖွယ်ရှိတဲ့ ရန်ကုန်မြို့
- ထပ်မံမြင့်တက်လာဦးမည့် မြန်မာအိမ်ခြံမြေဈေးကွက်
- အိမ်ခြံမြေ ရောင်းဝယ်မမှားစေရန် MRESA ကူညီမည်
- ဟိုတယ်ဇုန်တည်ဆောက်မည့် မောင်တောစီမံကိန်း
- တစ်ပေပတ်လည် ၇ သိန်းကျော်ရှိသည့် ပြည်တာဝါ
- ကားမရပ်ရ လမ်းများ ထပ်မံတိုးချဲ့မည့် ရန်ကုန်မြို့တော်
- ရှယ်ယာတန်ဖိုးဆုံးဖြတ်ခြင်းနှင့်သင့်ရင်းနှီးမြှုပ်နှံမှုပြန်ရခြင်း
- အများပြည်သူသုံး Wifi ကွန်ယက်၏ ဘေးထွက်ဆိုးကျိုး
- ရန်ကုန်မြို့တော် ပြင်ပနယ်နိမိတ်(၁၁)မြို့နယ်၏မြေကွက်စံနှုန်းများ

ပါဝင်နေကျ နောက်ဆုံးရ စီးပွားရေးသတင်းများ၊ အိမ်ခြံမြေသတင်းများ၊ ဥပဒေ၊ စီးပွားရေးသုံးသပ်ချက်၊ အိုင်တီ၊အားကစား၊ ကားဈေးနှုန်းနှင့်အခြားကဏ္ဍများ...

www.shwesathtagan.com တနင်္ဂနွေနေ့တိုင်းထွက်ရှိနေပါပြီ

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော်၏သားဖြစ်သူ မောင်မင်းသန့်[၁၂/သဃက(နိုင်)၁၉၁၇၃၆] ကိုင်ဆောင်သူသည် မိဘများသဘောမတူညီသည့် အပြုအမူမျိုးဖြင့် မိဘများကို အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ) မိခင်-ဒေါ်အေးအေးအောင်[၈/ပဖန(နိုင်)၀၇၁၂၅၂]

ဖခင်-ဦးဇော်မင်းထွန်း [၁၂/သဃက(နိုင်)၀၇၃၂၂၁]

**အားကစား**

# ယူရိုပြိုင်ပွဲသမိုင်း၌ ဂိုးအများဆုံးသွင်းယူနိုင်သူ စီရိုနယ်လ်ဒိုဖြစ်လာ

ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး ခရစ်စတီယာနိုရိုနယ်လ်ဒိုသည် ယူရိုပြိုင်ပွဲသမိုင်း၌ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သည့် စံချိန်သစ်တစ်ရပ်ကို ကမ္ဘည်းထိုးနိုင်ခဲ့ပြီဖြစ်သည်။ ပေါ်တူဂီအသင်းခေါင်းဆောင် စီရိုနယ်လ်ဒိုသည် ယူရိုပြိုင်ပွဲများ၏ ဝင်ခွင့်ပြိုင်ပွဲများနှင့် နောက်ဆုံးပိုလ်လုပွဲများ အားလုံးတွင် သွင်းဂိုး ၂၃ ဂိုးအထိ စံချိန်တင် သွင်းယူနိုင်ခဲ့သည်။

ထို့ကြောင့် တစ်ချိန်က ယူရိုပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သည့် ဒိန်းမတ်တိုက်စစ်မှူး သောမက်ဆန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သည်။ သောမက်ဆန်သည် ၂၀၁၀ ခုနှစ်က ဒိန်းမတ်လက်ရွေးစင်ကစားသမားဘဝမှ အနားယူသွားခဲ့သူဖြစ်သည်။ စီရိုနယ်လ်ဒိုသည် နိုဝင်ဘာ ၁၄ ရက် ညပိုင်းက ပေါ်တူဂီနှင့် အာမေးနီးယားတို့ကစားခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲဝင်ခွင့်ပွဲစဉ်တွင်လည်း တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး အဆိုပါတစ်လုံးတည်းသောဂိုးဖြင့်ပင် ပေါ်တူဂီအသင်းအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း လာလီဂါပြိုင်ပွဲတွင် သွင်းဂိုး ၃၁ ဂိုး သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဥရောပရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းကိုလည်း ချန်ပီယံလိဂ်ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင်လည်း ရီးယဲလ်မက်ဒရစ်အသင်းအတွက် လာလီဂါပြိုင်ပွဲတွင် ၁၈ ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ပွဲစဉ်(၁၁)အပြီးတွင် လာလီဂါထိပ်တန်းပြိုင်ဘက် ဘာစီလိုနာအသင်းကို နှစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားတွင် ရီးယဲလ်မက်ဒရစ်အသင်းသည် ထိပ်ဆုံးမှဦးဆောင်နိုင်ခဲ့သည်။

ယူရိုပြိုင်ပွဲသမိုင်း၌ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သည့် ကစားသမားများကို တင်ပြရလျှင် ပေါ်တူဂီအသင်းခေါင်းဆောင် စီရိုနယ်လ်ဒိုသည် ယူရိုပြိုင်ပွဲကို ပေါ်တူဂီအသင်းနှင့်အတူ ၂၀၀၄ ခုနှစ်မှစတင်ကာ လက်ရှိအချိန်ထိ ကစားလျက်ရှိရာ ပွဲပေါင်း ၃၇ ပွဲတွင် သွင်းဂိုး ၂၃ ဂိုးဖြင့် ဂိုးအများဆုံးတိုက်စစ်မှူးအဖြစ်လည်းကောင်း၊ ဒိန်းမတ်တိုက်စစ်မှူး သောမက်ဆန်သည် ၁၉၉၈ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ပွဲပေါင်း ၃၁ ပွဲကစားခဲ့ရာတွင် ၂၂ ဂိုးဖြင့် ဒုတိယဂိုးအများဆုံးတိုက်စစ်မှူးအဖြစ်လည်းကောင်း၊ တူရကီတိုက်စစ်မှူး ဟာကန်ဆူကာသည် ၁၉၉၄ ခုနှစ် ၂၀၀၇ ခုနှစ်အတွင်း ပွဲပေါင်း ၃၈ ပွဲတွင် သွင်းဂိုး ၂၂ ဂိုးသွင်းယူနိုင်ခဲ့သဖြင့် တတိယဂိုး အများဆုံးတိုက်စစ်မှူးအဖြစ်လည်းကောင်း၊ အိုင်ယာလန်တိုက်စစ်မှူး ရော်ဘီကိန်းသည် ၁၉၉၈ ခုနှစ်မှ စတင်ကာ လက်ရှိအချိန်အထိ ကစားလျက်ရှိပြီး ယူရို ပွဲစဉ် ၄၂ ပွဲတွင် ၂၀ ဂိုး သွင်းယူနိုင်ခဲ့သဖြင့် စတုတ္ထဂိုးအများဆုံး တိုက်စစ်မှူးအဖြစ်လည်းကောင်း၊ ခရိုအေးရှား တိုက်စစ်မှူး ဒေဗာဆူကာသည် ၁၉၉၁ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း ယူရိုပွဲစဉ် ၂၂ ပွဲကစားခဲ့ရာ သွင်းဂိုး ၂၀ သွင်းယူနိုင်ခဲ့ခြင်းကြောင့် ပဉ္စမမြောက် ဂိုးအများဆုံးတိုက်စစ်မှူးအဖြစ်လည်းကောင်း ယူရိုပြိုင်ပွဲတွင် သမိုင်းမှတ်တိုင်များ စိုက်ထူနိုင်ခဲ့သည်။



**(နိုင်လင်းကြည်)**


## နိုင်ငံတကာ သတင်းဂျာနယ်

ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံအကြောင်း ဇာတ်စုံသိချင်ပါသလား။
တစ်စောင်တည်းနှင့် ပြည့်စုံစေမှာ နိုင်ငံတကာသတင်းဂျာနယ်ပါ။

- မီးလျှံထဲက ဂျေရုဆလင်
- ဂျပန်ဝန်ကြီးချုပ်နှင့် တရုတ်သမ္မတ လက်ဆွဲနှုတ်ဆက်ကြပြီ
- အဆုံးမရှိသော စစ်ပွဲအသစ်ဆင်နွှဲနေသည့် အမေရိကန်
- ဆက်လက်တည့်တံ့နေမည့် မြောက်အိုင်ယာလန်မှ ငြိမ်းချမ်းရေးတံတိုင်းများ
- ရေငုပ်သင်္ဘောများ လျှို့ဝှက်တိုးမြှင့်နေသည့် တရုတ်
- အိုင်အက်စ်ခေါင်းဆောင်သေဆုံးပါက ဘာတွေဖြစ်ပျက်မည်နည်း
- အိုင်အက်စ်အဖွဲ့တွင် ဓာတုလက်နက်များ ရှိနေပြီလား
- ကမ္ဘာ့တိုက်ကြီး လေးတိုက်၌ အမေရိကန်တပ်ဖွဲ့များကိုဖြန့်ကြက်ထားမည့် စစ်ရေးမဟာဗျူဟာသစ်
- စီးပွားရေးကျဆင်းမှုကြောင့် ရုရှားသာမန်ပြည်သူများ

အပေါ် သက်ရောက်မှုရှိ စသည့် နိုင်ငံတကာသတင်းသုံးသပ်ချက်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် တနင်္လာနေ့တိုင်း ထွက်ရှိလာပြီ။

ကြော်ငြာနှင့် ဖြန့်ချိရေး ဖုန်း - ၂၉၂၈၃၀၊ ၂၉၄၂၇၊ ၀၁-၈၆၁၀၆၈၅


# ဂျာမန်လူငယ်ကြယ်ပွင့် ခရမ်မာအားခေါ်ယူရန် အာဆင်နယ်စိတ်ဝင်စား

အင်္ဂလန်ထိပ်သီးကလပ် အာဆင်နယ်အသင်းသည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏ တိုက်စစ်ကိုအားဖြည့်ရန် မိုချန်ဂလာဘတ် အသင်း၏ ဂျာမနီလူငယ်ကြယ်ပွင့် ခရစ္စတိုဖာခရမ်မာအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

အာဆင်နယ်အသင်းမှာ လာမည့် ဇန်နဝါရီကာလတွင် အရည်အသွေးမြင့်ကစားသမားသစ်များ ခေါ်ယူအားဖြည့်ရန် ပြင်ဆင်နေပြီး ဂျာမန်ကြယ်ပွင့်ခရမ်မာအား စောင့်ကြည့်လာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ခရမ်မာအား အာဆင်နယ်အသင်းအပြင် ဥရောပအင်အားကြီးကလပ်များဖြစ်ကြသည့် ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်နှင့် စပါးအသင်းတို့ကပါ ချိတ်ဆက်နေကြောင်း goal.com က ဖော်ပြခဲ့သည်။

ခရမ်မာမှာလည်း ဂျာမန်မြေမှထွက်ခွာ၍ ဥရောပကလပ်အသင်းကြီးတစ်သင်းတွင် ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သတင်းများထွက်ပေါ်နေပြီး အာဆင်နယ်အသင်းက ၎င်းအား ကြိုတင်လက်ဦးမှုရယူကာ ခေါ်ယူရန် ပြင်ဆင်နေကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြသည်။ အာဆင်နယ်အသင်းမှာ ခရမ်မာအတွက် ပေါင် ၁၂ သန်းခန့် အသုံးပြုရန် အသင့်ရှိနေပြီး စာချုပ်သစ်ချုပ်ဆိုဖြစ်ခဲ့ပါက တစ်ပတ်လုပ်ခ ပေါင်တစ်သိန်းခန့် ပေးချေရန် ပြင်ဆင်နေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ ခရမ်မာမှာ ၂၀၁၄ ကမ္ဘာ့ဖလား ချန်ပီယံ ဂျာမနီ အသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး လက်ရွေးစင်အသင်းအတွက် ရှစ်ပွဲအထိ ပါဝင်ကစားပေးခဲ့သူဖြစ်ကြောင်း သိရသည်။

**(ကိုရဲ)**


ဒီဇင်ဘာ မြူနှင်းဝေချိန်မှာ ပျော်ရွှင်မှုနှင့်အတွေ့အကြုံသစ်များ ရရှိခံစားစေဖို့
"Nice Fare Travel Co.,Ltd." IATA နှင့် ခရီး သွားကြစို့ ....

- ချမ်းမြေ့ပျော်ရွှင် 'ဗန်ကောက်၊ ပတ္တရား' ခရီးစဉ် (၅ ညအိပ် ၊ ၆ ရက်) (28Dec) 4 Star Hotel
- ချမ်းမြေ့ပျော်ရွှင် 'ဗန်ကောက်၊ ဖူးခက်' ခရီးစဉ် (၅ ညအိပ် ၊ ၆ ရက်) (28Dec) 4 Star Hotel
- သာယာကြည်နူး 'စင်ကာပူ' ခရီးထူး (၄ ညအိပ် ၊ ၅ ရက်) (21 Dec) 4 Star Hotel
- ချမ်းမြေ့ကြည်နူး 'ကိုရီးယား' ခရီးထူး (၇ ညအိပ် ၊ ၈ ရက်) (25Dec) 4 Star Hotel
- သာယာပျော်ရွှင် 'ဂျပန်' ခရီးစဉ် (၇ ညအိပ် ၊ ၈ ရက်) (25Dec) 4 Star Hotel

Tour Leader အငှားမခေါ် ၊ MD , GM , Director , Tour Manager များနှင့် အတွေ့အကြုံရှိဝါရင့်ဝန်ထမ်းများမှလိုလေသေးမရှိ အနီးကပ်ပြုစုစောင့်ရှောက်ပေးလျက်ရှိပါသည်။
ခရီးစဉ် အသေးစိတ် သိရှိလိုပါက- ၀၁- ၂၅၅၆၉၉၊ ၀၉၅၁၃၉၂၄၃၊ ၀၉၂၅၅၉၂၇၆၁၈



ရွှေပြည်မြန်မာ 09-73207416,420248633
- ‌တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
- ပုဂံ(ရွှေစည်းခုံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ-သိမ်ဟိုင်ရှင်
- ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ
- မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ

Nov 21, 28, Dec 5,12,19,24,30
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ခရီးစဉ်မျိုးစုံ ကားမျိုးစုံ စင်းလုံးငှားဆောင်ရွက်ပေးသည်။



Oct 2014 မှ Apr 2015 အတွင်း
Restaurant, Hotel Package, (Express SCANIA 2+1/2+2 VIP)ကားသစ်ကြီးများဖြင့်
50% Discounts
တောင်ကြီး-အင်းလေး-ကလော-ပွေတော်ကတ္တူ-ပင်းတယ-ထမ့်စမ်း
VIP 2+2 Car ၄ည/၅ရက် 320000 160000 Nov-28 Dec-23
ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ
VIP 2+2 Car ၃ည/၄ရက် 180000 90000 Nov-28 Dec-23
Ph: 09-420073607, 09-31013761, 09-49250637



ရွှေသမင်စာပေ
လရောင်ကျူးရင့်
ချစ်ရပါသော ကြွေ



ENTRY FREE

Yangon
Nay Pyi Taw Cinema Hall
21st Nov. 18:30 - Happy Flight
22nd Nov. 18:30 - The Place Promised In Our Early Days & The Garden of Words
23rd Nov. 18:30 - Hanamizuki

English Subtitle for "Hanamizuki" and "Happy Flight"
Myanmar Subtitle for "The Place Promised In Our Early Days" and "The Garden of Words"
"The Place Promised In Our Early Days" နှင့် "The Garden of Words" ဇာတ်ကားများကိုမြန်မာစာတန်းထိုးဖြင့်ပြသပါမည်။

Organized by
the Emabassy of Japan in Myanmar
and the Japan Foundation

JAPANESE
FILM FESTIVAL 2014




JAPAN FOUNDATION

For further information, please contact information and Culture Section at the Embassy of Japan in Myanmar. Tel : 01-549644~8 ( Mon-Fri 9am to 5pm)



BEAUTY CHOICE
美容美发中心

- သင်အလုပ်များသောဖိအားကြောင့် ဇက်ကြောတက်နေသလား?. . . ညောင်းညာကိုက်ခဲနေသလား?. . .
- သင်အိပ်ရေးပျက်သောဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်နေသလား?. . .
- သင်ခန္ဓာကိုယ်မှ အဆီပိုများနှင့် နှုတ်ဆက်ချင်သလား?. . .

**BEAUTY CHOICE beauty centre** သည် ဆံစကနေ ခြေဖျားထိ သင့်၏ကျန်းမာရေးနှင့် လှပမှုများကိုစောင့်ရှောက်ထိန်းသိမ်း ဖန်တီးပေးနေပါသည်။

အထူး
- သဘာဝအတိုင်း မျက်ခုံးမွေးစိုက်ပေးခြင်း
- နှုတ်ခမ်းအရောင်သွင်းပေးခြင်း
- ခြေထောက်တိုင်းရင်းဆေးစိမ်ခြင်း (foot massage)

ဤသတင်းစာကြော်ငြာနှင့် လာလျှင် **Discount 30%** လျှော့ပေးပါမည်။
လိပ်စာ ။ ။ အမှတ်-၆၅၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်။
(ရွှေဘုန်းပွင့်ဘုရားအနီး)
ဖုန်း ။ ။ ၀၁-၂၀၀၇၂၀၊ ၀၉-၄၅၀၀၆၁၁၅၆

# တောင်ဆည်ကျေးရွာရှိ လူနှင့်တိရစ္ဆာန်များအတွက် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးစေလို



**ဝမ်းတွင်း၊ နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တမာကန်ကျေးရွာအုပ်စုအတွင်းရှိ တောင်ဆည်ကျေးရွာတွင် ယခုနှစ်အတွင်း မိုးရွာသွန်းမှု နည်းပါးခြင်းကြောင့် ရေတွင်းများ ရေထွက်နည်းခြင်း၊ ရေအိုင်များတွင် ရေခမ်းခြောက်မှု ဖြစ်ပေါ်ပြီး ကျေးရွာလူထုနှင့် တိရစ္ဆာန်များအတွက် သောက်သုံးရေ အခက်အခဲများရှိနေကြောင်း သိရသည်။

တောင်ဆည်ကျေးရွာသည် ဝမ်းတွင်းမြို့နယ်၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာတွင်ရှိပြီး အိမ်ခြေ ၂၆၇ လုံး၊ လူဦးရေ ၁၃၀၀ ကျော်နေထိုင်သော ကျေးရွာဖြစ်ပြီး ကျွဲ၊ နွား ၈၇၀၀ ကောင်၊ သိုးနှင့် ဆိတ် ၁၁၀၀၀ ကောင်၊ ဝက် ၂၂၀ ကောင်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသောကျေးရွာတစ်ရွာဖြစ်သည်။

ယခင်နှစ်များက မိုးရွာသွန်းမှု ရှိခဲ့ပြီး ရေထူးထူးခြားခြား ခက်ခဲမှုမရှိသော်လည်း ယခုနှစ်တွင် မိုးရွာသွန်းမှု နည်းပါးခြင်းကြောင့် ရေတွင်းများ ရေထွက်နည်းပြီး ယခင်က ရေစီးရေလာကောင်းသော ရွာ၏ အနောက်ဘက်တွင် လျှပ်စစ်မြစ်ရေတင် မြောင်းကြီးဖောက်လုပ်ထားသဖြင့် ရွာ ပတ်ဝန်းကျင် အိုင်များ၌ ရေဝင်ရောက်မှုမရှိတော့ဘဲ လက်ရှိအခြေအနေတွင် လူအများအတွက် သောက်သုံးရေကို ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိသည့် လက်နှိပ်တွင်းရေကို နံနက်မှ ညအထိ တန်းစီပြီး အလှည့်ကျ ခပ်ယူသုံးစွဲနေရကြောင်း ယင်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

တိရစ္ဆာန်များအတွက် သောက်သုံးရေကို ရွာအပြင်တွင်ရှိသော အိုင်များမှရေကို ခပ်ယူပြီးအိုင်များရှိရေများသည်လည်း ခမ်းခြောက်တော့မည့် အခြေအနေနှင့် ကြုံတွေ့နေရပါသဖြင့် ကျေးရွာလူထုနှင့်တိရစ္ဆာန်များအတွက် သောက်သုံးရေရရှိရေးကို ဆောင်ရွက်ပေးစေလိုကြောင်း ယင်းကျေးရွာမှ ဦးကျော်ဝင်းကပြောသည်။

**ဝင်းတင့်(ပြန်/ဆက်)**

## အသက်(၁၀)နှစ်အောက် ဘောလုံးဗိုလ်လုပွဲ ကျင်းပ

**သံဖြူဇရပ်၊ နိုဝင်ဘာ ၁၅**

သံဖြူဇရပ်မြို့နယ် ပညာရေးမှူးဒိုင်း (ယူ-၁၀) ကျောင်းစုအလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို နိုဝင်ဘာ ၁၀ ရက် ညနေ ၃ နာရီခွဲတွင် မြို့နယ်အားကစားပြိုင်ဝင်းအတွင်း၌ ကျင်းပသည်။

ပြိုင်ပွဲသို့ ကျောင်းစု ၁၃ စုမှ အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ဗိုလ်လုပွဲအဖြစ် ကျိုက္ခမီကျောင်းစုနှင့် ဝဲခမိကျောင်းစုအသင်းတို့ ယှဉ်ပြိုင်ကြရာ ဂိုးမရှိသရေဖြစ်ပြီးနောက် ပင်နယ်တီအဆုံးအဖြတ်အဖြစ် ဝဲခမိကျောင်းစုအသင်းမှ လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ပညာရေးမှူးဒိုင်း (ယူ-၁၀) ကျောင်းစုအလိုက် ဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမင်းတင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်း၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

## ဒိုက်ဦးမြို့နယ်တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**ဒိုက်ဦး၊ နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ပေါက်တပင်ကျေးရွာ၊ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၇၉/၄ အနီးတွင် ပဲခူးခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့်တာဝန်ရှိသူများသည် တရားမဝင်သစ်များသယ်ဆောင်လာကြောင်းသတင်းအရ နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲ၌ စောင့်ဆိုင်းနေစဉ် ညောင်လေးပင်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း အောင်ကျော်မင်းအသက် ၂၃ နှစ်(ဘ)ဦးကျော်စိုး၊ ပျားစခန်းကျေးရွာ၊ သံတောင်မြို့နယ်နေသူ မောင်းနှင်လာသော နီဆန်း(၁၂)ဘီးယာဉ်အား ရပ်တန့်ရှာဖွေခဲ့ရာ ယာဉ်ပေါ်တွင် ပျဉ်းကတိုးခွဲသားဆိုဒ်စုံ ၂၀၄ ချောင်း ၆ ဒသမ ၀၄၇၂ တန် ကာလတန်ဖိုး ၄၈၂၀၀၀၀ ကျပ်ကို ဖမ်းဆီးရမိခဲ့၍ ဒိုက်ဦးမြို့မ ရဲစခန်းတွင် သစ်တောအက်ဥပဒေပုဒ်မ ၄၂ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားသည်။

**ကိုလွင်(ဆွာ)**

## ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ရွေးကောက်ပွဲအတွက် တိုင်းရင်းသားတို့၏ သဘောထားဆန္ဒကို ထင်ဟပ်စေသည့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ဟားခါး၊ နိုဝင်ဘာ ၁၅**

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ရွေးကောက်ပွဲအတွက် တိုင်းရင်းသားတို့၏ သဘောထားဆန္ဒကို ထင်ဟပ်စေသည့် စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ဟားခါးမြို့ Hakha Baptist Association ရုံး၌ ကျင်းပခဲ့ကြောင်းသိရသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် အရှေ့တောင်အာရှသတင်းသမားများ မဟာမိတ်အဖွဲ့မှ ဦးအောင်ဇော်မင်း၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလျန်အုပ်နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးလင်းကျော်တို့က ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော သတင်းမီဒီယာများနှင့် အဖွဲ့အစည်းများက မိမိတို့သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီးဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပကြောင်း သိရသည်။

**ချင်းပြည်နယ် ပြန်/ဆက်**

## တောင်သူပညာပေး အပြန်အလှန်ဆွေးနွေးပွဲ မလှိုင်မြို့နယ်၌ကျင်းပ

**မလှိုင်၊ နိုဝင်ဘာ ၁၅**

မလှိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် REVEAL စီမံကိန်းမှ ရွှေရောင်လွင်ပြင် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုသမဝါယမအသင်း(GP) တို့ပူးပေါင်း၍ နိုဝင်ဘာ ၁၂ ရက်က ကြာအိုင်ကျေးရွာ၌ သိပ္ပံနည်းကျ နည်းပညာသုံး စိုက်ပျိုးထားသော မြေပဲစံပြစိုက်ခင်းကို လက်တွေ့နုတ်သိမ်း၊ ခူးဆွတ်ကြ၍ အထွက်နှုန်းတိုင်းတာခဲ့ကြပြီး တောင်သူများ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါနေ့က မလှိုင်မြို့နယ်၊ ကွဲခြံကျေးရွာအုပ်စု၊ ကြာအိုင်ကျေးရွာ တောင်သူ ဦးမျိုးလှိုင်၏ ကွင်းအမှတ် (၅၄)၊ ဦးပိုင်အမှတ် ၁၇၃/၂ တွင် သဘာဝမြေဩဇာနှင့် သိပ္ပံနည်းကျနည်းပညာသုံး စမ်းသပ်စိုက်ပျိုးထားသော ဒေသမျိုး(ခါးတုတ်) မြေပဲ စံပြစိုက်ခင်းတစ်ဧကကို လက်တွေ့နုတ်သိမ်း၊ ခူးဆွတ်ကြပြီး အထွက်နှုန်းတိုင်းတာခဲ့ရာ တစ်ဧက ၆၈ တင်း(အစို) ထွက်ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် စံပြကွက်ကိုလာရောက်လေ့လာကြသော REVEAL စီမံကိန်းဝင် ကျေးရွာ ၁၅ ရွာမှ တောင်သူများ၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ကြာအိုင်ကျေးရွာမှ တောင်သူများကို တွေ့ဆုံကာ ရွှေရောင်လွင်ပြင် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုသမဝါယမအသင်း(GP) မှ စီမံကိန်း မိတ်ဖက်ညှိနှိုင်းရေးမှူး ဦးအေးနိုင်က စံပြစိုက်ခင်းသို့ လာရောက် လေ့လာရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သူ ဦးမျိုးလှိုင်က မြေပြင်သည်မှစ၍ နည်းပညာပံ့ပိုးမှုများဖြစ်သော သဘာဝမြေဩဇာ၊ ဘိုကာရှီမြေဩဇာနှင့် ကျောက်မှုန့်သုံးစွဲခြင်း၊ ရွက်ဖျန်းအားဆေးများဖြစ်သော ငါးအမိုင်နိုအက်စစ်၊ ပုလဲ+လက်ချား၊ အီးအမ်-၅ ဆေးများကို စနစ်တကျ ဖျော်စပ်အသုံးပြုပုံမှ နုတ်သိမ်းသည်အထိ ရှင်းလင်း တင်ပြခဲ့သည်။

ထိုဆွေးနွေးပွဲသို့ တက်ရောက်လာသောတောင်သူများနှင့်အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြို့နယ်စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်ကြည်၊ YMCA မှ စိုက်ပျိုးရေး တာဝန်ခံ ဒေါ်အေးသီဂီ ထွန်းနှင့် ဝန်ထမ်းများ၊ ရွှေရောင်လွင်ပြင် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးမှုဆိုင်ရာဝန်ဆောင်မှု သမဝါယမအသင်း(GP) မှ စီမံကိန်း မိတ်ဖက်ညှိနှိုင်းရေးမှူး ဦးအေးနိုင်၊ စီမံကိန်း ကျေးရွာများမှ တောင်သူ ၅၀ နှင့် ဒေသခံများတက်ရောက်ခဲ့ကြသည်။

**အောင်ငွေး(မလှိုင်)**


### အထက(၃)သာကေတ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

သာကေတမြို့နယ်၊ အထက(၃)ကျောင်းသား၊ ကျောင်းသူဟောင်းများက (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁၁-၁-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သီရိရတနာခန်းမကြီး၌ ကျင်းပပူဇော်မည်ဖြစ်ပါ၍ အပူဇော်ခံဆရာကြီး၊ ဆရာမ ကြီးများ ကြွရောက်အပူဇော်ခံပါရန်နှင့် သူငယ်ချင်းများကလည်း တက်ရောက် ပူဇော် ကြပါရန်ဖိတ်ကြားအပ်ပါသည်။ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအတွက် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုပါက ဦးတင်မြင့် ၀၉-၇၃၀၀၅၂၅၉၊ ဦးလှဝင်း ၀၉-၄၄၈၀၀၃၅၁၉၊ ဦးငွေးမြင့် ၀၉-၇၃၀၀၁၉၈၆၊ ဒေါ်ခင်သိန်းဝင်း-၀၉၅၄၀၆၈၄၊ ဒေါက်တာအောင်ကိုဦး ၀၉-၅၀၅၈၄၉၀၊ ဒေါ်ကင်းညိန်း ၀၉-၂၅၄၀၆၄၈၀၈၊ ဆရာမ ဒေါ်ခင်စန်းယုကြည်၀၉-၄၂၀၁၄၃၅၇၂၊ ဆရာမဒေါ်နုနုရီ ၀၉-၂၅၀၉၆၅၀၆၃တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

### ပျောက်ဆုံးကြောင်း

Lucieno Myanmar Trading Co.,Ltd၏ ကုမ္ပဏီထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ၂၉၆၀၄(၃၁-၁၂-၁၂) ပါ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၃၁၃၂၅၀၃၆

### ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၁၀-၂၀၁၄ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၅) ကန့်ကွက်ကြော်ငြာ သာကေတမြို့နယ်ဒေါ်အေးမြင့်+၃၏ မြေပုံကူးတွင်ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် အစားပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးဟု ပြင်ဆင် ဖတ်ရှုပါရန်။

### ဝယ်လိုသည်

Second hand အဲယားကွန်း၊ မီးအားမြှင့်စက်များ ဝယ်သည်။

ဖုန်း-၀၉၇၃၀၆၅၅၆၂

### ကားရောင်းမည်

TOYOTA DYNA DOUBLE Cab Box ခေါင်းကျယ်၊ ဝိုင်ဘာသုံးလက်၊ 13.B အင်ဂျင်အသင့်ခိုင်းနိုင်သည်။

၂ခ/---- သိန်း ၆၀

ဖုန်း-၀၉၄၃၁၇၀၉၈၈၊ ၀၉၇၉၈၃၅၀၀၈၆

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၅၃)၊ ဦးပိုင်(၂၇)၊ ၅၃×၅၄ကြား၊ အောင်ဇေယျ × အနော်ရထာကြားရှိ ဒေါ်မိုးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးကျောက်ခဲ [၅/မရန(နိုင်)၀၅၆၈၇၀]မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး
ကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၄၉)၊ ဦးပိုင်(၅၅)၊ ၅၅×၅၆ကြား၊ ရတနာ×မင်္ဂလာကြားရှိ ဒေါ်သိန်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးကျော်ကျော်ဦး[၁/မစန(နိုင်)၀၂၄၂၀၈]မှ မြေချထားမိန့် တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး
ကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၄)၊ ဦးပိုင်အမှတ်(၇)၊ ၅၄×၅၅လမ်းကြား ခိုင်ရွှေဝါ×မနော်ဟာရီလမ်းကြားရှိ ဒေါ်ညွန့်ညွန့်အမည်ဖြင့်ချထားပေးသော မြေကွက်အား ဒေါ်ဝိုင်မိတ် [၈/မညန(နိုင်)၀၇၃၃၉၄]မှ မြေစလစ်၊ မြေကွက်ဖိုးပေးသွင်းပြီး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာ
ရေးကော်မတီ

### မြေကွက်ရောင်းရန်ရှိသည်

၁။ လှိုင်သာယာမြို့နယ်၊ ရပ်ကွက်(၁၂)၊ ၄ဝါလမ်း - ပေ ၂၀' x ၆၀'

၂။ လှိုင်သာယာမြို့နယ်၊ တောင်ကြီးမြောက်ရပ်ကွက်၊ အာကာလမ်း (အဆောင် ၅ ခန်းပါ) - ပေ ၂၀' x ၆၀'

09-515-9653, 09-508-7588

# လိုဏ်ဂူကျဉ်းပါသော အုံ့ဖွယ်ဆယ်ပါးရတနာသိုက်ဘုရားပလိပ်တွင်ဖူးမြော်နိုင်

**စဉ့်ကိုင်၊ နိုဝင်ဘာ ၁၅**

ထူးခြားသော ဗိသုကာလက်ရာမျိုးစုံနှင့် ဘုရား၊ စေတီပုထိုးများစွာကို တစ်နေရာတည်း လေ့လာနိုင်သော နေရာတစ်ခုရှိသည်။ ထိုနေရာမှာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပလိပ်ရွာပင်ဖြစ်သည်။ ပလိပ်သည် ရှေးယခင်ကတည်းက ပုဂံနှင့် တုန္ဒိုင်းခံရသည့်အထိစေတီပုထိုး ပေါများလှသည်။ မြို့ပုဂံ၊ ရွာပလိပ်ဟုပင် ညွှန်းဆိုကြသည်။

စေတီပုထိုးပေါလှသော ပလိပ်သည် ရှေးယခင်ပုဂံခေတ်မှ စကာရတနာပုံခေတ်အထိ စည်ပင်ခဲ့သော ဆိပ်ကမ်းရွာကလေးဖြစ်ပြီး အမရပူရခေတ်တွင် အစည်ကားဆုံးနေရာဟုပင်ဆိုသည်။ မြို့စား၊ ရွာစားပေးသည့်အခါတွင် ပလိပ်ရွာစားဟုပင် သီးသန့်ပေးလေ့ရှိသည်။ပလိပ်နှင့် ပတ်သက်ပြီး နာမည်ကြီး စာဆိုမှာ ပလိပ်စားဦးဖျော်ပင်ဖြစ်သည်။ ရွှေနားတော်သွင်းချေင်း ရေးစပ်သီကုံးရာတွင် နာမည်ရသူဖြစ်သည်။ ထို့အပြင် အမရပူရခေတ် ရွှေနန်းတော်ပတ်လည်ဝန်းများထဲတွင် ပလိပ်ပွဲခွန်စားဗိုလ်ဝန်းလည်းရှိခဲ့သည်။

စေတီပုထိုး ပေါများသော ပလိပ်ရွာကို ရှေးဟောင်းသုတေသနဦးစီးဌာနမှ ရှေးဟောင်းယဉ်ကျေးမှုဇုန်အဖြစ် သတ်မှတ်ပြီး ရှေးဟောင်းဘုရားများကို နံပါတ်စဉ်သတ်မှတ်ရေးထိုးပေးထားသည်။ ပလိပ်တွင် ရှေးယခင်က စေတီပေါင်းငါးရာနီးပါးရှိပြီး သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့်အတွက် စေတီပျက်နေရာများစွာရှိသည်။ လက်ရှိကာလတွင် ရှေးဟောင်းဘုရာစေတီ ၂၃၅ ဆူသာစာရင်း ကောက်ယူနိုင်ကြောင်း သိရသည်။ ပလိပ်တွင် ဗန်းမော်ကျောင်းတိုက်သည် ဘုရားစေတီများစွာ စုပြုံတည်ရှိရာကျောင်းတိုက်ပင်ဖြစ်သည်။

စေတီများ ကပ်လျက်ရှိပြီး ထိုစေတီများထဲတွင် အဓိဋ္ဌာန်ပြုကာ ထွက်ရသည့် လိုဏ်ဂူကျဉ်းပါရှိသော အုံ့ဖွယ် ဆယ်ပါးရတနာသိုက်ဘုရားမှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ထူးခြားသောလက်ရာများပါရှိပြီး စေတီတည်ထားပုံမှာ ဆန်းလှသည်။အုံ့ဖွယ်ဆယ်ပါးပြုလုပ်ထားပုံမှာ ဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူပုံ၊ ဒက္ခိဏသာခါ၊ ဇိနသုခရန်အောင်ချမ်းသာ၊ ဇမ္ဗူပတိချွတ်ခန်း၊ ရှစ်မျက်နှာဗြိုလ်ပြေနံပြေဘုရား၊ ကျောက်သေတ္တာရတနာသိုက်၊ အထက် သိကြားစောင့်၊ အလယ်ဂဠုန်၊ အောက်နဂါး၊ အဓိဋ္ဌာန်ပြုထွက်ရသော ဒုက္ခအပေါင်းမှ လွတ်မြောက်ရာ ထွက်ပေါက်လိုဏ်ဂူကျဉ်းဟူသော အုံ့ဖွယ်ဆယ်ပါးကို စေတီအထက်မှ စကာ အတွင်းအပြင်စီရင် ပြုလုပ်တည်ထားသည်။

ယခုအခါ လက်ရာမျိုးစုံဖြင့် တည်



ရှိသော စေတီပုထိုးများတွင် အုံ့ဖွယ်ဆယ်ပါး ရတနာသိုက်ဘုရားမှာ ကျောက်သေတ္တာ လိုဏ်ဂူကျဉ်းများဖြင့် စိတ်ဝင်စားဖွယ်ရာ စေတီတစ်ဆူအဖြစ် ဖူးမြော်နိုင်ကြောင်း သိရသည်။ **တိမ်တမန်**

# ရေတာရှည်–ကရင်ချောင်း–လိပ်သိုလမ်းအား ကတ္တရာခင်းခြင်း ဆောင်ရွက်

**ရေတာရှည်၊ နိုဝင်ဘာ ၁၅**

ကရင်ပြည်နယ်၊ တောင်ပေါ်မြို့ဖြစ်သည့် လိပ်သိုမြို့နှင့် ရန်ကုန်-မန္တလေး ကားလမ်းကိုချိတ်ဆက်ကာ သွားလာနိုင်သော ရေတာရှည်-ကရင်ချောင်း-လိပ်သိုလမ်းပိုင်းတွင် ရေတာရှည်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာရုံးက တာဝန်ယူ ဖောက်လုပ်လျက်ရှိပြီး ယခုအခါ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။



"ခရိုင်ချင်းဆက်လမ်းအထိ ၈ မိုင် ၂ ဖာလုံရှိပါတယ်။ အခု ၄မိုင် ၆ ဖာလုံအထိ ကတ္တရာလမ်းအဖြစ်ခင်းပြီးသွားပြီး ထုံးဘိုကြီးဘက်မှာတော့ မြေဘောင်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်အင်ဂျင်နီယာ ဒေါ်ဖြိုးမာသောင်းက ပြောပြသည်။

တောင်ပေါ် ဒေသထွက်ကုန်များကို တင်ပို့ရာတွင် တောင်ငူမြို့ကိုသာ အဓိကတင်ပို့နိုင်ပြီး ယခုလမ်းပိုင်းသာချိတ်ဆက်ပြီးစီးသွားလျှင် ထုံးဘိုကြီးမှတစ်ဆင့် ကရင်ချောင်း- ရေတာရှည်မြို့ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်၍ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့နိုင်သည့်အပြင် လူမှုရေး၊ စီးပွားရေး၊ ကျန်း မာရေး၊ ပညာရေးလုပ်ငန်းများအတွက်များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

"လမ်းကကောင်းလာတော့ အခုရွာတွေမှာ ကားတွေဝယ်ကုန်ပြီ။ ကုန်တင်ယာဉ်တွေကော၊ ကိုယ်ပိုင်ယာဉ်တွေပါ ဝယ်လာကြတယ်။ ခရီးသည်နဲ့ကုန်တွေက ဒီလမ်းကြောင်းကနေအဓိက ဝင်မှာဆိုတော့ ကားလမ်းတစ်လျှောက်မှာ မြေဝယ်တဲ့သူတွေလည်းရှိတယ်" ဟု ဆင်ငွေကျေးရွာနေ ဦးလှမွေးက ပြောသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ဒေသတွင်းဖွံ့ဖြိုးတိုးတက်လာပြီး မြေဝယ်ယူသူများအနေနှင့် ယခင်က ဧကအလိုက်အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုနောက်ပိုင်းတွင် တစ်ပေလျှင် ကျပ်တစ်သိန်းနှုန်းအထိ မြင့်တက်လျက်ရှိသည်ကို တွေ့ရသည်။ စစ်တောင်းမြစ် အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့တွင် ကျေးရွာပေါင်းများစွာရှိပြီး မြစ်ကူးတံတားနှင့် လမ်းပိုင်းအားလုံးပြီးစီးသွားပါက လိုရာခရီးကိုအချိန်တိုအတွင်း အဆင်ပြေစွာ သွားလာနိုင်တော့မည်ဖြစ်၍ ဒေသခံပြည်သူများဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှစ်ပတ်လည်နေ့ကျင်းပ

**ရန်ကုန်၊ နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး (မြောက်ပိုင်းခရိုင်) အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် တက်ရောက်လာသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားအရာရှိ ဝန်ထမ်းများအား အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများမှ ဂါရဝပြုလက်ဆောင်ပစ္စည်းပေးအပ်ခြင်းနှင့် ကန်တော့ခြင်းများ ပြုလုပ်ကာ အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်က အခမ်းအနားနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားဝန်ထမ်းများကိုယ်စား ဦးစုကြင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဌာနဆိုင်ရာအဆင့်ဆင့်ပြောင်းလဲလာပုံ၊ ပြည်ထဲရေးဝန်ကြီးဌာနသို့ ရောက်ရှိလာပုံနှင့် ဝန်ထမ်းများအား သစ္စာလေးပါးလက်ကိုင်ထား၍ တာဝန်ထမ်းဆောင်ကြရန် ပြောကြားပြီး ဝန်ထမ်းများအား မြို့နယ်အုပ်ချုပ်ရေးမှူးက ကျပ် ၃၂၀၀၀၀ တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများကို မဲဖောက်ပေးခဲ့ကြောင်းသိရသည်။ **မြို့နယ်(ထွေ/အုပ်)**


**အထူးကျေးဇူးတင်လွှာ**

၁၀-၁၀-၂၀၁၄ရက်၊ ရန်ကုန်မြို့ Chatrium Hotel တွင် Dinner ဖြင့်ညည့်ခံကျွေးမွေးပြီး (နှစ်သုံးဆယ်နီးပါး)ဝေးကွာနေသော ကျောင်းနေဖက်သူငယ်ချင်းများအားလုံးကို ပြန်လည်ဆုံဆည်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့သော ကိုဝင်းဆွေ (မန်းရွှေလီကုမ္ပဏီ)အား ၈၂-ခုနှစ်စီးပွားရေး တက္ကသိုလ်ပထမနှစ်ဝင်ကျောင်းသား/သူဟောင်းများ (82 Batch)မှ ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

၈၂ခုနှစ်တွင်၊ စီးပွားရေးတက္ကသိုလ်၊ ပထမနှစ်ဝင်၊ ကျောင်းသား/သူဟောင်းများ



**လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမတန်း**
**မြေကွက်ရောင်းရန်ရှိသည်**

(၉၆'×၉၆')ပတ်လည်လေးထောင့်ကျ **Single**မီတာ၊ **Power**မီတာ၊ ဂရန်မြေ၊ ရောင်းသူအမည်ပေါက်၊ ဂိုးဖြူရေ၊ အဝီစိတွင်းရေ၊ ကွန်ကရစ်(၄)လက်မထုခင်းပြီး။

ရေကြောင်းတက္ကသိုလ်၊ ဧရာဝတီဘဏ်၊ **MMTM** ခေတ်ဆီဆိုင်အနီး၊ အရှုပ်အရှင်းကင်း၊ တစ်ပေပတ်လည်-(၈)သိန်း (ညှိနှိုင်း)

**Ph: 09-5052876**



DOZO

FASHION DESIGN TECHNICAL SCHOOL

Daw Thida Win B.Sc (Dip in Fashion Design, Japan)

Thet Hnin Aye (BA.Fashion Design, Japan)

1991 ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်ခဲ့သော နိုင်ငံတကာအဆင့်မီ Fashion Design School ဖြစ်သည်။ Design, Pattern, Cutting, Sewing များကိုတိကျမှန်ကန်သော Japan နိုင်ငံမှ နောက်ဆုံးပေါ်နည်းစနစ်များဖြင့် သင်ကြားပေးလျက်ရှိသည်။

Courses - Basic, Advance, Fashion Illustration, Pattern Magic, Drapping, Hand Made, Wedding Dress, Children Wear's

Start Date - Basic - 26.11.2014 (Wed, Thu, Fri), 13.12.2014 (Sat, Sun)
Fashion Illustration – 15-11-14 (Sat, Sun)

Yangon - No.506, Damaryone St, Hlaing T/S, 10 Qr, 6 ½ Miles

Mandalay - No. (Nagyi-2/94), Between 63 × 64Street, Chan Mya Thar Zi T/S

Phone - 09 49237715, 09 73034877 www.dozofashion.com



**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ-၁၃)၊ဦးပိုင်(၇၁)၊ ၅၄×၅၅ကြား၊အနော်ရထာ×ကျန်စစ်သားကြားရှိ ဒေါ်ညို အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်သွယ်သွယ်[၉/မရမ(နိုင်)၀၂၀၁၈၉]၊ ဒေါ်နွယ်နွယ်သော် [၉/မနမ(နိုင်)၀၂၈၇၄၉]တို့မှ ဦးပိုင် ၇၁(ခဲစင်း)မြောက်ဘက်ခြမ်းအား မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ ဦးပိုင်ခွဲ၊အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အ ထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

# နာဂရိုးရာ နှစ်သစ်ကူး ပွဲတော်ကို ခန္တီးမြို့နှင့် လေရှီးမြို့တို့၌ ကျင်းပမည်

**ခန္တီး၊ နိုဝင်ဘာ ၁၅**

၂၀၁၅ ခုနှစ်နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကိုခန္တီးမြို့နှင့် လေရှီးမြို့တို့၌ နှစ်နေရာခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သော လေရှီး၊ လဟယ်နန်းယွန်းမြို့များတွင် အလှည့်ကျကျင်းပလေ့ရှိပြီး ၂၀၁၅ ခုနှစ်ပွဲတော်သည် နာဂရိုးရာယဉ်ကျေးမှုဗဟိုကော်မတီ၏ ၂၅ နှစ် ပြည့်ငွေရတုအဖြစ်ကျရောက်ခြင်းကြောင့် ခန္တီးမြို့တွင်လည်း ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

ရှေးယခင်က နာဂရိုးရာနှစ်သစ်ကူးပွဲကို နာဂတိုင်းရင်းသားများနေထိုင်ရာ ဒေသအလိုက်ကျင်းပခဲ့ကြပြီး ၁၉၉၂ ခုနှစ်တွင် နာဂရိုးရာယဉ်ကျေးမှုကော်မတီကို ဒေသပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပြီး နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်ကို နာဂရိုးရာနှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ကာ ပထမဦးဆုံး နယ်ပေါင်းစုံအစည်းအဝေးကို ခန္တီးမြို့တွင် ကျင်းပခဲ့သည်။

၁၉၉၅ ခုနှစ်တွင် နိုင်ငံတော် အကြီးအကဲများ တက်ရောက်ပြီး ၂၀၀၀ ပြည့်နှစ်မှစ၍ နိုင်ငံတော်အဆင့်အဖြစ် သတ်မှတ်ကာ နာဂမြို့နယ်များတွင် အလှည့်ကျ ကျင်းပလျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**

# ချောင်းဦးမြို့နယ် ကင်မွန်းတော်ကျေးရွာအုပ်စုရှိ စိုက်ခင်းများသို့ မိုးစပါးဖြစ်ထွန်းမှု အခြေအနေအား ကွင်းဆင်းစစ်ဆေး

**ချောင်းဦး၊ နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ကင်မွန်းတော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၉၃၈) မှ တောင်သူ ဦးဌေးလွင်နှင့် ဦးသိန်းအောင်အပါအဝင် တောင်သူငါးဦးတို့၏ စိုက်ခင်းများသို့ မိုးစပါးဖြစ်ထွန်းမှု အခြေအနေအား နိုဝင်ဘာ ၈ ရက်၊ နံနက် ၈ နာရီ က ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောင်းဦးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါ်သန်းလှနှင့် ဝန်ထမ်းများ၊ တောင်သူများက စစ်ဆေးကြည့်ရှုကြရာ အဆိုပါစိုက်ခင်းများတွင် ရေခမ်းခြောက်မှုကြောင့် အာဟာရဓာတ်ချို့တဲ့မှု လက္ခဏာများ တွေ့ရှိရသဖြင့် မြို့နယ်ဦးစီးမှူး ဒေါ်သန်းလှမှ လိုအပ်သည့် မြေသြဇာများကို ထည့်သွင်းပေးခြင်း လုပ်ငန်းများကို ကွင်းသရုပ်ပြပွဲအဖြစ် ပြုလုပ်ခဲ့သည်။

ကင်မွန်းတော်ကျေးရွာမှ တောင်သူ ဦးသောင်းထွန်းက "ယခုနှစ် မိုးစပါးစိုက်ခင်းတွေမှာ ပိုးကျတယ်လို့ ထင်မှတ်ခဲ့သော်လည်း ယခုလို မြို့နယ်စိုက်ပျိုးရေးမှ လာရောက်ပြီး စိုက်ခင်းကို ကွင်းဆင်းစစ်ဆေးကြည့်လိုက်တော့ ပိုးကျတာမဟုတ်ဘဲ ရေခမ်းခြောက်မှုကြောင့် အာဟာရဓါတ်ချို့တဲ့မှု လက္ခဏာများလို့ သိရပါတယ်။ စစ်ဆေးမှုမတိုင်ခင်က တော့ စိုက်ပျိုးရေအတွက် ရေသွင်းလိုက်၊ ရေခမ်းလိုက်ဖြစ်နေတာကြောင့် တောင်သူများ ရေတင်စရိတ် ပိုမိုသုံးစွဲခဲ့ရတဲ့ အနေအထားရှိခဲ့ပေမယ့် ယခုလိုလာရောက်ပြီး လိုအပ်တဲ့ ဓာတ်မြေသြဇာတွေကို မြို့နယ်စိုက်ပျိုးရေးကနေ အခမဲ့ဖြည့်ဆည်းပေးခဲ့တာကြောင့် ကွင်းဆင်းကြည့်ရှုပြီး လိုအပ်တာတွေဖြည့်ဆည်းပေးတဲ့အတွက် တောင်သူများအနေဖြင့် ကျေးဇူးတင်ဝမ်းသာပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော တောင်သူများမှ သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**အိအိစိုး(ပြန်/ဆက်)**



# စစ်ကိုင်းမြို့နယ်အတွင်းရှိ ဖရဲ၊ သခွားဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်း ဖွင့်လှစ်မည်

**မုံရွာ၊ နိုဝင်ဘာ ၁၅**

ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ စစ်ကိုင်းမြို့နယ်အတွင်းရှိ ဖရဲ၊ သခွားစိုက်တောင်သူများအား ဖရဲ၊ သခွား ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာပေး သင်တန်းကို စစ်ကိုင်းမြို့ ဆင်တပ်ကျေးရွာတွင် ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ဒီသင်တန်းမှာ ဖရဲ၊ သခွားစိုက်တောင်သူတွေအနေနဲ့ စိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ်၊ မျိုးစေ့၊ သီးနှံထုတ်ပိုးမှုစနစ်၊ စိုက်နည်းစနစ်တွေကို သက်ဆိုင်ရာ စိုက်ပျိုးရေး၊ ပိုးမွှားပညာရှင်တွေ၊ သီးနှံထုတ်ပိုးမှုနဲ့ ဈေးကွက်မှာတွေ့ကြုံရတဲ့ အခက်အခဲတွေကို နယ်စပ်ဒေသက ကုန်သည်တွေနဲ့ တိုက်ရိုက်တွေ့ဆုံပြီး မေးမြန်း၊ အကြံဉာဏ်တောင်းခံနိုင်အောင်လို့ စီစဉ်ထားပါတယ်"ဟု ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မောင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်ပြီးစီစဉ်ထားရှိမှုနှင့် ရည်ရွယ်ချက်ကို ပြောပြသည်။

အဆိုပါ ဖရဲ၊ သခွားဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းအား စစ်ကိုင်းမြို့ ဆင်တပ်ကျေးရွာတွင် နိုဝင်ဘာ ၁၇ ရက်နေ့မှ ၂၁ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့်ယင်းသင်တန်းတက်ရောက်ပါက နယ်စပ်ဒေသရှိ ကုန်သည်များ နှင့်တွေ့ဆုံဆွေးနွေးခွင့်ရမည်ဖြစ်ပြီး ၎င်းတို့ထံမှ အကြံဉာဏ်များရရှိနိုင်မည်ဖြစ်သည်။ **ဖိုးချမ်း**

# မွန်ပြည်နယ်၊ ရေးမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ မြို့နယ်အဆင့် ပြေးခုန်ပစ်ပြိုင်ပွဲအ.ထ.က (၁) ကျောင်းဘောလုံးကွင်း၌ ကျင်းပ

**ရေး၊ နိုဝင်ဘာ ၁၅**

မွန်ပြည်နယ်၊ ရေးမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ မြို့နယ်အဆင့် ပြေးခုန်ပစ်ပြိုင်ပွဲကို ရေး အ-ထ-က (၁) ကျောင်း ဘောလုံးကွင်း၌ နိုဝင်ဘာ ၁၄ ရက် နံနက် ၇ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ကြကြောင်းသိရသည်။

အဆိုပါ ပြေးခုန်ပစ်အားကစားနည်းအမျိုးမျိုးတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက အားကစားနည်းများတွင် ပြိုင်ပွဲဝင် စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်ကစားသွားခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲတွင် အားကစားနည်းများမှ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များက ဆုများအသီးသီး ချီးမြှင့်ပေးကြသည်။

အဆိုပါ ပြေးခုန်ပစ်ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများသည် မြို့နယ် ၁၀ မြို့နယ် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် ကျင်းပမည့် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# ဖန်းမောက်မြို့နယ်တွင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်ရေး အသိပညာပေးဟောပြော

**ဖန်းမောက်၊ နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၂) သတ္တုတွင်းစီမံကိန်းရုံးမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမောင်မောင်အောင်သည် နိုဝင်ဘာ ၁၁ ရက်၊ နံနက် ၉ နာရီက ကသာခရိုင်၊ ဖန်းမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အခမ်းအနားသို့ တက်ရောက်ပြီး အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် အခမ်းအနားတွင် လေပြင်းတိုက်ခတ်ပြီး မိုးသီးကျရောက်မှုကြောင့် ဆုံးရှုံးပျက်စီးသွားသည့် ကနန်းဒေသစိတ်မှ ကျေးရွာသုံးရွာရှိ ပျက်စီးလယ်တောင်သူပိုင်ရှင်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့နှင့် အလှူရှင်များက ဆန်အိတ် ၅၀ ကိုလည်းကောင်း၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ရွှေဖက်စပ်လုပ်ငန်းရှင်များက ဆန်အိတ် ၁၀၁ အိတ်တို့ကိုလည်းကောင်း အသီးသီး ထောက်ပံ့လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သတ္တုတွင်းတာဝန်ခံ ဦးမိုးကျော်သူနှင့် ရုံးဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ရွှေ ဖက်စပ်လုပ်ငန်းရှင်များ စုစုပေါင်း ၃၈ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ကျော်ထူး(ဖန်းမောက်)**


**အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၊ တောင်ဥက္ကလာ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ**

၁၉၆၅ မှ ၁၉၈၅ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော ဆရာကြီး/ဆရာမကြီးများအား ကျောင်းသား/ကျောင်းသူဟောင်းများမှ ပူဇော်ကန်တော့မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်းကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည် -

(ဖိတ်စာမရရှိသေးပါကလည်း တက်ရောက်ပေးပါရန် ပန်ကြားအပ်ပါသည်။)

မျိုးဆက်သစ် ကျောင်းသား/ကျောင်းသူဟောင်းများလည်း တက်ရောက်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ကျင်းပမည့် နေ့ရက် – ၇–၁၂–၂၀၁၄ (တနင်္ဂနွေနေ့)
ကျင်းပမည့် အချိန် – နံနက် (၀၉:၀၀)နာရီ
ကျင်းပမည့် နေရာ – အလက(၁)၊ တောင်ဥက္ကလာပ

**ဆက်သွယ်ရန်**

(၁)ဦးသန်းဌေးအောင် 09-5200982 (၂)ဦးဝင်းနိုင် 09-73000872
(၃)Dr. ထူးထူးဆန်း 09-73071403 (၄)ဦးအောင်ဒင် 09-5503448
(၅)ဦးကြည်စိုးဝင်း 09-42070805 (၆)ဒေါ်နီနီဝင်း 09-253423136
(၇)ဒေါ်မျိုးမျိုးတင့် 09-254383178 (၈)ဒေါ်မာမာအေး 09-250077123



**အလက(၂)ရန်ကင်း(စိန့်ဖေးဗီးယား)**

**အာစရိယပူဇော်ပွဲ**(၁၉၆၃-၂၀၀၄)

၁၉၆၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော ဆရာ/ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တေဇခန်းမ တွင် ကျင်းပမည်ဖြစ်ပါသောကြောင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကျောင်းသား/ကျောင်းသူများလည်း မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မသူဇာမောင်ကြီး ၀၉-၄၃၁၅၂၆၈၄ ဒေါက်တာမင်းလှ ၀၉-၅၀၅၇၉၀၀
မနီနီ ၀၁-၄၀၀၄၆ ကိုစန်းဘိုဦး ၀၉-၇၃၀၃၉၈၇၀
ကိုစိုးမြင့်ဦး ၀၉-၅၀၁၅၁၈၅ ကိုအေးဖြိုး ၀၉-၇၃၀၁၉၈၅၅
မလှလှဌေး ၀၉-၇၃၂၀၁၇၈၇ ဒေါက်တာမြတ်မွန်ခိုင် ၀၉-၅၁၄၂၅၁၀
မရီရီသိန်း ၀၉-၇၃၁၁၂၅၃၅ မချိုချိုထွန်း ၀၉-၄၂၀၀၂၀၄၈၃
မမိုးအောင်ဆန်း ၀၉- ၅၀၀၈၇၇၀ မအိအိသွင် ၀၉-၇၃၀၃၅၂၆၅
မကြည်ကြည်ဆွေ ၀၉-၅၁၃၇၇၃၈၃ မယမင်းဝင်းမြင့် ၀၉-၅၄၀၅၆၀၂
မမိမိအေး ၀၉-၇၃၁၇၅၈၇၇ မစုမြတ်မွန် ၀၉-၅၄၁၂၁၈၄
ကိုအောင်ဖြိုး ၀၉-၇၃၀၃၉၀၀၁



**(သတ္တမ)အကြိမ်၊ ငွေစာရင်းမင်းကြီးရုံး (AG) ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲ**

ယခင်ငွေစာရင်းမင်းကြီးရုံး(AG) မှ အငြိမ်းစားယူပြီးသော ဝန်ထမ်းဟောင်းများ၏ (သတ္တမ)အကြိမ်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပြုလုပ်မည်ဖြစ်ပါသည်။

(က) နေ့ရက် (၂၉-၁၁-၂၀၁၄) စနေနေ့
(ခ) အချိန် (၀၈:၀၀)နာရီမှ (၁၂:၀၀)နာရီထိ
(ဂ) နေရာ M-3 Food Center



**အကျိုးတူလုပ်ငန်းလုပ်ကိုင်လိုသည်/ငှားမည်**

မှော်ဘီမြို့၊ ကြက်ဖြူကန်ကျေးရွာ၊ (Toll GATE အနီး) (၂. ၅ ဧက) အကျယ်အဝန်း၊ (၃ ဘီ) မြေအမျိုးအစားတွင် အကျိုးတူလုပ်ငန်း လုပ်ကိုင်လိုသည်။ (သို့) မြေငှားမည်။ အမြန်ဆက်သွယ်ပါ။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၄၁၈၇၅၈၊ ၀၉-၅၄၁၈၇၂၁၊ ၀၉-၇၉၉၈၅၇၂၀၅



**ကြော်ငြာ ၈**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၂)၊ ဦးပိုင်အမှတ်(၇၆-ဂ)၊ ၆၇ လမ်း၊ A x B လမ်း ကြားရှိ ဦးခင်လှအမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်မြင့်မြင့်အေး[၅/ဟမလ(နိုင်)၀၅၉၈၃၈]မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ



**ပြင်ဆင်ဖတ်ရှုပါရန်**

၁၂-၈-၂၀၁၄ ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၈) ကန့်ကွက်ကြော်ငြာ ဒလမြို့နယ် ဦးအောင်ကျော်စိုး၏ ဂရန်သစ်တွင် မြေကွက်တည်နေရာအမှတ်-၃၀၉၃၊ ၃၀၉၄၊ ယောမင်းကြီးလမ်း၊ ကျန်စစ်သားရပ်ကွက်ဟု အမှန်ဖတ်ရှုပါရန်။

# အဖျောက်မြို့မဟာသံတန်ဆောင်းနှင့် ဓမ္မစေတီကျောက်စာ ၇၂၀ ဆူကို လေ့လာနိုင်

**တိုက်ကြီး၊ နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့တွင် ဘုရားဒါယကာ ဦးပွကြီး၊ ဘုရားဒါယိကာ မကြီး ဒေါ်မမတို့ အကြီးအမှူးပြု၍ အလှူရှင် ၃၁၃ ဦးတို့က ၁၉၁၆ ခုနှစ်တွင် မဟာတန်သံတန်ဆောင်းတော်ကြီးတွင် ဉာဏ်တော်အမြင့် ကိုးတောင်ရှိသည့် စကျင်ကျောက် တင်ပလ္လင်ခွေ ဥဒ္ဒိဿရုပ်ပွားတော်မြတ်ကို တည်ထားကိုးကွယ်ခဲ့ကြသည်။

မဟာသံတန်ဆောင်း လောကမာန်အောင်မြတ်ဘုရားဟု ဘွဲ့အမည် ထင်ရှားလူသိများခဲ့သည်။ ထိုခေတ်ထိုအခါက သံတန်ဆောင်းကြီးကို အားလုံး အင်္ဂလန်သံချောင်းများဖြင့် တည်ဆောက်ခဲ့ရာ ထူးခြားလှ၏။ ခိုင်ခံ့လှ၏။ နှစ်ပေါင်း ၁၀၀ နီးပါး ရှိသော်လည်း မပျက်မစီး ရှိနေသည်ကို တွေ့ရ၏။

မန္တလေးမြို့၌ ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းကြီးသည် သာသနာအရှည်တည်တံ့ရန် ပရိယတ္တိ ဓမ္မက္ခန်၊ ပိဋကတ်သုံးတန်တို့ကို ကုသိုလ်ပြုပူဇော်ထားရှိခဲ့သည်။

အောက်မြန်မာနိုင်ငံတော်တွင်လည်း သာသနာတည်တံ့ရန် အဖျောက်မြို့၊ ဘုရားဒါယကာကြီး ဦးပွနှင့် ဘုရားဒါယိကာမကြီး ဒေါ်မမတို့မှ မဟာသံတန်ဆောင်း၊ ပရိဝုဏ်အတွင်းရှိ ဓမ္မစေတီကျောက်စာတိုက်တော်ကြီး ငါးတိုက်တို့ဖြင့် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ဓမ္မက္ခန္ဓာတို့ကို ၁၉၂၄ ခုနှစ်မှစ၍ ဓမ္မက္ခန္ဓာ ၈၄၀၀၀ တို့ကိုယ်စား ၇၂၀ သော ဓမ္မစေတီတော်များ၊ ကျောက်ထက်အက္ခရာ ရေးထွင်းထုလုပ်တည်ခဲ့ကြသည်။

ကျောက်ထက်အက္ခရာတင်ရာ၌ ၁၉၂၁ ခုနှစ်တွင် ဝိနည်းပိဋကတ်တော်မှ စတင်စီစဉ်လျက် ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်၍ ဝိနည်းပိဋကတ်တော်ကို ၁၉၂၄ ခုနှစ်၊ အဘိဓမ္မာ ပိဋကတ်တော်ကို ၁၂၉၆ ခုနှစ်၊ ၁၉၃၄ ခုနှစ်တွင်လည်းကောင်း သုတ္တန်ပိဋကတ်တော်ကို ၁၂၉၆-၁၃၁၂ ခုနှစ်တွင်လည်းကောင်း ရေးထွင်း စိုက်ထူပူဇော်ခဲ့သည်။

သုတ္တတန်ပိဋကတ်တော် (သုတ်သုံးကျမ်းပါဠိတော်စုံ) ကျောက်ပြားရေ ၄၀၃ ဆူ၊ ဝိနယပိဋကတ် (ဝိနည်း ကျမ်းပါဠိတော်စုံ) ကျောက်ပြားရေ ၁၁၂ ဆူ၊ အဘိဓမ္မာပိဋကတ်(အဘိဓမ္မာ ခုနစ်ကျမ်း ပါဠိတော်စုံ) ကျောက်ပြားရေ ၂၀၅ ဆူ စုစုပေါင်း ၇၂၀ ဆူတို့ဖြစ်ကြသည်။

စကျင်ကျောက်ပြားများတွင် ရေးသွင်းပူဇော်သည့် ပိဋကတ်ကျောက်စာတော်များ မူရင်းအတိုင်း မန္တလေးမြို့၊ ပဉ္စသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းကြီး၏ ကုသိုလ်တော်၊ ပိဋကတ်ကျောက်စာများမှ မချွတ်မယွင်း ရေးထွင်းပူဇော်ထားခြင်းဖြစ်၍ အောက်ပိုင်းဒေသများမှ အလွယ်တကူ ဖူးမြော်နိုင်ကြောင်း သိရသည်။

လောကမာန်အောင်ဘုရားကြီး ကိန်းဝပ်ရာ မဟာသံတန်ဆောင်းကြီးနှင့် ဓမ္မစေတီကျောက်စာတော် ၇၂၀ ဆူကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ပြုပြင်ပေးနိုင်ရန်အတွက် အဖျောက်ဂိုဏ်းလုံးဆိုင်ရာ သံဃအဖွဲ့ တို့ ဘုရားဒါယကာ ဦးပွ၊ ဘုရားဒါယိကာမ ဒေါ်မမတို့၏ အမွေခံအားလုံးတို့ ကိုယ်စားမြေးဖြစ်သူ ဒေါ်တင်အိက အဖွဲ့အား လွှဲပြောင်းအပ်နှံခဲ့သည်။

လောကမာန်အောင်ဘုရားကြီး ကိန်းဝပ်ရာ မဟာသံတန်ဆောင်းကြီးနှင့် ဓမ္မစေတီကျောက်စာတော် ၇၂၀ ဆူဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပေါင်းလပြည့်ကျော် ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပလျက်ရှိကြောင်းနှင့် ရပ်ဝေးရပ်နီးမှ ပုဂ္ဂိုလ်များ လာရောက်လေ့လာဖူးမြော်နိုင်ရန် ရေးသားတင်ပြလိုက်ပါသည်။

**ထွန်းလှိုင်(မြိုင်)**

# နံရံကပ် စာပေရေချမ်းစင်များ၌စာစဉ်အသစ်များ ဖြည့်ဆည်း



**ပုလော၊ နိုဝင်ဘာ ၁၅**

ပုလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာ ဗဟုသုတများကို လက်လှမ်းတစ်မီ လေ့လာနိုင်ရန်ရည်ရွယ်၍ နံရံကပ်စာပေရေချမ်းစင် (MiniBook-Corner) များကို လူစည်ကားရာလမ်းဆုံ၊ လက်ဖက်ရည်ဆိုင်၊ ကားဂိတ်များတွင် ချိတ်ဆွဲပေးလျက်ရှိသည်။

ထိုသို့ဖြည့်ဆည်းရာ နိုဝင်ဘာ ၁၂ ရက်တွင် အတွဲ(၂) အမှတ်(၁၀) စာစဉ်အသစ်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စာပေ ရေချမ်းစင်များကို ပုလောမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာ လူစည်ကားရာ နေရာများတွင် ချိတ်ဆွဲပေးခဲ့ပြီး လစဉ်အသစ်များကို စာစဉ် ၁၃ မျိုးဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုနှင့်အနုပညာ၊ အားကစား၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိနှင့် ကလေးသူငယ်ဆိုင်ရာစသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ပုလော ပြန်/ဆက်**

# အ.ထ.က မြန်အောင်တွင် မိုးသောက်ပန်း စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**မြန်အောင်၊ နိုဝင်ဘာ ၁၅**

အ. ထ. က မြန်အောင်တွင် မိုးသောက်ပန်း စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို နိုဝင်ဘာ၁၄ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါဖွင့်ပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့် နှင့် အ. ထ. က မြန်အောင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုကြည်တို့က မိုးသောက်ပန်းစာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အ. ထ. က မြန်အောင်၏ မိုးသောက်ပန်း စာကြည့်တိုက်ကို ပင်မဆောင်ကြီးမြောက်ဘက်ခြမ်း အသစ်ဆောက်လုပ်ရာမှထွက်ရှိလာသော ဆယ်တင်ပစ္စည်းများကို အသုံးပြု၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုကြည်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်းတို့က ဝိုင်းဝန်းပံ့ပိုး ဆောက်လုပ်ခဲ့သည်။

ယင်းအပြင် ရွှေသပြေကုမ္ပဏီကူညီမှုတို့ဖြင့် အလျား ၄၀ ပေ၊ အနံ ၂၄ ပေ သွပ်မိုးအုတ်ပတ်ကာ တစ်ထပ် အဆောက်အအုံ ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်းသိရသည်။

အ. ထ. ကမြန်အောင်ရှိ မိုးသောက်ပန်း စာကြည့်တိုက်သို့ လစဉ်မဂ္ဂဇင်း၊ ဂျာနယ်၊ သုတ၊ ရသ စာအုပ်များ လှူဒါန်းနိုင်ကြောင်းနှင့် စာကြည့်တိုက် ငွေပဒေသာပင်များ လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းမိုလ်(မြို့နယ် ပြန်/ဆက်)**

# တိုက်ကြီးနှင့် ဖူးကြီးဘူတာအကြား ရထားနှင့် ဆိုင်ကယ်တိုက်၊ တစ်ဦးသေ

**တိုက်ကြီး၊ နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ မီးရထားဘူတာနှင့် ဖူးကြီးကျေးရွာဘူတာ အကြား မိုင်တိုင်အမှတ် ၄၀/၁၆-၁၇ တွင် နိုဝင်ဘာ ၁၃ ရက် ည ၉ နာရီခွဲခန့်က စက်ခေါင်းမောင်း ဦးဝင်းမြင့်ထွန်း မောင်းနှင်လာသော စက်ခေါင်းအမှတ် DF-1622 အမှတ်(၇၀)အစုန် သာရဝေါ-ကြည့်မြင်တိုင် ရထားနှင့် မင်္ဂလာရပ်ကွက် မီးသွေးကုန်းကျေးရွာနေ (ဘ)ဦးမြတ်ကောင်း၏သား ချစ်စန်းဦးအသက် (၂၆)နှစ်မောင်းနှင်လာသော Luluojia အနက်ရောင်ဆိုင်ကယ်တို့ တိုက်မိရာ ဆိုင်ကယ်မောင်းသူ ချစ်စန်းဦး ဦးခေါင်းဝဲဘက်ကွဲ၊ ယာဘက်နားမှ သွေးထွက်ဒဏ်ရာများဖြင့် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။

ဆိုင်ကယ်နောက်မှ လိုက်ပါစီးနင်းသော ညီဖြစ်သူ ချစ်စန်းကို အသက် ၂၅ နှစ်မှာ ဝဲဘက်ဂျိုစောင်းပေါက်ဝဲဘက်မျက်ခုံးပွန်း၊ ဝဲဘက်တံတောင်ဆစ်ပွန်း(စိုးရိမ်ရ)၊ ဒဏ်ရာများရရှိသဖြင့် ဆေးကုသမှုခံယူနိုင်ရန် တိုက်ကြီးမြို့ ပြည်သူ့ဆေးရုံကြီးသို့ မီးရထားရုံပိုင်တာဝန်ခံ ဦးစိုးလှနှင့် မီးရထားရဲတပ်သား ကျော်ကျော်လင်း၊ တိုက်ကြီးမြို့နယ်ရဲစခန်းမှ ရဲအုပ်ကျော်မင်းထွဋ်တို့က ပို့ဆောင်ပေးကြကြောင်းသိရသည်။

**သာညွန့်**

## အထူးကျေးဇူးတင်ရှိခြင်း

စေတနာ မေတ္တာဖြင့် လမ်းခင်းပေးပါသော ရတနာမြိုင် ဆောက်လုပ်ရေးမှ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်တကွ GM ဒေါ်မေမျိုးသူအားလည်းကောင်း တာဝန်ခံ မောင်ဇော်ထက်အောင်နှင့် ရတနာမြိုင် ဆောက်လုပ်ရေးအဖွဲ့သူ၊ အဖွဲ့သားများအား ကျေးဇူးအထူးတင်ရှိပါသည်။

၈၁/၈၃ မိသားစု
ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

## ယာဉ်နှင့်စက်ကိရိယာပစ္စည်းရောင်းဝယ်ရေးဝန်ထမ်းဟောင်းများတွေ့ဆုံပွဲ

ယာဉ်/စက်ဝန်ထမ်းဟောင်းများစုပေါင်း၍ တတိယအကြိမ် တွေ့ဆုံပွဲကို အောက်ပါ အစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်၍ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် -၁၉-၁၂-၂၀၁၄ရက် (သောကြာနေ့)
အချိန် -မွန်းလွဲ (၂း၀၀) နာရီမှ (၅း၀၀) နာရီထိ
နေရာ -M-3 Food Centre မြေနီကုန်း

## နဝမအကြိမ်မြောက် မော်လမြိုင် GTI, GTC, TU အာစရိယပူဇော်ပွဲ နှိုးဆော်ခြင်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၈)ရက် (တနင်္ဂနွေနေ့)၊ မွန်းလွဲ (၁)နာရီမှ (၅)နာရီအထိ အာစရိယပူဇော်ပွဲ အခမ်းအနားအား ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ မော်လမြိုင်ဓမ္မာရုံ၌ အစဉ်အလာမပျက် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ (၁)နာရီမှ (၃)နာရီအထိ ၎င်းဓမ္မာရုံတွင် ညှိနှိုင်းဆွေးနွေးမေးမြန်းလှူဒါန်းအကြံပေး နိုင်ပါသည်။ ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် ကျောင်းသား/သူဟောင်းများ တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ်များ-

၁။ ဦးငွေနိုင်(85-MT)09-5086321
၂။ ဦးကြည်ဇင်(85-MT)09-5151160
၃။ ဦးစိုးမြင့်သိန်း(86-MP)09-450039024
၄။ ဦးထွန်းလင်း(85-MT) 09-5311053
၅။ ဒေါ်ချိုလင်းစံ(87-Civil) 09-5039961
၆။ ဦးမြတ်ထွန်း(93-EP) 09-8702057
၇။ ဦးမျိုးဝင်းထွန်း(94-Civil) 09-43067057
၈။ ဒေါ်သင်းသင်းအောင် (93-Civil)09-250023378
၉။ ဦးဟိန်းလတ်စိုး(99-MP)09-73126848
၁၀။ ဦးမြတ်ကြည်စိုး(2000-MP) 09-450046665

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့

## များသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ဧရာဝတီလမ်းသွယ်(၁)၊ အမှတ်-၁၂(က) ဟုခေါ်တွင်သော (အလျား ၃၀ပေ×အနံ ၆၅ပေ) မြေကွက်အားမစန်းစန်းဝင်း [၁၂/မဂဒ(နိုင်)၀၉၅၃၇၄]ကိုင်ဆောင်သူမှ မိမိတစ်ဦးတည်းသာပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ကျွန်ုပ်၏ မိတ်ဆွေထံမှ အဆိုပါ မြေကွက်၏ တန်ဖိုးတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် လက်ခံ ရယူထားပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် လက်ရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝေလင်းဌေး(LL.B,D.I.L)တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၁၈)
အမှတ်-၅၆၁၊ ပထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၉၁၁၆၈၈၉

## အများသိစေရန်ကြေညာခြင်း

လှိုင်သာယာမြို့နယ်၊ FMI City မင်္ဂလာ(၂)လမ်း၊ အမှတ် (K-43)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးထင်ဦးမောင် [၁၂/စခန(နိုင်)၀၅၁၆၈၇]နှင့် ၎င်း၏ဇနီး ဒေါ်အိဖြူဖြူခိုင်[၆/မအရ(နိုင်)၀၉၁၆၂၈] တို့သည် လင်မယားသဘာဝ စိတ်အခန့်မသင့်ဖြစ်ပြီး ကျွန်ုပ်၏ မိတ်ဆွေမ စီးပွားရေးလုပ်ငန်းဖြင့် နေအိမ်၌ မရှိခိုက် ၂၇-၁၀-၂၀၁၄ရက်တွင် ဒေါ်အိဖြူဖြူခိုင်သည် ငွေသားအချို့အား ရယူပြီး ခင်ပွန်းဖြစ်သူ သဘောတူခွင့်ပြုချက်မရှိဘဲ နေအိမ်မှ ထွက်ခွာသွားကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကာမပိုင်ခင်ပွန်းဖြစ်သူ ဦးထင်ဦးမောင်၏ ဇနီးဖြစ်သူ ဒေါ်အိဖြူဖြူခိုင်အားလက်ခံခြင်း၊ လက်ဝယ်ခေါ်ယူထားရှိခြင်း၊ ခင်ပွန်းဖြစ်သူ ၏ အုပ်ထိန်းမှုမှ အခြားနေရာသို့ ထွက်ခွာသွားစေခြင်း၊ မိသားစု ဘဝပြိုကွဲအောင် တစ်နည်းနည်းဖြင့် ဖြားယောင်းသွေးဆောင်ခြင်း မပြုရန် တားမြစ်အပ်ပါသည်။ သဘောရိုးဖြင့် လက်ခံထားခြင်းဖြစ်လျှင် ခင်ပွန်းဖြစ်သူထံ အမြန်ဆုံးပြန်လည်ဆက်သွယ် အပ်နှံရန် အသိပေးလိုက်သည်။ လိုက်နာမှုမရှိက ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးထင်ဦးမောင်
[၁၂/စခန(နိုင်)၀၅၁၆၈၇]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြင့်နီလာနွယ်(LL.B)
အထက်တန်းရှေ့နေ၊ စဉ်(၂၈၁၂၇)
မ-၂၃၊ လမ်းသွယ်(၂)၊ ဘုရင့်နောင်ရိပ်သာ၊ မြို့သစ်(က/ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၃၅၄၂၄၊ ၇၃၂၁၀၈၆၆

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၉)၊ ဦးပိုင်အမှတ်(၆၁)၊ ၅၀×၅၁ကြား၊ ဘုရင့်နောင်×အောင်ဇေယျလမ်းကြားရှိ ဦးရွှေလှိုင်ဦး အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးသိန်းတန်[၅/ဝလန(နိုင်)၀၂၅၃၈၅]မှ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့်ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

# မန္တလေးမြို့တွင် ဆောင်းရာသီ အနွေးထည်များ ရောင်းအားကောင်း

**မန္တလေး၊ နိုဝင်ဘာ ၁၅**

မန္တလေးမြို့တွင် နံနက်ပိုင်းပူပြီး နေ့လယ်ပိုင်းတွင် အပူချိန်များကျဆင်းကာ အအေးဓာတ်များ စတင်ဝင်ချိန် ဆောင်းရာသီအကြို နိုဝင်ဘာလ ဖြစ်သဖြင့် သိုးမွှေးအနွေးထည် အရောင်းဆိုင်များ နှင့် သားရေအနွေးထည် အရောင်းဆိုင်များ ရောင်းအားကောင်းနေကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ရှိ သိုးမွှေးနှင့် ဆွယ်တာ လက်ကား အရောင်းဆိုင်များမှ သိုးမွှေးဆွယ်တာ၊ ခေါင်းစွပ်၊ လည်စည်း၊ လက်အိတ်၊ ခြေအိတ်၊ နားအုပ်စသည့် ဆောင်းရာသီ အနွေးထည်နှင့် အသုံးအဆောင်ပစ္စည်းများကို မန္တလေးမြို့ရှိ သိုးမွှေးအနွေးထည် အရောင်းဆိုင်များမှ ကြိုတင်မှာယူရပြီး နိုဝင်ဘာ ပထမပတ်မှ စတင်၍ ရောင်းအားများကောင်းနေကြောင်း သိရသည်။

ဆောင်းရာသီနီးလာချိန် မန္တလေးမြို့တွင် အမွှေးပွ နားအုပ်များကို မန္တလေးအနွေးထည် ဈေးကွက်အတွင်း ဈေးနှုန်းသင့်တင့်စွာ ရောင်းချပေးနေပြီး မစ်ကီမောက်ပုံ၊ ဝက်ဝံပုံ၊ ယုန်ပုံ ၊ အသည်းပုံစသည့် ချစ်စဖွယ် ဒီဇိုင်းမျိုးစုံကို လူကြိုက်များလျက်ရှိပြီး သိုးမွှေးဦးထုပ်၊ သိုးမွှေးခေါင်းစွပ်နှင့် သိုးမွှေးလည်စည်း ပုဝါများလည်း အရောင်းသွက် လျက်ရှိကြောင်း သိရသည်။

ထိုသို့ ရောင်းချရာတွင် သိုးမွှေးဆွယ်တာ နှင့် သိုမွှေးအနွေးထည်များသည် ဒီဇိုင်းပေါ်မူတည်၍ ဈေးနှုန်းအနည်းငယ်ကွာကြောင်းလည်း သိရသည်။ **သီဟကိုကို(မန္တလေး)**



## မော်လမြိုင်ကျွန်းမြို့နယ် သံဃဆေးရုံပန္နက်တင် မင်္ဂလာကျင်းပ

**မော်လမြိုင်ကျွန်း၊ နိုဝင်ဘာ ၁၅**

မော်လမြိုင်ကျွန်းမြို့နယ် သံဃဆေးရုံတည်ဆောက်ရေး ပန္နက်တင် မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၇ နာရီက မော်လမြိုင်ကျွန်းမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ယင်းပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ နာယကဆရာတော်များနှင့် မြို့နယ် သံဃနာယက ဆရာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှဟန်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးလှစိုးနှင့် ကော်မတီဝင်များ၊ ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာအေးအောင်နှင့် ဝန်ထမ်းများ၊ သံဃဆေးရုံ ဆောက်လုပ်ရေးကော် မတီဝင်များနှင့် မြို့နယ်သံဃဆေးရုံ တည်ဆောက်ရေး အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ပန္နက်တင်မင်္ဂလာ အခမ်းအနားတွင် ပန္နက်တိုင်အမှတ် (၁) အား နာယကဆရာတော်များနှင့် မြို့နယ်သံဃနာယကဆရာတော်များကလည်းကောင်း၊ ပန္နက်တိုင်အမှတ် (၂) အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က လည်းကောင်း၊ ပန္နက်တိုင် အမှတ် (၃) အား မြို့နယ်သံဃဆေးရုံ တည်ဆောက်ရေး အလှူရှင် ဦးကျော်ငွေ-ဒေါ်ရှုသင်း အော်စကာစတိုး မိသားစုများကလည်းကောင်း မင်္ဂလာပန္နက်တင် စိုက်ထူပေးကြသည်။

အဆိုပါ မြို့နယ်သံဃဆေးရုံအား မော်လမြိုင်ကျွန်းမြို့နေ အလှူရှင် ဦးကျော်ငွေ-ဒေါ်ရှုသင်း၊ မောင်ဝဏ္ဏဖြိုးနှင့် မောင်ဝေယံလင်း အော်စကာစတိုး မိသားစုတို့က ကျပ်သိန်း ၃၀၀ ဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး မြို့နယ်သံဃဆေးရုံ အဆောက်အအုံမှာ အလျား ၄၈ ပေ၊ အနံ ၃၀ ပေရှိ အာစီကွန်ကရစ် တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

## မြင်းခြံမြို့နယ်၌ အလှူရှင်မိသားစုက အခြေခံမူလတန်း ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေး

**မြင်းခြံ၊ နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ၊ မြင်းခြံမြို့နယ်၊ ကျားတိုင်းကျေးရွာရှိ အခြေခံမူလတန်းကျောင်း၏ ကျောင်းဆောင်သစ်ကို အလှူရှင်မိသားစုမှ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ကျောင်းဖွင့်ပွဲကို မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင် ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်း ၊ အလှူရှင် ဦးထွန်းအေး ဇနီးဒေါ်ခင်မာဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ဝန်ကြီးဦးအောင်ဇံက အမှာစကားပြောကြားခဲ့ပြီး၊ ကျောင်းဆောင်သစ်အလှူရှင်ဦးထွန်းအေးက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထိုရိမ်းဘိုးကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများအား အလှူရှင်ဦးထွန်းအေးနှင့်ဇနီးဒေါ်ခင်မာဝင်း (ရိမ်းဘိုး ဆိုင်ကယ်ပစ္စည်းရောင်းဝယ်ရေး)တို့က ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ကျောင်းဆောင်သစ် အလှူရှင်များနှင့် မြေအလှူရှင်များ၊ ရေတွင်း၊ ရေစက်အလှူရှင်များအား ဝန်ကြီး ဦးအောင်ဇံနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးခဲ့ပြီးနောက် ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ရိမ်းဘိုး ကျောင်းဆောင်သစ်သည် အလျား ၃၀ ပေ၊ အနံ ၂၄ ပေ ၊ အမြင့် ၁၂ ပေ၊ နံရံကပ်၊ စတီးတိုင်အုတ်ညှပ် အဆောက်အအုံဖြစ်သည်။

အဆိုပါကျောင်းဆောင်သစ်နှင့်အတူ စာသင်ခုံများ ၊ ကျောင်းသုံး ပရိဘောဂများနှင့်ရေလောင်းအိမ်သာ ၁၀ လုံးတို့ကိုမန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မျက်ပါးရပ် ၃၆ × ၃၇ ကြား၊ ၇၈ လမ်းနေ ဦးထွန်းအေးဇနီး ဒေါ်ခင်မာဝင်း မိသားစု (ရိမ်းဘိုး ဆိုင်ကယ်ပစ္စည်းရောင်းဝယ်ရေး) က လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကုန်ကျငွေစုစုပေါင်း သိန်း ၈၃၀ ကုန်ကျခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## ကျီခါးမြို့တွင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း လုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြော

**ကျီခါး၊ နိုဝင်ဘာ ၁၅**

ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းခြင်းလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ချင်းပြည်နယ် ကျီခါးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးစိုးမောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ချင်းပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် မှ ၂၀၁၄ ခုနှစ် လေးနှစ်တာကာလအတွင်း ဇီဝမျိုးကွဲထိန်းသိမ်းခြင်း လုပ်ငန်းအတွက် သစ်တောစိုက်ခင်းဧက ၃၅၈၀ စိုက်ပျိုးတည်ထောင်ခဲ့ပြီးဖြစ်သည်။

ထိုသို့တည်ထောင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း သစ်တောပြုစုထိန်းသိမ်းခြင်း၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ခြင်းလုပ်ငန်းအတွက် စိုက်ခင်း ၈၉၅၀ ဧကကို မီးကာကွယ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ကာဗွန်စုပ်ယူ သိုလှောင်နိုင်မည့် သစ်တောစိုက်ခင်း ၃၅၈၀ ဧက စိုက်ပျိုးတည်ထောင်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါချင်းပြည်နယ်သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် လ ၃၀ စီမံချက်နှင့် Action Plan ချမှတ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းစခန်းများဖြစ်သည့် ရိဒ်ရေကန်၊ ဘွေပါးတောင်နှင့် လိုင်ဗားဒေသက ဇိန်မူတောင်စသည့် သဘာဝတောတောင်လျှိုမြောင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသည့်နေရာများတွင် အဓိကထား ဆောင်ရွက်နေကြောင်းကို မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်အောင်က ပြောသည်။

ပြည်နယ်ဝန်ကြီးဌာနရုံး၏ မှတ်တမ်းများအရ ချင်းပြည်နယ်တွင် မြေဧရိယာစုစုပေါင်း ၈၉၀၀၄၅၉ ဧကရှိပြီး ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော ၁၄၅၃၄၅၉ ဧကရှိကြောင်း မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်အောင်က ဆက်လက်ပြောသည်။

အဆိုပါအသိပညာပေးဟောပြောပွဲအခမ်းအနားသို့မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၅၀၀ ကျော်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဇိုဟေဆာ**

**(၁၂)ကြိမ်မြောက် အလက(၂) တာမွေကျောင်းသား ဟောင်းများမှ အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း**

အလက(၂)တာမွေမှ ပညာအမွေပေးပြီး အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော အနန္တဂိုဏ်းဝင် ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်းများမှ စုပေါင်း၍ အာစရိယပူဇော်ပွဲကို ၇-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အလက(၂) တာမွေကျောင်းခန်းမဆောင်၌ ကျင်းပပါမည်။ ရပ်ဝေးရပ်နီးမှ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားပါသည်။ ဆက်သွယ်လှူဒါန်းလိုသူများ အောက်ပါတယ်လီဖုန်းများသို့ ဆက်သွယ်နိုင်သည်။ ဆရာဦးငွေစိုး ဖုန်း-၀၉-၄၃၁၄၇၈၈၄၊ ဆရာဦးရဲလွင် ဖုန်း-၀၉-၃၁၀၂၁၇၇၄၊ ဦးရဲထွဋ်(မိုးနည်းပြ) ဖုန်း-၀၉-၅၄၆၉၄၆၊ ဦးမြင့်ဦး (အိတုံစတိုး) ဖုန်း-၀၉-၅၀၂၂၁၄၊ ဦးညီညီလွင် ဖုန်း-၀၉-၅၀၂၉၄၈၂၊ ဦးရာဇာဝင်း ဖုန်း-၀၉-၇၃၁၀၅၇၇၁၊ ဒေါ်ကျင်ဝင်း ဖုန်း-၀၉-၇၃၀၅၅၅၂၄

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)အနောက်၊ မြေကွက်အမှတ်(၇၀၅)၊ မြေကွက်တည်နေရာအမှတ်(၇၀၅)၊ မြေနီ(၆)လမ်း၊ ၇ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ခင်မြစိန်)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မြစိန်(မိခင်)နှင့် ဦးခင်မောင်ထွန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်ဝေလွင်ထွန်း[၁၂/သကတ(နိုင်)၀၂၇၉၇၃]၊ (၂) ဒေါ်မေမြတ်ထွန်း[၁၂/သကတ(နိုင်)၀၀၉၃၅၉]၊ (၃) ဦးနေထွန်း[၁၂/သကတ(နိုင်)၀၂၈၄၄၂]၊ (၄) ဦးဟန်ထွန်း[၁၂/ဥကတ(နိုင်)၀၂၅၆၇၇]၊ (၅)ဦးခင်ထွန်း[၁၂/ ဥကတ(နိုင်)၀၂၆၀၅၇]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၇၂၀/၂၀၁၄)နှင့် (၂၂၇၂၁/၂၀၁၄) ရသူ ဒေါ်မြမြနွယ်[၁၃/တကန(နိုင်)၁၃၄၃၂၄]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(လုံးချင်း)၊ မြေကွက်အမှတ်(၅၆)၊ မြေကွက်တည်နေရာအမှတ်-၁၁၊ အာသောကလမ်း၊ ကြီးပွားရေးရပ်ကွက်၊ ပြည်ထောင်စုရိပ်မွန်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးဝင်းမြင့်[၁၂/တမန(နိုင်)၀၈၈၀၅၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ဦးဝင်းမြင့်) ကွယ်လွန်သဖြင့် ဒေါ်ကြည်လေး[၁၂/တမန(နိုင်)၀၈၈၀၅၈]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ ၎င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၀၅/၁၇-၁-၂၀၁၁)ရရှိသူ ဒေါ်စန်းစန်းဝင်း[၁၂/ပဇတ(နိုင်)၀၁၃၃၈၆]က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ မြေကွက်အမှတ် (၁၄၂/က)၊ (၂၀' x ၆၀')ရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ၎င်းနှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက် ဒေါ်အေးငြိမ်းကြည် (ISN -၅၆၆၀၃၈)ထံမှ အဆက်အစပ်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးသန်းမြင့် (၁၂/အစန(နိုင်)၁၀၀ရ၃၉)ထံမှ ဝယ်ယူရန်အတွက် ဦးနေအောင် (၉/သေရ(နိုင်) ၀၀၀၅၂၆)က တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ —

ဒေါ်ခင်အေးအေးသွယ် (LL.B.,D.B.L.,DIR) ဒေါ်သင်းအိမြ (LL.B, LL.M) ဒေါ်တင်နီလာဝင်း (LL.B)

(စဉ် - ၁၄၇၆၁) (စဉ် - ၁၇၄၂၆) (စဉ် - ၄၀၉၆၂)

အ ထက် တန်း ရှေ့ နေ များ

အမှတ် (၅၀)၊ ပ-ထပ်၊ အခန်း (A-11/12)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း 09 420069144, 09 255766299, 09 250054001 09 421006482

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၃-၁၀-၂၀၁၄ရက် ကြေးမုံသတင်းစာ၏စာမျက်နှာ ကြော်ငြာ(၈) ကန့်ကွက်ကြော်ငြာ၊ အင်းစိန်မြို့နယ်၊ SP ဒေါ်ငြိမ်းချမ်းဆုလှိုင်၏ အမည်ပြောင်းတွင် SP ဒေါ်ငြိမ်းချမ်းဆုလှိုင်[၁၂/အစန(နိုင်)၁၉၉၇၃၈]ဟု အမှန်ဖတ်ရှုပါရန်။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၇၅၆နံ)၊ မြေကွက်တည်နေရာအမှတ်(၇၅၆နံ)၊ ဣန္ဒာ(၉)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် (ဒေါ်အေးရင်) [၁၂/ဥကမ(နိုင်)၁၂၃၈၈၆] အမည်ပေါက်နှစ်(၆၀)ဂရန်မြေ အမည်ပေါက် ဒေါ်အေးရင်အပေါ် ဦးမြင့်သောင်းမှ တရားလိုပြုလုပ်၍ စွဲဆိုသောမြောက်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၁၁၃/၂၀၁၃၏စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၁၃/၁၄၏နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ တရားရုံး ဒေါ်အေးရင်ကိုယ်စား ဘီလစ်ဦးခင်မောင်ချစ်[၁၂/သကတ(နိုင်)၁၀၈၇၃၉]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ် ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄ စီမံကိန်း-၁)၊ မြေကွက်အမှတ်(၁၂၀)၊ မြေကွက်တည်နေရာအမှတ်-၁၂၀၊ သဇင်လမ်း၊ (၁၄စီမံကိန်း-၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးကာလို) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ဦးကာလို) ကွယ်လွန်သဖြင့် ဒေါ်ငွေငွေဝင်း[၁၂/ဥကတ(နိုင်)၁၁၆၅၈၉]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် မြေရာဇဝင်မှတ်ချက်ပါ (၂၀၀၆)ခုနှစ်က ကူးယူခဲ့သော ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံမြေရာဇဝင် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ-၂၂၇၇ (၁-၁၀-၁၄)တို့တင်ပြ၍ ၎င်းကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၇၈၆ (၂၃-၄-၁၄)ဖြင့် လွှဲအပ်ခံရသူ ဦးစိုးဝင်း[၁၄/ပသန(နိုင်)၀၂၈၆၅၅]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၇၇၉၈ (၅-၈-၁၄)ဖြင့် အရောင်းအဝယ်စာချုပ်ရန်နှင့် ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# မန္တလေးစက်သုံးဆီ သိုလှောင်ဝင်း မီးလောင်မှုအပေါ် စွမ်းစွမ်းတမံဆောင်ရွက်သူများအား ဂုဏ်ပြု

**မန္တလေး၊ နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် သံလျက်မော်အနောက်ရပ်ကွက်၊ ပင်မစက်သုံးဆီ သိုလှောင်ဝင်းအတွင်း၊ ဂါလန် ၂၈၀၀ ဆံ့ ဆီသယ်ယာဉ်ဖြင့် ဓာတ်ဆီဖြည့်နေစဉ် ဆီသယ်ယာဉ်သော့ပိတ်ပြီး စက်ရပ်ထားသော်လည်း မိန်းဘားမှ ထွက်လာသောမီးပွားနှင့် ဓာတ်ဆီငွေ့ထိတွေ့ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုအား အရန်မီးသတ်တပ်ကြပ် ဘိုဘိုဟန်၊ အရန်မီးသတ် ဒုတပ်ကြပ် ရဲလင်းမောင်၊ အရန်မီးသတ်တပ်သား အောင်ကျော်မြင့်၊ မီးသတ်တပ်ကြပ် သော်တာနှင်းအောင်၊ မီးသတ်တပ်သား မင်းမော်ဟန်နှင့် သန်းထိုက်အောင်တို့သည် အဆိုပါမီးလောင်မှုတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုအပေါ် အမှတ် (၁) တိုင်းဒေသကြီး ပြည်နယ်မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဂုဏ်ပြုပွဲ အခမ်းအနားသို့ အရန်မီးသတ်ဒုတပ်ရင်းမှူးများ၊ အရန်မီးသတ်တပ်ခွဲမှူးနှင့် အရန်မီးသတ်ဒုတပ်ခွဲမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွဏ်းလှအောင် (မန္တလေး)**

# ရွှေမန်းသူခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်ပေါ်ကျန် ပစ္စည်းများအား ပိုင်ရှင်သို့ပြန်လည်ပေးအပ်

**ရန်ကုန်၊ နိုဝင်ဘာ ၁၅**

ဆွာမှ ရန်ကုန်သို့ အောက်တိုဘာ ၉ ရက် နံနက် ၅ နာရီခွဲက ထွက်ခွာလာသည့် ရွှေမန်းသူ ခရီးသည်တင်ယာဉ်သည် ရန်ကုန် ရွှေမန်းသူဂိတ်သို့ နံနက် ၁ နာရီခွဲအချိန်တွင် ရောက်ရှိပြီး ခရီးသည်များ ဆင်းသွားပြီးချိန်၌ ယာဉ်ပေါ်သို့ လုံခြုံရေးအရ ရှင်းလင်းရှာဖွေစဉ် ထိုင်ခုံအမှတ် ၁၂ ထောင့်တွင် အမျိုးသမီးလက်ကိုင်အိတ်အနက် တစ်လုံးကျန်ရှိနေသည်ကို တွေ့ရှိသဖြင့် လုံခြုံရေးဝန်ထမ်း၊ သတင်းတပ်ဖွဲ့၊ တန်ဆာဌာန တာဝန်ခံနှင့် ယာဉ်အဖွဲ့များ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ၎င်းလက်ကိုင်အိတ်အတွင်းမှ ရွှေလက်ကောက် တစ်ကွင်း (ခန့်မှန်းတန်ဖိုး ကျပ် ၃၅၀၀၀၀ ခန့်)၊ အမျိုးသမီးလက်ပတ်နာရီ Qutz တစ်လုံး၊ Huawei လက်ကိုင်ဖုန်းတစ်လုံး၊ ဖုန်းအားသွင်းကြိုးတစ်ချောင်း၊ ငွေကျပ် ၉၇၀၀၊ Pollen ဆေးတစ်ဘူးနှင့် မစန်းကြည်အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတို့ကို တွေ့ရှိရပြီး ပိုင်ရှင်သို့ဆက်သွယ်ခဲ့သည်။

ပိုင်ရှင်ဖြစ်သူ ဒေါ်စန်းစန်းကြည်၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေသူအား တာဝန်ရှိသူများ ရှေ့မှောက်တွင် စနစ်တကျ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပစ္စည်းပြန်လည်ပေးအပ်သူ ယာဉ်ကြီးကြပ် ဦးအေးသွင်၊ ယာဉ်မောင်း ဦးလွင်ဦးတို့အား ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၊ ဒုတိယဥက္ကဋ္ဌ ဦးလှအောင်သိန်းက နိုဝင်ဘာ ၁၂ရက်တွင် ပြုလုပ်သည့် ရွှေမန်းသူ၏ ၁၀/၂၀၁၄ လပတ် ဆွေးနွေးပွဲတွင် ရိုးသားဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တ/ဥ ပြန်ဆက်**

# စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းနှင့် စာအုပ်များလှူဒါန်း

**မိုးနဲ၊ နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊မိုးနဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကဝန်ထမ်းများသည် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ဝမ်ဟေကျေးရွာအုပ်စု၊ ပန်လော့ကျေးရွာ ဟွေတုံလုံ အခြေခံပညာမူလတန်းကျောင်းသို့ နယ်လှည့်သွားရာက်ပြီး စာဖတ်ဝိုင်းနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးညွန့်ရွှေက စာဖတ်ဝိုင်းနှင့် စာအုပ်များလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စာကြည့်တိုက်လက်ထောက် ဒေါ်နန်းရွှေကြည်က ကျောင်းသားလူငယ်များ စာအုပ်စာပေကို အလွယ်တကူ ဖတ်ရှုမှတ်သားနိုင်ရေး ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် ၎င်းကကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ် ၅၀ အုပ်ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသိန်းထိုက်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဗဗ၁**

# ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းခန်းမတည်ဆောက်မှု ၂၀ရာခိုင်နှုန်းပြီးစီး



**မုံရွာ၊ နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းတွင် အလျား ၁၂၈ ပေ၊ အနံ ၆၀ ပေ၊ အမြင့် ၂၆ ပေရှိ အေးရိပ်ဝေ ခန်းမဆောင် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အေးရိပ်ဝေ ခန်းမဆောင်တည်ဆောက်နေမှုနှင့် ပတ်သက်ပြီး "ခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၆ ရက်က စတင်ပြီး တည်ဆောက်နေတာပါ။ ဒီနေရာမှာ အရင်က အလျား ၁၂၀ ပေ အနံ ၃၆ ပေရှိတဲ့ နံကပ် ပညာရတနာခန်းမရှိတယ်။ ခန်းမကအသုံးပြုလာတာ နှစ်ကကြာလာပြီး ဟောင်းနွမ်းနေပြီဖြစ်တဲ့အတွက် ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး ကော်မတီရဲ့ကြီးကြပ်မှုနဲ့ အခုလိုခေတ်မီပုံစံဒီဇိုင်းနဲ့ ခန်းမဆောင်အသစ် တည်ဆောက်တာပါ။ ငွေကျပ် ၂၉၁၀ သိန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းထား ပါတယ်။ အခုဆောက်လုပ်ရေးလုပ်ငန်း ၂၀ ရာခိုင်နှုန်းပြီးစီးပါပြီ" ဟု အဆိုပါခန်းမ အဆောက်အအုံကို တာဝန်ယူ တည်ဆောက်လျက်ရှိသော အောင်ထိုက်စံဆောက်လုပ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာကိုသစ်က ပြောသည်။

အဆိုပါ အေးရိပ်ဝေခန်းမဆောင်ကို တည်ဆောက်နိုင်ရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ ပုဂ္ဂလိကအလှူရှင်များမှ နိုဝင်ဘာ ၁၂ ရက်က ဘုတလင်မြို့ မြဝတီခန်းမဆောင်တွင် အလှူငွေပေးအပ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း**

# ကြို့ပင်ကောက်ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်များလှူဒါန်း

**ကြို့ပင်ကောက်၊ နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုးနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဗလီစံလှတို့သည် မြို့နယ်အဆင့် ဌာနဆိုင်ရာများအတူ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကြို့ပင်ကောက်မြို့နယ် ကွင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျူဗလီစံလှက အမှာစကားပြောကြားရာ စာသင်ကျောင်းများတွင် ကရင်ဘာသာစကား ထည့်ဝင်သင်ကြားနိုင်ရေးအတွက် နိုင်ငံတော်အဆင့်သို့ တင်ပြထားရှိမှုအခြေအနေ အရပ်ရပ်တို့ကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက ဖြည့်ဆည်းဆောင်ရွက်လုပ်ဆောင်ပေးမှုတို့အား ရှင်းလင်းတင်ပြပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဒေသခံများ၏ တင်ပြချက်များအား သက်ဆိုင်ရာဌာနအကြီးအကဲများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးကြသည်။

ယင်းနောက် လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ကျောင်းအုပ်ကြီးထံ ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းကြပြီး ကရင်တိုင်းရင်းသား၊ ကျောင်းသား၊ ကျောင်းသူများက ကရင်ရိုးရာအကများဖြင့် ဖျော်ဖြေညှော့ခံကြကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉-A)၊မြေကွက်အမှတ် (၃၁/ယ၂)၊ဧရိယာ(၀.၇၀၅)ဧကမှ Portion ၊မြေကွက်တည်နေရာအမှတ် (၄/က)။ မင်းကြီးလမ်း၊ တောင်သူကုန်း၊ အင်းစိန်(J-R ဆင်းဂပ္ပတား)အမည်ပေါက် မြေ(လ/န ၃၉ရပြီး)မြေအား ဒေါ်စန္ဒာဝင်း[၁၂/အစန(နိုင်)၀၄၁၇၃၇]က အရောင်းအဝယ်စာချုပ်-၉၅/၁၉၅၅ စာချုပ်ရုံးမိတ္တူမှန်၊ ပိုင်ဆိုင်စာချုပ် -၃၇၁/၁၉၉၅(၆-၃-၉၅)ရုံးလက်ခံမိတ္တူ မှန်၊ပိုင်ဆိုင်စာချုပ် ၁၈၉၀/၂၀၀၅(၁၉-၅-၂၀၀၅)၊ စွန့်လွှတ်စာချုပ်-၁၈၉၁/၂၀၀၅၊ (၂၀-၅-၂၀၀၅)၊ ပိုင်ဆိုင်စာချုပ် ၃၉၁၅/၂၀၀၉(၁၁-၁၂-၂၀၀၉)အပိုင်ပေးစာချုပ်-၉၄၄/၂၀၁၀(၂၂-၃-၂၀၁၀)တို့ တင်ပြ၍ မြေကွက်ခွဲစိတ် ရန်နှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀မြောက်၊ မြေကွက်အမှတ် (၁၅/ဃ)၊မြေကွက်တည်နေရာအမှတ် (၁၅/ဃ)၊ လယ်ယာ(၄)လမ်း၊ ၁၀/မြောက်၊သာကေတမြို့နယ် (ဦးသောင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသောင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မြဝင်း[၁၂/အလန(နိုင်)၀၀၆၄၁၉]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၀၈၈၈/၂၀၁၄)ရသူ ဒေါ်ရွှေရည်ဖူး[၁၂/သကတ(နိုင်)၁၇၈၆၅၄]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ရန်နှင့် ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဦးအောင်မျိုး[၁၄/ကလန(နိုင်)၀၀၈၃၁၄]နှင့် အများသိစေရန်ကြေညာချက်

ဒေါ်မီမီအောင်[၁၄/ကလန(နိုင်)၀၉၃၀၉၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ကျိုက်လတ်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်စာချုပ်အမှတ် ၂၀/၉၉ အရ ဒေါ်မီမီအောင်မှ တရားဝင် ပိုင်ဆိုင်သော ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ ကျိုက်လတ်မြို့ အမှတ်(၄)ရပ်ကွက်၊ ၁၀-လမ်း၊ အမှတ်၁၆၅ ဟုခေါ်တွင်သော ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ ကျိုက်လတ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၇)၊ ရုံးပိုင်းရပ်၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်-၁၁၀(က)၊ ဧရိယာ ၀.၀၆၁၊ ပေ (၁၇.၅×၇၅) ရှိမြေကွက်အား ၂၄-၁၂-၂၀၁၃ ရက်တွင် ဂရန်သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားရာ၌ ဦးအောင်မျိုးအနေဖြင့် အကျိုးသက်ဆိုင်ခြင်းမရှိဘဲ၊ ၎င်းခြံမြေနေရာတိုက်ခန်း၌ ဒေါ်မီမီအောင်၏ ခွင့်ပြုချက်ဖြင့် နေထိုင်နေခြင်းသာဖြစ်သဖြင့် ၂၇-၁၂-၂၀၁၃ ရက်စွဲဖြင့် ကျိုက်လတ်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးထံ ပေးပို့လျှောက်ထားသော ကန့်ကွက်လွှာနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကျွန်ုပ်တို့ထံသို့ ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက် မှုမရှိပါက ဂရန်သက်တမ်းတိုး၊ အမည်ပြောင်းခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဦးအောင်မျိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်စန္ဒာ (LL.B,LL,M)
အထက်တန်းရှေ့နေ(စဉ်-၂၄၂၅၄)
အမှတ်(၅၀)၊ အခန်း(၉)၊ ဒုတိယထပ်
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၆၆၈၃

ဒေါ်နန်းဟွမ်နွမ်းခမ်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၂၄)
ဖုန်း-၀၉၅၀၀၈၄၂၀

## ဦးကိုထွန်းနှင့် အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ၁၀ မိုင်ကုန်း၊ ရန်ကြီးအောင်လမ်း၊ အမှတ် (၇၀/ဘီ ) တွင် နေထိုင်သူ ဒေါ်သင်းသင်းလှိုင် [၁၂/ကမရ(နိုင်)၀၆၇၉၅၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ဒေါ်သင်းသင်းလှိုင်သည် ၂၈-၁၀-၂၀၁၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကံကွင်းကျေးရွာအုပ်စု၊ ကွင်းကောက်မြို့တွင် ဘိုးဘွားရိပ်သာအား တစ်ဦးတည်း အလှူရှင် အမည်ဖြင့် ဆောက်လုပ်လှူဒါန်းရန် ကိစ္စနှင့် ပတ်သက်၍ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်(၄၄/ဘီ)တွင် နေထိုင်သူ ဦးကိုထွန်း [၁၂/မရက(နိုင်)၁၅၇၆၆၇] ကိုင်ဆောင်သူအား ကိုယ်စားလှယ်အဖြစ် လွှဲအပ်ပေးခဲ့ပြီး ဦးစီးလုပ်ကိုင်စေခဲ့ပါသည်။

သို့သော် ဒေါ်သင်းသင်းလှိုင်မှ ဦးကိုထွန်းထံတွင် လွှဲအပ်ပေးထားသော ကိုယ်စားလှယ်လွှဲစာအားပြန်ပေးရန် တောင်းယူစဉ် ဦးကိုထွန်းမှ ပြန်မပေးနိုင်ကြောင်း ပြောသဖြင့် ဒေါ်သင်းသင်းလှိုင်မှ ကိုယ်စားလှယ်လွှဲထားခြင်းကို ရုပ်သိမ်းကြောင်း ဦးကိုထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှစတင်၍ ဦးကိုထွန်းနှင့် ဒေါ်သင်းသင်းလှိုင်တို့ကြား စီးပွားရေး၊ လူမှုရေး၊ အထွေထွေကိစ္စအားလုံးမှာ လွှဲအပ်ထားခြင်းမရှိ၍ သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သင်းသင်းလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန္တာလွင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)
ဖုန်း-၀၉ ၅၄၁၂၅၆၇

ဒေါ်ကြေးမုံဝင်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၄၉၀၇)
ဖုန်း-၀၉ ၄၄၈၀၁၂၇၃၇

မင်္ဂလာဒုံရှေ့နေများနားနေခန်း၊ မင်္ဂလာဒုံမြို့နယ်တရားရုံးဝင်း၊ မင်္ဂလာဒုံမြို့နယ်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၉/ဘီ)၊မြေကွက်အမှတ် (၄၃စီ၂/၈)၊ ဧရိယာ (၀.၂၃၆) ဧကရှိ မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ (၈)ထပ်တိုက်နှင့် (၃)ထပ်တိုက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များသည် ကွယ်လွန်သူ ဦးကြည်စိုး၏ဇနီး ဒေါ်ကြည်ကြည်ဆွေမှ ပိုင်ဆိုင်၍ ဒေါ်ကြည်ကြည်ဆွေမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နီနီအောင် [၇/သဝတ(နိုင်)၀၆၀၇၆၁]ကို မွေးစားစာချုပ် အမှတ်(၃၄၉/၁၄)ဖြင့် မွေးစားပြီး အထွေထွေကိုယ်စားလှယ်လွှဲ စာအမှတ်(၂၇၁၇၀/၁၄)ဖြင့် လွှဲအပ်ထားသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ သည် အထက်ပါမြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို စီမံခန့်ခွဲခွင့် ရရှိထားသူဖြစ်ပါသည်။ အထက်ပါ အဆောက်အအုံရှိ တိုက်ခန်းရောင်းဝယ်ခြင်း ပြုလုပ်ပါက မြေရှင်အိမ်ရှင်အဖြစ် စီမံခန့်ခွဲခွင့်ရှိသူ ကျွန်ုပ်၏မိတ်ဆွေထံ ဆက်သွယ်၍ အသိအမှတ်ပြု ဆောင်ရွက်ရန်နှင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နီနီအောင် မိသားစုအပေါ် ဂုဏ်သိက္ခာကျဆင်းစေမည့် မည်သည့် အပြုအမူ ဆောင်ရွက်ချက်ကိုမျှ မပြုလုပ်ရန် သတိပေး တားမြစ်ပါသည်။လိုက်နာရန် ပျက်ကွက်ပါက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နီနီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကေရီ
LL.B
အထက်တန်းရှေ့နေ
(စဉ်-၄၁၀၇၇)

ဒေါ်ခင်မိုးရွှေ
LL.B,LL.M
တရားလွှတ်တော်ရှေ့နေ
(စဉ်-၇၉၀၃)

တိုက်အမှတ်-၉၊ အခန်းအမှတ်-၁၀၃/AB ၊ ပထမထပ်(ဝဲဘက်ခန်း)၊၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၄၄၅၇

ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

ကျုံမငေးမြို့နယ်နေ (ဦးစစ်ဟုန်-ဒေါ်လှတင်)တို့၏သား၊ ရန်ကုန်မြို့၊ (၂၇)လမ်းနေ ဒေါ်ရှုကျင်၏ခင်ပွန်း ဦးစိန်လျှံသည် ၁၃-၁၁-၂၀၁၄ (ကြာသပတေးနေ့) ည ၈း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် ဇီဝိန္ဒြေအခမဲ့အောက်ဆီဂျင်ကူညီရေးအဖွဲ့**
**(ကျုံမငေးမြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးစန်းဝင်း(ငြိမ်း)ကြည်း-၁၆၇၁၅
## အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဥ္ဇူလမ်းသွယ်(၂)၊ အမှတ်(၅၉/က-၁)၊ ပါရမီရိပ်သာနေ မမူ(ခ)(ဒေါ်သန့်သန့်စင်အောင်)၏ခင်ပွန်း ဗိုလ်မှူးစန်းဝင်း(ငြိမ်း)သည် ၁၁-၁၁-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**ဦးတင်ဝင်း (friends Success Co., Ltd.)**
**ဒေါ်အေးအေးမော် (Blue Ocean Universe PTE LTD)**
**သမီး Kaori (Singapore)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်မေ (၈၄)နှစ်
### မောလူး၊ မောဟန်

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဦးမျိုးတင် (ဒု-ညွှန်ကြားရေးမှူး၊ ကုန်ထုတ်)နှင့် ဒေါ်ဆွေဆွေသန်းတို့၏မိခင်သည် ၁၄-၁၁-၂၀၁၄ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**စက်ရုံမှူးနှင့်ဝန်ထမ်းများ**
**ရေနံဓာတ်ငွေ့ရည် စက်ရုံ (ညောင်တုန်း)**

# အနိစ္စ

### ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးငြိမ်း (၈၆)နှစ်
### အသင်းဝင်(၆၁၀)
### ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်း(ရုံးချုပ်)အငြိမ်းစား
### ငြိမ်း-ရောင်စုံပုံနှိပ်တိုက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း၊ ဈေးကွယ်(က)ရပ်ကွက်၊ ကျောက်မြောင်း၊ ဇောတိကလမ်း၊ အမှတ်(၄၂)နေ (ဒေါ်မေဒီခင်)၏ခင်ပွန်း၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၁၃-၁၁-၂၀၁၄ရက် နံနက် ၃း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်အုန်းရီ(ရွှေကျင်) (၈၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ ဇီဇဝါဥယျာဉ်အိမ်ရာ၊ အမှတ် (၂၀)နေ (ဦးဖိုးမှတ်-ဒေါ်ငွေခင်)တို့၏သမီး၊ (ဦးကြည်)၏ဇနီး၊ ဦးဆန်းထူး-ဒေါ်မြရွှေ၊ ဦးမိုးအောင်(ခ)ဦးအောင်မိုး-(ဒေါ်အေးအေးသင်း)တို့၏မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်အုန်းရီ သည် ၁၃-၁၁-၂၀၁၄ (ကြာသပတေးနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဇီဇဝါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) (၇၈)နှစ်
### ကြည်း/၈၈၇၃၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၈)
### (မြောင်းမြအသင်း)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောင်ဇေယျလမ်း၊ အမှတ်(၉၂)၊ လေးလွှာနေ (ဦးတင်ထွန်း-ဒေါ်ပို)၊ (ဦးခင်ညွန့်-ဒေါ်သန်းမြင့်)တို့၏သား၊ ဦးဘိုရွှေ-(ဒေါ်ခင်)တို့၏သားသမက်၊ ဒေါ်စမ်းစမ်းဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးစန်းမြင့်)-ဒေါ်တင်တင်သိန်းတို့၏ညီ၊ ဦးစန်းတင့်-ဒေါ်ခင်သိန်းတို့၏အစ်ကို၊ ဒုတိယဗိုလ်မှူးကြီး ထင်အောင်ရှိန်-ဒေါ်ဇင်မာဝင်း၊ ဦးကိုကိုမောင် (Great International Ltd.)-ဒေါ်နှင်းဇာရှိန် (Grand Wynn Group of Companies)တို့၏ ချစ်လှစွာသောဖခင်၊ ဦးမောင်မောင်သန်း-ဒေါ်မြတ်မြတ်သင်း၊ ဦးနေမျိုးထွဋ်-ဒေါ်အေးသန္တာဝင်း၊ ဒေါ်သက်သက်စိုး၊ ဦးအောင်ကျော်မိုး-ဒေါ်ယမုံဖူး၊ ဦးဇော်ဇော်နိုင်-ဒေါ်စန္ဒာညို၊ ဦးစည်ဇော်မင်းလတ်တို့၏ ဦးလေး/ဘကြီး၊ မောင်အောင်သီဟဟိန်း၊ မဂန္ဓဝင်ထင်အောင်၊ မထူးထူးထင်အောင်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၄-၁၁-၂၀၁၄ (သောကြာနေ့) နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) (၂၀-၁၁-၂၀၁၄ရက် နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးပါမည်။) ကျန်ရစ်သူမိသားစု

## ဦးလှိုင်မြင့်(တမာမြေလှိုင်မြင့်)
### အတွင်းရေးမှူး၊ ဗဟန်းမြို့နယ်၊ စာရေးဆရာအသင်း
## အသက် (၆၇)နှစ်

ဗဟန်းမြို့နယ် စာရေးဆရာအသင်း(အတွင်းရေးမှူး) ဦးလှိုင်မြင့်(တမာမြေလှိုင်မြင့်) အသင်းဝင်အမှတ်(၃၇၆၃)သည် ၁၅-၁၁-၂၀၁၄ ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ဗဟန်းမြို့နယ် စာရေးဆရာအသင်း

### ဘတ္တန္တာဝနတ်ထိစံလွန်တော်မူခြင်း
## ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
## သိက္ခာတော် (၆၅)ဝါ၊ သက်တော် (၈၅)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ သဒ္ဓမ္မပဇ္ဇောတာရုံတိုက်ကြီးနှင့် ပဇ္ဇောတာရုံတိုက်ခွဲ ရှစ်တိုက်တို့၏ အဓိပတိမဟာနာယက၊ ရွှေကျင်နိကာယ ရတ္တညျူမဟာနာယက၊ ဂဏာရက္ခ လဇ္ဇီပေသလ သိက္ခာကာမ၊ ဝိနယဂရုက ဖြစ်တော်မူသော သိက္ခာတော်(၆၅)ဝါ၊ သက်တော်(၈၅)နှစ်ရှိ ဘဒ္ဒန္တနာဂဝံသ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာထေရ်သည် (၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်) ၁၄-၁၁-၂၀၁၄ (သောကြာနေ့) ညနေ ၃း၃၀ နာရီတွင် ဘဝနတ်ထံ စံလွန်တော်မူပြီးဖြစ်ပါ၍ တိပိဋကဓမ္မသဘင် ဆင်ယင်ကျင်းပပူဇော်လျက် (၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်) ၂၀-၁၁-၂၀၁၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။ တပည့်သံဃာများနှင့် ဈာပနကော်မတီ

## ဦးမျိုးဝင်း(ရွှေကျင်) (၈၆)နှစ်
### B.Sc (Geology)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဆောင်ရွက်မှုလုပ်ငန်း
### ရေနံမြေမန်နေဂျာ(ငြိမ်း) မြန်မာ့ရေနံလုပ်ငန်း
### မြန်မာနိုင်ငံဘူမိဗေဒပညာရှင်များအသင်းဝင်

(ဦးပြန့်-ဒေါ်ဖွားစိန်)တို့၏သား၊ (ဦးညိုဖုံ-ဒေါ်နှင်းအေးခိုင်)တို့၏ သားသမက်၊ (ဦးစံထွန်းဝေ)၊ ဒေါ် Ann Wai တို့၏ညီ၊ တိုက်(၁၁၉)၊ အခန်း(၁၅)၊ ရန်အောင်လမ်းသွယ်(၂)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဒေါ်မြင့်ကြီး)၏ခင်ပွန်း၊ (ဗိုလ်မှူးတင်ထွဋ်လတ်)၊ ဒေါက်တာကြည်သာမျိုးဝင်း (ကလေးအထူးကုဆရာဝန်ကြီး၊ တောင်ဥက္ကလာပပြည်သူ့ဆေးရုံကြီး)၊ ဦးတေဇာမျိုးဝင်း-ဒေါ်မော်လီမြသောင်း၊ (ဦးထွန်းဖုံဖြူ)၊ ဒေါ်ကြန္ဒာမျိုးဝင်း၊ ဦးကျော်စွာမျိုးဝင်းတို့၏ ဖခင်၊ မောင်တေဇာခိုင်စိုး၊ မဝင့်တင်ထွဋ်လတ်၊ မတေဇာခင်ဖုန်း၊ မကျော့မှူးအိမ်၊ Nicole Win, Medeleine Win တို့၏အဘိုးသည် ၁၅-၁၁-၂၀၁၄ရက် မွန်းလွဲ ၁း၁၀နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၄ (တနင်္လာနေ့) ညနေ ၄း၅၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၄ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသာထွန်း (၇၈)နှစ်
### လ/ထ ငှက်ဖျားမှူး(ငြိမ်း)
### မင်္ဂလာဈေး မြေညီ(၄၀၂)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် (၆/က)နေ (ဦးဘဖြူ-ဒေါ်ယိုင်လှညို)တို့၏သား၊ ဒေါ်ခင်ရီ(မင်္ဂလာဈေး၊ မြေညီ ၄၀၂)၏ခင်ပွန်း၊ ဦးတင်မောင်ရွှေ(ကျန်းမာရေးမှူး၊ ကွမ်းခြံကုန်းမြို့)၊ ဒေါ်ခင်ဝင်း(ငြိမ်း-ပညာရေး)၊ ဦးကိုကိုနိုင်(ငြိမ်း-သ/မ)၊ ဒေါ်လှလှဝေ (ငြိမ်း၊ ပညာရေး)၊ ဦးပြည်သိမ်းစိုး (ချမ်းမြေ့အောင် အိမ်-ခြံ-မြေအကျိုးဆောင်လုပ်ငန်း)၊ [ဒေါ်ခင်လှလှဌေး (မင်္ဂလာဈေး၊ မြေညီ ၄၀၂)]တို့၏ ဖခင်၊ မောင်မင်းသူရ-မနှင်းစုစုစံ၊ မောင်ဥက္ကာ၊ မောင်ဇွဲထွဋ်ခေါင်၊ မသိမ်းဆုဆုစံ၊ မဆုမွန်မွန်ထက်တို့၏ အဘိုးသည် ၁၄-၁၁-၂၀၁၄(သောကြာနေ့) နံနက် ၆း၂၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်အမာရီ(ရွှေကျင်)
## အသက် (၉၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြစံပယ်လမ်း၊ စည်ပင်သာယာလမ်းသွယ်၊ အမှတ်(၃၇-ဖ)နေ (ဦးဝင်းမောင်)၏ဇနီး၊ ဦးလှမင်း(MOGE၊ ငြိမ်း)-(ဒေါ်သန်းသန်းအေး)၊ ဦးအုန်းသိန်း (MOGE၊ ငြိမ်း၊ PTTEP၊ အကြံပေး)-ဒေါ်ခင်ဆွေရီ(စက်မှု/အထည်၊ ငြိမ်း)၊ ဒေါ်ခင်ဆွေဝင်း (အထက်တန်းပြ၊ အထက-၄၊ တောင်ဥက္ကလာပ၊ ငြိမ်း)တို့၏ ချစ်လှစွာသောမိခင်၊ Dr.ဖြိုးဝေမင်း၊ မခိုင်ချိုချိုသိန်း(ခေတ္တ-စင်ကာပူ)၊ မအေးစုမွန်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၅-၁၁-၂၀၁၄ (စနေနေ့) ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၄ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်မြသန်းရင်(ဒေါ်မူမူ)
## အသက်(၈၄)နှစ်
### (ကော့ကရိတ်)

(ဦးမန်းဘသင်း-ဒေါ်နှင်းပွင့်)တို့၏ သမီး၊ (ဦးဟန်လှိုင်)၏ဇနီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမန(၁)လမ်း၊ အမှတ် (၁၀၇၈)နေ ဦးသောင်းလွင်-ဒေါ်ခင်အေးလွင်၊ ဦးမေအောင်-ဒေါ်နုနုရီ၊ ဦးတင်အောင်ကြည်-ဒေါ်ခင်အေးဟန်၊ ဒေါ်ကြူကြူရီ၊ ဦးစိုးအောင်-မလေးငယ်၊ ဦးဟန်ဝင်းအောင်-ဒေါ်မေခင်၊ ဦးဇော်ဝင်း-ဒေါ်ဇင် မာထွေးတို့၏ မိခင်၊ မြေး ၁၁ယောက်တို့၏ဘွားဘွားသည် ၁၄-၁၁- ၂၀၁၄ (သောကြာနေ့) ည ၉း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်သောင်း(မိုင်းရှူး)
## အသက် (၅၈)နှစ်

မိုင်းရှူးမြို့၊ ရပ်ကွက်(၄)နေ (ဦးဘသန်း-ဒေါ်မြိုင်)တို့၏သမီး၊ ဦးစိုင်းကျော်ရင်-ဒေါ်နန်းမိုင်၊ ဦးစိန်ဝင်း-ဒေါ်စိန်ညွန့်တို့၏ညီမ၊ ဦးသန်းရှိန်-ဒေါ်နန်းသန်းသန်းမြင့်၊ ဦးဇော်ညွန့်-ဒေါ်နန်းယုယုမော်တို့၏ အစ်မ၊ ဦးကျော်အောင်သန်း၏ ဇနီး၊ (စိုင်းကျော်တင်ထွန်း)၊ ဦးမြတ်စောနိုင်၊ နန်းငြိမ်းငြိမ်းကျော်၊ နန်းနုနုဖြိုး၊ နန်းထွေးထွေးအောင်၊ နန်းသင်းသင်းဟန်၊ စိုင်းအောင်ကျော်ညွန့်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၄-၁၁-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်သန်းမြင့် (၈၂)နှစ်

(ဦးဖိုးတော-ဒေါ်မြမေ)တို့၏ သမီး၊ (ဦးရှမ်းလေး)၏ ဇနီး၊ (ဦးလှဟန်)-ဒေါ်နီ၊ (ဦးကြည်စိန်)-ဒေါ်ပုတို့၏အစ်မကြီး၊ လသာမြို့နယ်၊ (၂၃)လမ်း၊ အမှတ် (၁၃၃)၊ မြေညီထပ်နေ ဦးကျော်ကျော်-ဒေါ်တင်တင်လှ၊ ဦးခင်ဇော်-ဒေါ်မင်းမင်းစိုး၊ (ဦးမြင့်သိန်း)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်သန်းမြင့်သည် ၁၅-၁၁-၂၀၁၄ ရက် မွန်းလွဲ ၂း၄၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၄ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
## ဦးရဲမြင့်
### ညွှန်ကြားရေးမှူး(ငြိမ်း)
### နာယက (အကောက်ခွန် ဝန်ထမ်းဟောင်းများအသင်း)
## အသက် (၇၈)နှစ်

ရာသက်ပန်အသင်းဝင် အမှတ် (၅ ၆၃) ဦးရဲမြင့်သည် ၁၄-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၄ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ၍ အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးမျိုးလွင်(ခ)ဦးသက်
### (ကျောက်တန်း-ကမာကလဲရွာ)
## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အမှတ် (၉၀၄/ခ)၊ ပြမ္မာစိုရ်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပနေ (ဦးရွှေ-ဒေါ်ဆန်းရင်)တို့၏ သား၊ (ဦးရွှေမောင်-ဒေါ်သန်းကြည်)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့် (မိဘမေတ္တာ ရွှေဥသာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မိုးသက်-ဒေါ်မြင့်မြင့်စန်း(သပြေဆောက်လုပ်ရေး)တို့၏ အစ်ကိုကြီး၊ ဦးထွန်းလင်းအောင်-ဒေါ်နုနုလတ်(ရွှေဥသာ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)၊ ဦးမျိုးသက်နိုင်(ခ)ဖက်တီး-ဒေါ်ချမ်းမြေ့သူတို့၏ ချစ်လှစွာသောဖခင်၊ မစောယုဝတီ၊ မစောယွန်းဝတီတို့၏အဘိုးသည် ၁၄-၁၁-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိန်လျှံ(ကျုံမငေး) (၆၆)နှစ်
### Physics (69-73)

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံမငေးမြို့နယ်နေ (ဦးစစ်ဟုန်-ဒေါ်လှတင်)တို့၏ ဒုတိယသား၊ (ဦးမြတ်ထိုက်)-ဒေါ်သိန်းရီ၊ ဒေါ်မိမိတို့၏ညီ/မောင်၊ ဦးမြင့်စိုး-ဒေါ်သန်းဝင်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၇)လမ်း၊ အမှတ် (၄၆)၊ ပထမထပ်(ယာ)နေ ဒေါ်ရှုကျင်၏ ချစ်လှစွာသောခင်ပွန်း၊ မမေသက်ဆွေ (AUSTRALIA, MELBOURNE)၊ မောင်ဝေလျှံ-KYOKO SAN (JAPAN)၊ မောင်ကျော်ထက်စိန် (BANG KOK)၊ မသီရိကြွယ် (SINGAPORE)တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးစိန်လျှံသည် ၁၃-၁၁-၂၀၁၄(ကြာသပတေးနေ့) ည ၈း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၄ (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးတူး(ခ)ဦးစိုးမြင့်(ကျုံမငေး)
## အသက်(၆၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ အမှတ်(၂၀)၊ မြို့မလမ်းနေ (ဦးလံဒေး-ဒေါ်ပု)တို့၏ တတိယသား၊ အိမ်မဲမြို့နယ်၊ လူကောင်းကျွန်းတိုက်နယ်၊ အရှေ့ပိုင်းရပ်နေ ဦးလှခင်-ဒေါ်ခင်မေတို့၏သားသမက်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အလယ်ရေကျော်ကျေးရွာနေ ဒေါ်ခင်စိန်လှိုင် (L.H.V-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်နေလင်းစိုးထက် (Unilever)၊ မကေသွယ်စိုးမြင့်တို့၏ မွေးသဖခင် ကျေးဇူးရှင် ဦးတူး(ခ)ဦးစိုးမြင့်သည် ၁၂-၁၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၉း၄၅နာရီတွင် အမှတ်(၂၂)၊ လေးလွှာ၊ သစ်ယာလမ်း၊ကြည့်မြင်တိုင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေချမ်းစင်ဒါယကာကြီး
## ဦးကျော်သိန်း(ဒုံဇရစ်)
### ရုံးအုပ်E.P.C(ငြိမ်း)
### (နာယက ပေါင်းလောင်းအသင်း၊ ရွှေကျင်အသင်း)
## အသက်(၈၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ရွာနေ (ဦးသာမြိုင်-ဒေါ်နှင်းမေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၃၇)၊ ပထမထပ်နေ ဒေါ်ခင်စန်းရီ(မြန်မာ့ထီးစက်ရုံ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းလွင်ဦး (မြို့ရွာနှင့်အိုးအိမ်၊ လှိုင်သာယာ)-ဒေါ်စန်းစန်းကြည်၊ ဒေါ်ဥမ္မာမိုး(ကထိက၊ ပထဝီဝင်ဌာန၊ ပဲခူးတက္ကသိုလ်)၊ ဦးမိုးဟိန်း-ဒေါ်သီရိထွန်းစံ (ဆေးဥယျာဉ်ဆေးဆိုင်)တို့၏ဖခင်၊ မနန်းသဥ္ဇာအေး၊ မဆုမြတ်လွင်၊ မမြသံသာချိုတို့၏အဘိုးသည် ၁၄-၁၁-၂၀၁၄(သောကြာနေ့) နံနက် ၇း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၃း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၁-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၃၇) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)
## ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)
## အသက် (၇၈)နှစ်
### သက်ကြီးကန်တော့ခံ ဦးစီးနာယက

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးကန်တော့ခံ ဦးစီးနာယက ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်သည် ၁၄-၁၁-၂၀၁၄(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒေါ်ခင်မြင့်မူ(မြိတ်)
## အသက် (၆၈)နှစ်

မြိတ်မြို့၊ ကံဖျားရပ်၊ ခြံအမှတ် (၂/ခ)နှင့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အိုလံပစ်တာဝါ၊ အခန်း(၈၀၅)၊ ရှစ်လွှာနေ (ဦးစိန်အီ-ဒေါ်ခင်)တို့၏သမီး၊ ဦးမောင်ကြည်(ခ)ဦးကြည်ယု၏ဇနီး၊ ကိုမင်းယု-မလှမျိုးခိုင်၊ ကိုထိုက်ယု၊ ကိုညီလင်းညို-မအိန္ဒြာယုတို့၏မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၁၄-၁၁-၂၀၁၄(သောကြာနေ့) ညနေ ၄း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစိန်လျှံ(ကျုံမငေး)
## အသက်(၆၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံမငေးမြို့နယ်နေ (ဦးစစ်ဟုန်-ဒေါ်လှတင်)တို့၏ဒုတိယသား၊ ရန်ကုန်မြို့၊ အမှတ်(၄၆)၊ (၂၇) လမ်းနေ ဒေါ်ရှုကျင်၏ ခင်ပွန်း၊ မမေသက်ဆွေ၊ မောင်ဝေယံ၊ မောင်ကျော်ထက်စိန်၊ မသီရိကြွယ်တို့၏ ဖခင်ကြီး ဦးစိန်လျှံသည် ၁၃-၁၁-၂၀၁၄ (ကြာသပတေးနေ့) ည ၈း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၄ (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ကျုံမငေးအသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျုံမငေးအသင်းမှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျုံမငေးအသင်း
အလုပ်အမှုဆောင်

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီဦးရှဗ်ရ်အဟ်မတ်(ခ)
## ဟာဂျီဦးကျော်သင်း (၆၅)နှစ်
### အခွန်ဦးစီးမှူး(ငြိမ်း)

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဒိုးတန်းကျေးရွာနေ (ဦးအေဇာမြား-ဒေါ်ဖဒါခါတွန်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အောင်မင်္ဂလာလမ်းနေ ဟာဂျီမဒေါ်ဝင်းချို၏ချစ်လှစွာသောခင်ပွန်း၊ ဦးနေယုကျော်၊ Dr. Haji လင်းထိုက်ကျော်(ကျော်-သွားဆေးခန်း)၊ မမဥ္ဇူကျော်(B.Com)-Dr. မျိုးမြင့်(ခ)ဇီယာဘုလ်ဟောက် (JS PLUS-အထည်ဆိုင်)၊မနန္ဒာအေးကျော် (B.Act) (CPA Part-I)၊ မောင်ကျော်စွာမြတ် (ME, Petrole um) (Jr. Reservoir Engineer, Total E & P Myanmar)၊ မောင်ဇာနည်မျိုးကျော် ($2^{nd}$ Year, Civil၊ နည်းပညာတက္ကသိုလ်၊ သန်လျင်)တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၀-၁၁-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ၁၁-၁၁-၂၀၁၄ (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးကဗရ်စတန်၌ ဂျနာဇာနမဇ်ဖတ်ပြီး ဒါဖွာနာပြုလုပ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီမြင့် (၅၅)နှစ်
### B.Ecom(stat)

ရန်ကုန်မြို့၊ အမှတ်(၁၀၄)၊ ယောဂီကျောင်းလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးလှကြီး-(ဒေါ်သောင်း)တို့၏ သမီး၊ Capt; တင့်လွင်-ဒေါ်ခင်ခင်နွဲ့တို့၏ညီမ၊ Capt; ကျော်ဌေး (LIZ-STAR)-ဒေါ်သန်းသန်းနွယ်တို့၏အစ်မ၊ မောင်သုတလွင်(MCC)၊ မဆုနှင်းလွင် (Grade-VII, TTC)တို့၏ အဒေါ်၊ (ဗိုလ်မှူးတင့်လွင်)၏ဇနီး ဒေါ်ရီရီမြင့်သည် ၁၅-၁၁-၂၀၁၄ရက် နံနက် ၇း၁၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရင်ခင်(ခ)မေရီခင်
### B.A (Law), LL.B, D.B.L, D.M.L
### လသာ(၂)၊ ကျောင်းသူဟောင်း
## အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၉)၊ ဒုတိယထပ်နေ မဟာမြိုင်ကျောင်းအမကြီး (ဒေါ်ခင်ညွန့်)၏ မြေး၊ (ဦးခင်မောင်ကလေး- ဒေါ်ခင်မြမေ)တို့၏သမီးကြီး၊ ဦးမြင့်သန်းလင်း ($2^{nd}$ Officer)၏ဇနီး၊ ဦးခင်မောင်လင်း (Uniteam Shipping Company)-ဒေါ်ခင်မာလာမြင့်၊ ဦးဇော်လင်းခင် ($2^{nd}$ Officer, M.T.M Shipping Company)တို့၏ မွေးသမိခင်၊ မောင်ဘုန်းလျှံညီ၏အဘွား၊ (ဦးတင်မောင်ခင်)၊ ဒေါ်ဒေါ်ရစ်ခင်၊ ဦးခင်မောင်သန်း၊ (ဦးခင်မောင်ဦး)၊ ဒေါ်ဝင်နီခင်တို့၏အစ်မကြီး ဒေါ်ရင်ရင်ခင်(ခ)မေရီခင်သည် ၁၄-၁၁-၂၀၁၄ (သောကြာနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းနုစိန် (စစ်တွေ)
## အသက် (၆၄)နှစ်

စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်၊ စက်ရုံလမ်းနေ (ဦးခိုင်စိန်ထွန်း)-ဒေါ်ဒါလှတို့၏သမီး၊ (ဦးသားနိုး)၏ဇနီး၊ ကိုအောင်တင်ဦး၊ ကိုအောင်မျိုးထွန်း၊ ကိုအောင်မြင့်ထွန်းတို့၏ မွေးသမိခင် ဒေါ်သိန်းနုစိန်သည် ၁၅-၁၁-၂၀၁၄ (စနေနေ့) နံနက် ၁၀း၄၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [မြောက်ဒဂုံမြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ် (၂၂) နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးမျိုးမြင့် (၆၁)နှစ်
### ရွှေတိုင်ခြင်းရုံဥက္ကဋ္ဌ၊
### ပန်းတဉ်းတန်းအာရုံတော်ဝတ်အသင်း
### (အလုပ်အမှုဆောင်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ တော်ဝင်လမ်း၊ အမှတ် (၉၉)နေ (ဦးတင်ရွှေ-ဒေါ်တင်လှ)တို့၏သား၊ ဦးသန်းညွန့်ဆွေ-(ဒေါ်ကြင်အေး)တို့၏ သားသမက်၊ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကပ္ပတိန် မင်းသူရလွင်-ဒေါ်သန္တာအေး၊ ဦးပြည့်ဖြိုးနိုင်-ဒေါ်နှင်းဝတ်ရည်ဦး(ကမ္ဘောဇဘဏ်)တို့၏ဖခင်၊ ပါမောက္ခဦးခင်မောင်ဦး(ညွှန်မှူး-ငြိမ်း)-ဗိုလ်ကြီးခင်မျိုးစု(ငြိမ်း)၊ ဒေါ်အုန်းကြင် (ဆရာမ၊ ငြိမ်း)၊ ဦးစိုးမြင့်-ဒေါ်ခင်ထားရီ (အောင်မြန်မာစတိုး)တို့၏ ညီ/မောင်/အစ်ကို၊ မောင်ဝေယံဘုန်းလွင်၊ မောင်သုတအောင်တို့၏ အဘိုး၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေးသည် ၁၅-၁၁-၂၀၁၄ (စနေနေ့) နံနက် ၁၀း၀၃ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## မသန်းသန်းလွင်(ခ)မော်ကူး
## အသက် (၄၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း (၂၀)၊ အမှတ် (၁၀၈)၊ ပထမထပ်နေ ဦးထွန်းအောင်-ဒေါ်ခင်ခင်အေးတို့၏ ဒုတိယသမီး၊ (ဦးအောင်ဆန်း)-ဒေါ်ခင်ရီတို့၏ သမီးချွေးမ၊ မခင်မီမီဇော်၊ မအိမ့်အိအိဖြိုးဇော်၊ မောင်ကျော်မင်းထက်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ ဦးဇော်ဦး၏ ချစ်လှစွာသောဇနီး မသန်းသန်းလွင်(ခ)မော်ကူးသည် ၁၅-၁၁-၂၀၁၄ ရက် နံနက် ၈း၂၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မာ တိ ကာ

ထာဝစဉ်အစွန့်ရှည်မည့် အမျိုးသားရေးစိတ်ဓာတ်
စာမျက်နှာ - ၂

အမျိုးသားပညာရေးနှင့် အမျိုးသားနေ့
စာမျက်နှာ - ၆

ဓာတ်အားလိုအပ်ချက် ထပ်မံဖြန့်ဖြူးပေးနိုင်တော့မည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း
စာမျက်နှာ - ၈

ဝမ်းတွင်းမြို့နယ် တောင်ဆည်ကျေးရွာ၌ ရေရရှိရေး ဆောင်ရွက်ပေးစေလို
စာမျက်နှာ - ၁၅




မိတ္ထီလာမြို့နယ် သီးကုန်းယာဉ်ရပ်နားစခန်းမှ စည်းကမ်းမဲ့ရောင်းချနေသော စျေးဆိုင်များ။

# ယာဉ်ရပ်နားစခန်းလုံခြုံ သန့်ရှင်းစေမည့် ရပ်/ကျေးစျေး

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတကာ၏ စိတ်ဝင်စားမှုများ တစ်နေ့တခြား များပြားလာသည်။ သို့ဖြစ်၍ ကမ္ဘာလှည့်ခရီးသွားများမှာလည်း နေ့စဉ်ပိုမိုတိုးတက်ဝင်ရောက်လျက်ရှိပါသည်။ နိုင်ငံအနှံ့အပြားရှိ စိတ်ဝင်စားဖွယ်နေရာများသို့ ကြည့်ရှုလေ့လာရန်၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ၏တစ်ခုတည်းသော ရန်ကုန်-မန္တလေးအမြန် လမ်းမကြီးအား အသုံးပြုမှုသည် နှစ်စဉ်တိုးပွားလျက်ရှိသည်။

ထိုသို့ခရီးသွားများဖြင့် နေ့ညမပြတ်စည်ကားနေသည့် အမြန်လမ်းမကြီးပေါ်တွင် ခရီးသည်များ ခေတ္တအနားယူနိုင်မည့် ယာဉ်ရပ်နားစခန်းများကို အချက်အချာကျရာ လမ်းဆုံလမ်းခွများတွင် စနစ်တကျသန့်ရှင်းသပ်ရပ်စွာဖြင့် ဖွင့်လှစ်ထားသည်။ ယင်းတို့အနက် မြန်မာနိုင်ငံအလယ်ပိုင်း မိတ္ထီလာလွင်ပြင်အနီးရှိ သီးကုန်း

**သတင်းဆောင်းပါး >> သူရဇော်(သတင်းစဉ်)၊ ဓာတ်ပုံ >> ချမ်းသာ(မိတ္ထီလာ)**

ယာဉ်ရပ်နားစခန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး အချက်အချာကျသည့် နေရာတစ်ခုဖြစ်သည့်နည်းတူ နေ့စဉ် ဝင်ရောက်ရပ်နားသည့် မော်တော်ယာဉ်များကြောင့် စခန်းပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ဒေသထွက်ကုန်များနှင့် အစာပြေမုန့်ပဲသရေစာရောင်းချခြင်းဖြင့် သမုဒ္ဒရာဝမ်းတစ်ထွာကို ဖြေရှင်းလျက်ရှိပေသည်။

ထိုကဲ့သို့ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ပျံကျစျေးရောင်းချသူများ၏ ရောင်းဝယ်ဖောက်ကားမှုအဆင်ပြေ စနစ်တကျရှိစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်-မန္တလေး

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

# အကယ်ဒမီတန်းဝင်ဆန်ခါတင်မည့် အကယ်ဒမီပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပထမဆုံးအကြိမ် ကြီးမှူးကျင်းပသော ရုပ်ရှင်ထူးချွန်အကယ်ဒမီဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်တွင် Myanmar Event Park ၌ ကျင်းပမည်ဟု သိရသည်။

တစ်ခေတ် ဆန်းလာတော့မည့် မြန်မာ့ရုပ်ရှင်ဆုပေးပွဲ အခမ်းအနား၏ ကြိုတင်ပြင်ဆင်နေမှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက တစ်ဦးလည်းဖြစ်၊ အကယ်ဒမီဘုတ်အဖွဲ့မှ ဒုဥက္ကဋ္ဌလည်းဖြစ်သူ ဦးနှင်းမိုးက "ဒီနှစ်ထွက်ရုပ်ရှင် ၁၄ ကားလုံးကို ဘုတ်အဖွဲ့ဝင် ၁၇ ယောက်က အကဲဖြတ်ပြီး ပထမအဆင့်အနေနဲ့ရွေးချယ်တယ်။ ဒုတိယအဆင့်အနေနဲ့ ဆန်ခါတင်ခြောက်ကားစာရင်းတက်လာတယ်။ ခြောက်ကားထဲမှာမှ ဇာတ်လမ်း၊ ဇာတ်ညွှန်းကောင်းကွက်တွေကို အဖန်တလဲလဲ ခဏခဏကြည့်ပြီးတော့မှ နောက်ဆုံးရွေးချယ်လိုက်တယ်။ ၁၁ ဆုလို့တော့ သတ်မှတ်ထားတယ်။ အကယ်ဒမီမဖောင်းပွရအောင် တကယ်ပေးသင့်ပေးထိုက်တဲ့ အရည်အချင်းမီတဲ့သူကိုသာ ရွေးချယ်မှာပါ။ ဒီနှစ်ကိုတို့တွေဘက်က ဦးစီးပြီး

**စာမျက်နှာ ၅ ကော်လံ ၃ သို့**

# ချယ်ရီကူးတို့ရေယာဉ်များနှင့် ဆိပ်ခံတံတားများ လွှဲပြောင်းပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ပန်းဆိုးတန်း-ဒလကူးတို့ရေယာဉ်လိုင်းတွင် ဂျပန်နိုင်ငံ JICA မှ လှူဒါန်းသည့် ချယ်ရီကူးတို့ရေယာဉ်သုံးစင်း၊ ဒလမြို့ဆိပ်ကမ်းရှိ ခရီးသည်နားနေဆောင်နှင့် ဆိပ်ခံတံတားနှစ်စင်း လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နန်းသီတာဆိပ်ခံတံတားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တတဲရှိ ဟီဂုချိက "ပြည်တွင်းရေကြောင်း ညွှန်ကြားရေးမှူးချုပ်နဲ့ ဂျပန်နိုင်ငံမှ ညွှန်ကြားရေးမှူးချုပ်တို့ တွေ့ဆုံညှိနှိုင်းပြီး အခုလို ခရီးသည်များပြားလွန်းတဲ့ ရန်ကုန်-ဒလကူးတို့သင်္ဘောလိုင်းမှာ ကူညီထောက်ပံ့ခြင်းဖြစ်ပါတယ်။ ဒါကလည်း နာဂစ်မုန်တိုင်းဒဏ်ခံရပြီးတဲ့ နောက်ပိုင်းမှ ကူညီရတာပါ။ နောက်ပြီး ဂျပန်-မြန်မာချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့တဲ့နှစ် (၆၀)ပြည့်အထိမ်းအမှတ်အဖြစ် ပို့ဆောင်ရေးကဏ္ဍကို ကူညီလှူဒါန်းခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့**



သတင်း-အောင်မင်း(ဒလ)၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)


ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။ မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။



ဒေါ်တင်စန္ဒာဝင်း

ကျွန်မက ဘိုကလေးပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ဆရာမတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မနေ့စဉ်ကျောင်းသို့သွားတဲ့အခါ နေကအရမ်းပူပြီး ကျောင်းအချိန်မီအောင်သွားရတဲ့အတွက် ထီးဆောင်းဖို့ကို မေ့-မေ့နေပါတယ်။ နေလောင်ဒဏ်ကြောင့် ကျွန်မမျက်နှာမှာ နေလောင်ကွက်နဲ့ မှဲ့ခြောက်တွေထွက်လာပါတယ်။ နေလောင်ခံ Cream တွေဘယ်လောက်သုံးသုံး မျက်နှာမှာ သနပ်ခါးမတင်ပါဘူး။ အဆီတွေပြန်လာပြီး ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုမရှိသလို ခံစားရပါတယ်။ ကျွန်မ မေမေက **ရွှေပြည်နန်းရှင်မတောင်သနပ်ခါး** ဘူးလေး ဝယ်လာလို့လိမ်းကြည့်လိုက်တော့ ရနံ့လေးက သင်းပြီး စိတ်ရောကိုယ်ပါ လန်းဆန်းသွားပါတယ်။ ကြာကြာသုံးစွဲကြည့်လိုက်တော့ မျက်နှာမှာ နေလောင်ကွက်တွေနဲ့ မှဲ့ခြောက်တွေမရှိတော့ဘဲ ဖြူပြီးဖွေးလာကာ အဆီမပြန်တော့ဘဲ သနပ်ခါးလည်းတင်လာတာကြောင့် ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုရှိလာခဲ့ပါတယ်။ ရွှေပြည်နန်းကုမ္ပဏီကို ကျေးဇူးအများကြီးတင်ရှိပါတယ်။

ဒေါ်တင်စန္ဒာဝင်း (မူလတန်းပြ)၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်တင်တင်မြင့်(အလယ်တန်းပြ)၊ အမှတ်(၃)၊ စိန်ပန်းလမ်း၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)



themirror.npt@gmail.com
www.facebook.com/themirrordaily